# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မမေ့မလျော့ခြင်း

မမေ့မလျော့ခြင်းသည် နိဗ္ဗာန်၏ အကြောင်းတည်း။ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း။ မမေ့မလျော့ သောသူတို့သည် သေသည် မမည်ကုန်။ မေ့လျော့သော သူတို့ သည် သေသည်မည်ကုန်၏။

အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၁)


၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက် | ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်၊ တနင်္လာနေ့ | အတွဲ (၆၁)၊ အမှတ်(၀၃၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး

## အပေါ်ယံပျက်စီးယိုယွင်းမှုများကို ပြုပြင်မွမ်းမံခြင်းမဟုတ်ဘဲ ရှေးမူလက်ရာများကို မပျက်စီးအောင် ထိန်းသိမ်း၍ ခေတ်နှင့်လျော်ညီသည့် စနစ်များနှင့် ရေရှည်တည်တံ့ကောင်းမွန်စေနိုင်မည့် စနစ်များကို ထည့်သွင်းတွက်ချက်ပြုပြင်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၃၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီအဖွဲ့ဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ✪

# အနုပညာစွမ်းပကားဖြင့် သတင်းစကားပါးကြစေလို

စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတတို့က လူတို့၏စိတ်နှလုံးကို စိုးမိုးချုပ်ကိုင်ခြယ်လှယ်နိုင်သော စွမ်းအင်များ ရှိကြသည်။ ၎င်းတို့သည် မီဒီယာများဖြစ်ကြသည့်အလျောက် ပြည်သူလူထုအတွင်း သတင်းဖြန့်ဝေနိုင်သည့်အစွမ်းလည်း ရှိကြသည်။ နာမည်ကြီးဝတ္ထုထဲမှ ဇာတ်ကောင်၏ စရိုက် လွှမ်းမိုးခြင်းခံရသည့် စာဖတ်ပရိသတ်တို့ ရှိခဲ့ဖူးသလို ဝတ္ထုထဲမှ ဇာတ်လိုက်၏ ကြိုးပမ်းရုန်းကန်မှုကို အတုယူကာ ဘဝတွင် အောင်မြင်မှုရရှိသူများလည်း ရှိခဲ့သည်။ ရုပ်ရှင်ဇာတ်ကားထဲမှ သရုပ်ဆောင်တို့၏ အမူအရာ၊ ဝတ်စားဆင်ယင်ပုံ၊ ပြောပုံဆိုပုံ၊ ဇာတ်ဝင်စကားလုံးများကလည်း လူငယ်လူရွယ်များအတွင်း အချိန်တိုအတွင်း ပျံ့နှံ့သွားတတ်လေ့ရှိသည်။ သဘင်၊ ဂီတ စသည့်အနုပညာတို့သည်လည်း ဤနည်းနှင်နှင်။

မြန်မာ့သမိုင်းကိုပြန်ကြည့်လျှင် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတပညာရှင်တို့သည် ၎င်းတို့၏ခေတ်အလျောက် တာဝန်ကျေပွန်ခဲ့ကြသည်ကို တွေ့ရသည်။ ကိုလိုနီခေတ်တွင် နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေး၊ နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းမှုများ၌ မိမိတို့တတ်စွမ်း၊ ကျွမ်းကျင်ရာအနုပညာနယ်ပယ်မှနေ၍ နိုင်ငံနှင့် လူမျိုးအတွက် ပါဝင်ကြိုးပမ်းခဲ့ကြသည်များကို အထင်အရှားတွေ့ရသည်။ ခေတ်အလျောက် အမျိုးသားရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် အနုပညာရှင်များမှာ သမိုင်းတွင် မှတ်တမ်းတင်ခံကြရပြီး နိုင်ငံ့အရေး၊ အမျိုးသားရေးတာဝန်များကို ရှောင်လွှဲ ဆန့်ကျင်ခဲ့ကြသူများမှာမူ သမိုင်းတွင် မေ့လျော့ခံကြရသည်။ မှိန်ပျောက်သွားခဲ့ကြသည်ကိုလည်း တွေ့ရသည်။

မျက်မှောက်ကာလ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာများနှင့် စပ်လျဉ်း၍ "ယခုအခါ စာပေနှင့်ပတ်သက်၍ ပုံနှိပ်မီဒီယာများ၏ အခန်းကဏ္ဍ ကျဆင်းလာပြီး အွန်လိုင်းမီဒီယာများ၏ အခန်းကဏ္ဍများ စိုးမိုးလာသည်ကို တွေ့ရကြောင်း၊ အလားတူယဉ်ကျေးမှုနှင့် ပတ်သက်၍ ရုပ်ရှင်ကြီးများ၏ အခန်းကဏ္ဍ ကျဆင်းလာသကဲ့သို့ ဂီတနှင့် ပတ်သက်၍လည်း အနောက်နိုင်ငံများ၏ ဂီတများ လွှမ်းခြုံလာသည်ကို သတိပြုမိကြောင်း၊ စာဖတ်မှုများ အားနည်းလာပြီး စာကောင်းပေမွန်များမှရရှိသည့် ကောင်းမွန်သည့်အသိများ နည်းလာခြင်းကြောင့် လူများ၏ တုံ့ပြန်မှုမှာလည်း ပြောင်းလဲလာကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတစ်ခုဖြစ်စေရန်အတွက် ပညာရေးစနစ်ကောင်းမွန်ရန်လိုကြောင်း၊ ပညာတတ်မှသာ အသိပညာ အတတ်ပညာများ ရရှိမည်ဖြစ်သဖြင့် အနုပညာရှင်များအနေဖြင့် မိမိတို့နိုင်ငံ တိုးတက်ရေးအတွက် အဓိကအရေးကြီးသည့် ပညာရေးနှင့် ပတ်သက်၍ ဝိုင်းဝန်းနိုးဆော် တိုက်တွန်းပေးကြစေလိုကြောင်း၊ မိမိတို့နိုင်ငံကို ချစ်သည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ပညာရေးကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း" စသည်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များနှင့် အောက်တိုဘာ ၃၁ ရက်က တွေ့ဆုံပြီး စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတပိုင်းဆိုင်ရာကဏ္ဍများမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယခုအခါ အိုင်တီအပါအဝင် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတဆိုင်ရာကဏ္ဍတို့တွင်လည်း ပြောင်းလဲရိုက်ခတ်မှုများ ဖြစ်ပေါ်လာသည်။ အထူးသဖြင့် လူငယ်များမှာ အသစ်အဆန်းများပေါ်တွင် ပိုမို၍ အာရုံတိမ်းညွတ်သည့် သဘာဝရှိကြသည့်အတွက် လျင်မြန်စွာပြောင်းလဲတိုးတက်နေသည့် နည်းပညာများနှင့် ပစ္စည်းများနောက်သို့ လိုက်ပါနေကြခြင်းဖြစ်ရာ ယင်းသဘာဝကို နားလည်ပေးရန် လိုအပ်ပြီး ၎င်းတို့လက်ခံသည့်၊ စိတ်ဝင်စားသည့် နည်းပညာနယ်ပယ်မှတစ်ဆင့်ပင် လူငယ်များထံ သတင်းစကားပါးနိုင်ရန် လိုအပ်သည်။ ပညာသင်သည့် ကျောင်းသားအရွယ်တွင် ပညာကိုကောင်းစွာသင်ကြားတတ်မြောက်ပြီးမှသာ ဘဝတစ်သက်တာကို ပိုမို၍ လွယ်ကူချောမွေ့စွာ ဖြတ်သန်းနိုင်ကြမည်ကို လူငယ်များနှလုံးသားမှ သိနားလည် လက်ခံလာစေရေးအတွက် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတပညာရှင်များက အနုပညာစွမ်းပကားဖြင့် ကြိုးပမ်းစွမ်းဆောင်နိုင်ကြပါစေကြောင်း။ ။

## ဝိဇ္ဇာ၊ သိပ္ပံ အထူးပြုဘာသာရပ်များဖြင့် ၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရန်ကျန်ရှိသည့် အဝေးသင် ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်မှတ်ပုံတင်ရန် ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ကြေညာချက်**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်အသီးသီး၏ အဝေးသင် ဌာနခွဲများတွင် ဝိဇ္ဇာ၊ သိပ္ပံ အထူးပြုဘာသာရပ်များဖြင့် ၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရန်ကျန်ရှိသည့် အဝေးသင် ကျောင်းသား၊ ကျောင်းသူများသည် အောက်ပါအတိုင်း ကျောင်းအပ်မှတ်ပုံတင်ရန် ကြေညာအပ်ပါသည် -

**ပညာသင်နှစ်** - ၂၀၂၀ ပညာသင်နှစ်
**မှတ်ပုံတင်လက်ခံမည့်နေ့ရက်** - (၁-၁၁-၂၀၂၁) ရက်နေ့မှ (၉-၁၁-၂၀၂၁) ရက်နေ့အထိ (စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များအပါအဝင်)
**သင်တန်းနှစ်များ** - ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်နှင့် ပဉ္စမနှစ်
**အဝေးသင်ဌာနခွဲများ** - မြစ်ကြီးနားတက္ကသိုလ်၊ ဗန်းမော်တက္ကသိုလ်၊ မိုးညှင်းတက္ကသိုလ်၊ လှိုင်ကော်တက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ ပခုက္ကူတက္ကသိုလ်၊ ဟားခါးတက္ကသိုလ်၊ မုံရွာတက္ကသိုလ်၊ ကလေးတက္ကသိုလ်၊ ရွှေဘိုတက္ကသိုလ်၊ စစ်ကိုင်းတက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ ပဲခူးတက္ကသိုလ်၊ မကွေးတက္ကသိုလ်၊ ရေနံချောင်းတက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်၊ မြင်းခြံတက္ကသိုလ်၊ မန္တလာတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ တောင်ကုတ်တက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ တောင်ကြီးတက္ကသိုလ်၊ ပင်လုံတက္ကသိုလ်၊ လားရှိုးတက္ကသိုလ်၊ ကျိုင်းတုံတက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ ဟင်္သာတတက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်

အဆင့်မြင့်ပညာဦးစီးဌာန၊ နေပြည်တော်

## ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၃၁

ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၄၆ ဦးနှင့် အမျိုးသမီး ၅၉ ဦး စုစုပေါင်း ၁၀၅ ဦးတို့ကို လက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ တပ်မတော်ဆေးရုံနှင့် ကျိုင်းတုံတက္ကသိုလ်တို့ရှိ Center များသို့ ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ အဆိုပါ Center များရှိ ကျန်းမာရေးဝန်ထမ်းများနှင့် ကိုဗစ်-၁၉ အတည်ပြုလူနာများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၃၁-၁၀-၂၀၂၁) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Anti thrombosis** | | | | |
| 1 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| **Symptomatic** | | | | |
| 2 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 3 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 4 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 5 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| **Supportive** | | | | |
| 6 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 7 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 8 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 9 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 10 | Injection Pantocid | 1g/Vial | 1500 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေး

“အတိတ်ကိုမသိလျှင် ထပ်ကျော့အမှားတွေ ကျူးလွန်နိုင်သည်။ ထို့အတူ အတိတ်ကို အစွဲသန်လွန်းလျှင်လည်း အနာဂတ်လမ်းပျောက်နိုင်သည်” ဆိုသည့်စကားရပ်အား သတိချပ်စေလိုသည်။ နိုင်ငံတော်အစိုးရသည် ကျရောက်မည့် စိန်ရတု ပြည်ထောင်စုနေ့၊ စိန်ရတုလွတ်လပ်ရေးနေ့မတိုင်မီ၌ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေးလုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် များအား ပိုမိုတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

**(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက လိုဏ်ဂူတော်ကြီး၏ သမိုင်းအကျဉ်း၊ နှစ်ကာလကြာမြင့်လာပြီဖြစ်သဖြင့် ပျက်စီးယိုယွင်းလာသည့် အခြေအနေများနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

*ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်အား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်အောင်နှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ ညွှန်ကြားရေးမှူး ဦးကိုကိုအေး တို့က လိုဏ်ဂူတော်ကြီး၏ သမိုင်းအကျဉ်း၊ နှစ်ကာလကြာမြင့်လာပြီဖြစ်သဖြင့် ပျက်စီးယိုယွင်းလာသည့် အခြေအနေများနှင့် ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**အသေးစိတ်စဉ်းစား**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က လိုဏ်ဂူတော်ကြီးသည် ဘာသာရေးအရ အထွတ်အမြတ်ထားသည့် နေရာတစ်ခုဖြစ်သကဲ့သို့ သမိုင်းဝင် အဆောက်အဦ တစ်ခုဖြစ်သဖြင့် ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း လုပ်ငန်းများကို စနစ်တကျသုတေသန ပြုလုပ်ဆောင်ရွက်ကြရန် လိုကြောင်း၊ အပေါ်ယံ ပျက်စီးယိုယွင်းမှုများကို ပြုပြင်မွမ်းမံခြင်း မဟုတ်ဘဲ ရှေးမူလက်ရာများကို မပျက်စီးအောင် ထိန်းသိမ်း၍ ခေတ်နှင့်လျော်ညီသည့် စနစ်များနှင့် ရေရှည်တည်တံ့ ကောင်းမွန်စေနိုင်မည့် စနစ်များကို ထည့်သွင်းတွက်ချက် ပြုပြင်ဆောင်ရွက်ရန်လိုပြီး ပြုပြင်မွမ်းမံမည့် ဒီဇိုင်းများနှင့် အသုံးပြုမည့် ပစ္စည်းများကို အသေးစိတ်စဉ်းစား တွက်ချက်ဆောင်ရွက်ကြရန် လိုကြောင်း၊ ပြုပြင်မှုများကိုလည်း မှတ်တမ်းများ စနစ်တကျထားရှိရန်လိုကြောင်း၊ ရေစိမ့်ဝင်ခြင်းသည် အဆောက်အဦများကို အဓိကပျက်စီးစေနိုင်သောကြောင့် ရေယိုစိမ့်မှုများ မဖြစ်ပေါ်စေရေးနှင့် မလိုအပ်သည့် အပင်များရှင်းလင်းရေးအတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ နှစ်ပေါင်းများစွာ တည်တံ့စေနိုင်သည့် အဆောက်အဦဖြစ်စေရေး စနစ်တကျ ထိန်းသိမ်း ပြုပြင်ကြရန်လိုကြောင်း၊ ပြုပြင်မှုများဆောင်ရွက်ရာတွင် ငွေကြေးနှင့် အချိန်ထက် ရေရှည်တည်တံ့စေရေး အပိုင်းလိုက်ခွဲ၍ စနစ်တကျဖြင့် Fully Renovation ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ အခြားဘာသာဝင်များ၏ အထင်ကရ သမိုင်းဝင် အဆောက်အဦများကိုလည်း ပြုပြင်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း မှာကြားသည်။

**ဖူးမြော်ကြည်ညို**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်သည် လိုဏ်ဂူတော်ကြီးရှိ ပျက်စီးယိုယွင်းနေမှု အခြေအနေများအား လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ်လိုအပ်သည်များ လမ်းညွှန်မှာကြား၍ လိုဏ်ဂူတော်ကြီး၏ အပေါ်ဆုံးထပ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

**စနစ်တကျပြုပြင်မွမ်းမံ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်သည် ဟံသာသီရိကုန်းတော်ရှိ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် ဆရာတော်ကြီးများ လာရောက်စဉ် ခေတ္တသီတင်းသုံးသည့် အဆောင်များအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေး၍ စနစ်တကျ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း များဆောင်ရွက်ရန်အတွက် လမ်းညွှန်မှာကြားသည်။

**၆၇ နှစ် ရှိပြီဖြစ်**

အဆိုပါ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးသည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေပေါ်တွင် တည်ရှိပြီး ၁၉၅၃ ခုနှစ်တွင် ပန္နက်တော်တင် အုတ်မြစ်တော် စီခဲ့ကြောင်း၊ ဆောက်လုပ်ရေး အရာရှိနှင့် လုပ်သားပေါင်း ၁၄၈၆ ဦးနှင့် လုပ်အားပေး ကုသိုလ်ရှင်ပေါင်း ၃၃ သိန်းကျော်တို့ဖြင့် ဆောက်လုပ်ခဲ့ရာ ရက်ပေါင်း ၃၉၆ ရက်ကြာမြင့်ခဲ့ပြီး ၁၉၅၄ ခုနှစ် မေ ၁၀ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ လိုဏ်ဂူတော်ကြီးတွင် အကျယ် ၁၂ ပေရှိ ဝင်ပေါက်ခြောက်ခု၊ အတွင်းခန်းမကြီးသည် အလျားပေ ၂၂၀ ၊ အနံပေ ၁၄၀ အကျယ်ရှိပြီး ဆဋ္ဌသင်္ဂါယနာတင်ကို ရည်ညွှန်းသည့် အမြင့် ၅၅ ပေရှိ တိုင်ကြီး ခြောက်တိုင်ဖြင့် လိုဏ်ဂူတော်ကြီး၏ အမိုးကို ထောက်မထားကြောင်း၊ လိုဏ်ဂူတော်ကြီးအတွင်း သမိုင်းဝင် ဆဋ္ဌသင်္ဂါယနာတင်ခြင်းကို ထေရဝါဒဗုဒ္ဓဘာသာ ငါးနိုင်ငံမှ သံဃာတော်အပါး ၂၅၀၀ ဖြင့် ၁၉၅၄ ခုနှစ် မေလ ၁၇ ရက်မှ ၁၉၅၆ ခုနှစ် မေလ ၂၂ ရက်အထိ ၂ နှစ်နှင့် ၅ ရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အခြားသော ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သည့် အခမ်းအနားကြီးများကိုလည်း ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ယခုအခါ လိုဏ်ဂူတော်ကြီး၏ သက်တမ်းမှာ ၆၇ နှစ်ရှိပြီဖြစ်ပြီး ယိုယွင်းပျက်စီးမှုများဖြစ်ပေါ်လာသဖြင့် အကြီးစား ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်လျက်ရှိရာ ၅၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မဟာဂန္ဓဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိသည့် ဘဒ္ဒန္တသောမာစာရ ဆရာတော်ကြီးအား ထပ်ဆင့်ဂုဏ်ပြုပူဇော်

**ရသေ့တောင် အောက်တိုဘာ ၃၁**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့၌ နိုင်ငံတော်မှဆက်ကပ်သည့် သာသနာတော်ဆိုင်ရာ မဟာဂန္ဓဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိသည့် သိရီသောမာရုံကျောင်းတိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ သောမာစာရ ဆရာတော်ကြီးအား ထပ်ဆင့်ဂုဏ်ပြုပူဇော်သည့် ဂုဏဝိသိဋ္ဌပူဇာပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်လင်းထက်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ကျောင်းအလှူရှင်များက နိုင်ငံတော်မှ ဆက်ကပ်သည့် သာသနာတော်ဆိုင်ရာ မဟာဂန္ဓဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် ထပ်ဆင့်ဂုဏ်ပြုလွှာ၊ ဘွဲ့တံဆိပ်တုံးအား ဆက်ကပ်ပြီး အလှူရှင်များက သံဃာတော် အရှင်သူမြတ်များအား နဝကမ္မအလှူငွေများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရသေ့တောင်မြို့ သိရီသောမာရုံကျောင်းတိုက် အပူဇော်ခံဆရာတော်ကြီး ဘဒ္ဒန္တသောမာစာရထံမှ အနုမောဒနာ တရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးကြောင်း သိရသည်။

**အောင်စံထွန်း(ပြန်/ဆက်)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတကဏ္ဍအသီးသီးမှ အနုပညာရှင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ ကဏ္ဍအသီးသီးမှ အနုပညာရှင်များနှင့် တွေ့ဆုံ

## မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ပြည်သူလူထုအတွက် အကျိုးရှိစေနိုင်သည့် လုပ်ငန်းရပ်များဖြစ်ရန်လိုပြီး နိုင်ငံအား ထိခိုက်မှုဖြစ်စေနိုင်သည့် လှုံ့ဆော်မှုမျိုးမဖြစ်ရန်လို

**နေပြည်တော် အောက်တိုဘာ ၃၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ညှော်ခန်းမဆောင်တွင် တွေ့ဆုံပြီး စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတပိုင်းဆိုင်ရာ ကဏ္ဍများမှတစ်ဆင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

### တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်အတူ ကောင်စီအဖွဲ့ဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန်၊ မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးသန့်တင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယကနှင့် ယာယီဦးစီးကော်မတီဥက္ကဋ္ဌ အကယ်ဒမီ ဒါရိုက်တာ စည်သူဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ဗဟိုသဘင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးစိန်မြအောင်၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ယာယီအမှုဆောင်အဖွဲ့ နာယက ဦးမောင်မောင်လတ်တို့နှင့် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတရပ်ဝန်းမှ နိုင်ငံကျော် အနုပညာရှင်၊ အတတ်ပညာရှင်များ တက်ရောက်ကြသည်။

### လှုံ့ဆော်တိုက်တွန်းဆောင်ရွက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် အဖွဲ့အစည်းများသည် သမိုင်းကြောင်းရှိသည့် အဖွဲ့အစည်းများဖြစ်ကြောင်း၊ မိမိတို့သည် အမွေဆက်ခံသည့် သူများဖြစ်ကြကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံ သဘင်ပညာရှင်များကိုယ်စား မြန်မာနိုင်ငံသဘင်အစည်းအရုံး အမှုဆောင် ဦးဌေးလွင်နှင့်တာဝန်ရှိသူတစ်ဦးအား ရန်ပုံငွေကျပ်သိန်းတစ်ထောင် ပေးအပ်စဉ်။

ကာလတစ်လျှောက်တွင် စာပေနှင့် ပတ်သက်သည့် ပုဂ္ဂိုလ်များနှင့် အနုပညာနှင့်ပတ်သက်သည့် ပုဂ္ဂိုလ်များက လွတ်လပ်ရေးရရှိအောင် ဆောင်ရွက်ရာ၌ လှုံ့ဆော်မှုများတွင် နိုင်ငံရေးအရ ပါဝင်ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ လွတ်လပ်ရေး ရရှိပြီးချိန် နောက်ပိုင်း တိုင်းပြည်ငြိမ်းချမ်းရေးအတွက် လှုံ့ဆော်တိုက်တွန်းဆောင်ရွက်ပေးခဲ့မှုများရှိကြောင်း၊ မိမိတို့နိုင်ငံ၏ ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက် ပြောင်းလဲခဲ့ချိန်တွင်လည်း စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အဖွဲ့အစည်းများ အားလုံးသည် ကဏ္ဍအသီးသီးမှ ပါဝင်ခဲ့ကြကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် နိုင်ငံရေးအရပါဝင် ဆောင်ရွက်ခဲ့ကြသကဲ့သို့ လွတ်လပ်ရေး ရရှိပြီးချိန် နောက်ပိုင်းတွင်လည်း နိုင်ငံတိုးတက်ရေးအတွက် အစိုးရ၏ မူဝါဒများအပေါ် မူတည်၍ လှုပ်ရှားဆောင်ရွက်ခဲ့ကြကြောင်း၊ အနုပညာရှင်များအားလုံးသည် ပြည်သူများအားလုံး၏ Motivation စိတ်ခံစားမှုများကို တက်ကြွအောင် ဆောင်ရွက်ပေးပြီး ခေတ်ရေစီးကြောင်းတွင် ပါဝင်လာအောင် ဆောင်ရွက်ပေးရသည့် အဖွဲ့အစည်းများဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် ပြည်သူလူထုကို ဖျော်ဖြေရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကိုထိန်းသိမ်း၍ နိုင်ငံ၏ ရေစီးကြောင်းပေါ်တွင်ပါလာအောင် ဆောင်ရွက်ခဲ့ကြကြောင်း။

### ခေတ်၏လိုအပ်ချက်များအတိုင်း ဆောင်ရွက်

အနုပညာရှင် (ဝါဂီနစ်) များသည် နိုင်ငံ၏ အကျိုးကို ဆောင်ရွက်ခဲ့ကြသူများဖြစ်ပြီး သမိုင်းမှတ်တမ်းများအရလည်း နိုင်ငံ့အကျိုးကို ဆောင်ရွက်ခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်ကာ ခေတ်၏လိုအပ်ချက်များအတိုင်း ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ကြောင်း၊ ရုပ်ရှင် အစည်းအရုံးတွင် “ရုပ်ရှင်သည် ပြည်သူ့အတွက်”၊ ဂီတအစည်းအရုံးတွင် “ဂီတ စွမ်းအားပြည်ထွန်းကား”၊ စာနယ်ဇင်းကောင်စီတွင် “စာပေမြင့်မှ လူမျိုးတင့်မည်”၊ သဘင်အစည်းအရုံးတွင် “အမျိုးသားရေးအတွက် သဘင်၊ နိုင်ငံဆည်းလည်းသဘင်၊ ပြည်သူ့အသဲစွဲ သဘင်” ဟူ၍ ဆောင်ပုဒ်များရှိပြီး အဆိုပါဆောင်ပုဒ်များအရ အားလုံးမှာ တိုင်းပြည်အတွက် ဆောင်ရွက်သည့် ရည်ရွယ်ချက်များပင်ဖြစ်ကြောင်း၊ ယခုအခါ စာပေနှင့် ပတ်သက်၍ ပုံနှိပ်မီဒီယာများ၏ အခန်းကဏ္ဍ ကျဆင်းလာပြီး အွန်လိုင်းမီဒီယာများ၏ အခန်းကဏ္ဍများ စိုးမိုးလာသည်ကိုတွေ့ရကြောင်း၊ အလားတူ ယဉ်ကျေးမှုနှင့် ပတ်သက်၍ ရုပ်ရှင်ကြီးများ၏ အခန်းကဏ္ဍကျဆင်းလာသကဲ့သို့ ဂီတနှင့် ပတ်သက်၍လည်း အနောက်နိုင်ငံများ၏ ဂီတများ လွှမ်းခြုံလာသည်ကို သတိပြုမိကြောင်း၊ စာဖတ်မှုများ အားနည်းလာပြီး စာကောင်းပေမွန်များမှရရှိသည့် ကောင်းမွန်သည့် အသိများနည်းလာခြင်းကြောင့် လူများ၏ တုံ့ပြန်မှုမှာလည်း ပြောင်းလဲလာကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတစ်ခု ဖြစ်စေရန်အတွက် ပညာရေးစနစ် ကောင်းမွန်ရန်လိုကြောင်း၊ ပညာတတ်မှသာ အသိပညာ အတတ်ပညာများ ရရှိမည်ဖြစ်သဖြင့် အနုပညာရှင်များအနေဖြင့် မိမိတို့နိုင်ငံတိုးတက်ရေးအတွက် အဓိကအရေးကြီးသည့် ပညာရေးနှင့် ပတ်သက်၍ ဝိုင်းဝန်းနှိုးဆော် တိုက်တွန်းပေးကြစေလိုကြောင်း၊ မိမိတို့နိုင်ငံကို ချစ်သည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ပညာရေးကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားချိန်တွင် မိမိတို့နိုင်ငံ၏ အဓိကအခက်အခဲမှာ ပစ္စည်းများ စုံလင်မှုမရှိခြင်းနှင့် ဆေးဝါးပစ္စည်းများ စုံလင်မှုမရှိခြင်း၊ လူသားအရင်းအမြစ် နည်းပါးခြင်းတို့ကြောင့် အကျပ်အတည်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံသည် လှူတန်းလိုစိတ်ရှိသူများ ပေါများခြင်းတို့ကြောင့် အခက်အခဲဖြစ်ပေါ်ချိန်တွင် အားလုံး ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသကဲ့သို့ မိတ်ဆွေနိုင်ငံများမှလည်း ကူညီခဲ့ကြမှုများရှိခဲ့ကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ ကျဆင်းသွားပြီဖြစ်ကြောင်း၊ ကျန်ရှိသည့် ရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်လျက်ရှိသည့် ဒေသများတွင်လည်း ကူးစက်မှုနှုန်း ကျဆင်းရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်ကြောင့် တုံ့ဆိုင်းခဲ့ရသည့် နိုင်ငံ့ယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေးအတွက်လည်း အနုပညာရှင်များအနေဖြင့် ဝိုင်းဝန်းကူညီပါဝင် ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် တပ်မတော်မှ ပေးအပ်ထားသည့် ကတိအတိုင်း ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များ ချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ရှေ့လုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်ပြီးချိန်တွင် မိမိတို့နိုင်ငံ၏ လမ်းကြောင်းအား ပြန်လည်တည့်မတ်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းသည် ပြည်သူများက ရွေးချယ်ဆောင်ရွက်ထားသည့် နိုင်ငံရေးလမ်းကြောင်းဖြစ်သဖြင့် စည်းကမ်းရှိသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းပြည်တည်ဆောက်ရေး လုပ်ငန်းများဖြစ်သည့် State Building၊ Nation Building များ တည်ဆောက်ရာတွင် အနုပညာရှင်များ၏ အခန်းကဏ္ဍမှာ အရေးကြီးကြောင်း၊ စာပေမှ တိုက်တွန်းချက်များ၊ လုပ်ဆောင်ချက်များ များစွာဆောင်ရွက်၍ရကြောင်း၊ စာဖတ်ခြင်းမှသိရှိရသည့် အသိပညာများမှ ဖြန့်ဝေခံစား ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အလားတူ ဂီတကဏ္ဍသည်လည်း လူတစ်ဦး ကလေးငယ်မှစ၍ သားချော့တေးမှစတင်ပြီး ကလေးငယ်၏ စိတ်ကို ဂီတဖြင့် ပြုပြင်သွားခြင်းပင်ဖြစ်ကြောင်း၊ ဂီတသည် လူများ၏ Mind Set ကို ပြုပြင်ပေးနိုင်သကဲ့သို့ နိုင်ငံကို ဖျက်ဆီးနိုင်မှုများလည်းရှိကြောင်း၊ ရုပ်ရှင်ကဏ္ဍသည်လည်း လူများ၏ စိတ်ကိုပြောင်းလဲနိုင်ကြောင်း၊ သဘင်ကဏ္ဍသည် ယဉ်ကျေးမှုနှင့်ပတ်သက်၍ ထိန်းသိမ်းပေးသည့် ပညာရပ်ဖြစ်သဖြင့် အရေးကြီးကြောင်း၊ ထို့ကြောင့် အနုပညာအဖွဲ့အစည်းများသည် နိုင်ငံအတွက် အရေးပါသည့် အဖွဲ့အစည်းများပင်ဖြစ်ကြောင်း။

**စည်းမျဉ်းစည်းကမ်းများကို လိုက်နာ**

ဖြစ်ပေါ်ခဲ့သည့် အခြေအနေများတွင် အချို့အနေဖြင့် စိတ်ခံစားမှုနှင့် လှုံ့ဆော်မှုများကြောင့် မှားယွင်းမှုများ ရှိခဲ့သော်လည်း မိမိအနေဖြင့် ခွင့်လွှတ်ပေးပြီး အရေးယူထားသူများအား ပြန်လွှတ်ပေးခဲ့ကြောင်း၊ အနုပညာနှင့်ပတ်သက်၍ ဆောင်ရွက်နေချိန်တွင် မိမိကိုယ်တိုင်ကောင်းရန်နှင့် ပတ်ဝန်းကျင်ကောင်းရန်အတွက် ရည်ရွယ်ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံကောင်းစေရန်အတွက် အနုပညာရှင်များအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြစေ လိုကြောင်း၊ မိမိတို့ ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ပြည်သူလူထုအတွက် အကျိုးရှိစေနိုင်သည့် လုပ်ငန်းရပ်များဖြစ်ရန်လိုပြီး နိုင်ငံအား ထိခိုက်မှုဖြစ်စေနိုင်သည့် လှုံ့ဆော်မှုမျိုးမဖြစ်ရန်လိုကြောင်း၊ မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရန်လိုကြောင်း။

**ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်**

ကိုဗစ်-၁၉ ရောဂါကြောင့် နိုင်ငံ၏ ယန္တရားများ ရပ်တန့်ခဲ့ရပြီး ပြန်လည်ဆောင်ရွက်ချိန်တွင် အနုပညာအဖွဲ့အစည်းများအားလုံး ညီညီညွတ်ညွတ်ဖြင့် ပါဝင်ဆောင်ရွက်စေလိုကြောင်း၊ နိုင်ငံအတွင်းရှိ အဖွဲ့အစည်းများအားလုံး ညီညီညွတ်ညွတ်ရှိပါက အားလုံးကို ရင်ဆိုင်ဖြတ်ကျော်နိုင်ကြောင်း၊ ၂၀၁၈ ခုနှစ်မှစတင်၍ ကျဆင်းခဲ့သည့်နိုင်ငံ၏ စီးပွားရေး ပြန်လည် ဦးမော့လာစေရန်အတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေး နိုင်ငံတစ်ခုဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များအား ပြည်ပသို့ တင်ပို့ရောင်းချနိုင်ကြောင်း၊ ပညာရေးမြှင့်မှုများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိရိုးဖလာမှဖောက်ထွက်၍ ဆောင်ရွက်နိုင်မည်ဆိုပါက အခြေခံကောင်းများရှိသည့် မိမိတို့နိုင်ငံသည် လေးငါးနှစ်အတွင်း အာဆီယံနိုင်ငံများထဲ၌ အလယ်အလတ်အဆင့်သို့ ရောက်ရှိနိုင်သကဲ့သို့ ၁၀ နှစ်ခန့်အတွင်း ထိပ်တန်းနိုင်ငံအဆင့်သို့ ရောက်ရှိနိုင်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်နိုင်ရန်အတွက် အရေးအကြီးဆုံးလိုအပ်ချက်မှာ ပြည်တွင်းရှိ အဖွဲ့အစည်းအားလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ နိုင်ငံတကာနှင့် ဆက်ဆံရေးတွင်လည်း လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံတိုးတက်မည်ဖြစ်ကြောင်း၊ နိုဝင်ဘာ ၁ ရက်မှစ၍ နိုင်ငံအတွင်းရှိ လုပ်ငန်းများအားလုံးပြန်လည် လည်ပတ်နိုင်ရေးခွင့်ပြုပေးပြီးဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ကိုဗစ်-၁၉ စည်းကမ်းချက်များကိုလည်း လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ပြည်သူများ စည်းကမ်းလိုက်နာစေရေး၊ နိုင်ငံနှင့် ပြည်သူအတွက်အကျိုးရှိမည့် လုပ်ငန်းရပ်များတွင် ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ အလားတူ မိမိတို့နိုင်ငံ၏ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရေး ထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရပ်ဝန်းအသီးသီးအတွက် ရန်ပုံငွေ ကျပ်သိန်း ၄၀၀၀၊ ဆန်အိတ် ၁၀၀ ၊ ဆီပိဿာ ၅၀၀ နှင့် ပဲပိဿာ ၃၀၀ တို့အား ပေးအပ်ရာ စာပေနှင့်စာနယ်ဇင်းကဏ္ဍမှ စာပေပညာရှင်များကိုယ်စား မြန်မာနိုင်ငံ စာရေးဆရာအသင်း အတွင်းရေးမှူး ဦးညွန့်တင်၊ တွဲဖက်အတွင်းရေးမှူး ဦးမျိုးထွန်း (မောင်စိမ်းနောင် (လယ်ဝေး)) တို့ကလည်းကောင်း၊ မြန်မာနိုင်ငံရုပ်ရှင်ကဏ္ဍမှ အနုပညာရှင်များကိုယ်စား မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေး၊ အတွင်းရေးမှူး ဦးဇော်မြင့်ဦးတို့ကလည်းကောင်း၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များကိုယ်စား မြန်မာနိုင်ငံသဘင်အစည်းအရုံး အမှုဆောင် ဦးငွေးလွင်နှင့် တာဝန်ရှိသူတစ်ဦးကလည်းကောင်း၊ မြန်မာနိုင်ငံ ဂီတပညာရှင်များကိုယ်စား မြန်မာနိုင်ငံဂီတ အစည်းအရုံး (ဗဟို) မှ ယာယီအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် တာဝန်ရှိသူတစ်ဦးတို့ကလည်းကောင်း လက်ခံရယူကြသည်။

ယင်းနောက် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ ကဏ္ဍအသီးသီးမှ အနုပညာရှင်များ ကိုယ်စား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယကနှင့် ယာယီဦးစီးကော်မတီဥက္ကဋ္ဌ အကယ်ဒမီ ဒါရိုက်တာ စည်သူဦးကြည်စိုးထွန်းက ကျေးဇူးတင်စကားပြောကြားရာတွင် ယခု ကဲ့သို့ အနုပညာရပ်ဝန်းအသီးသီးမှ အနုပညာရှင်များအား တွေ့ဆုံ၍ စားသောက်ဖွယ်ရာများနှင့် ရန်ပုံငွေများ ပေးအပ်သည့်အတွက် နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်ခဲ့မှုကြောင့် မိမိတို့ အနုပညာရပ်ဝန်းအသီးသီးတွင် အခက်အခဲများ များစွာဖြစ်ပေါ်ခဲ့ရကြောင်း၊ မိမိတို့ အနုပညာရှင်များအနေဖြင့် မိမိတို့တတ်မြောက်ထားသည့် အနုပညာပညာရပ်များဖြင့် တိုင်းပြည်အတွက် ကောင်းရာကောင်းကျိုးများကို တတ်စွမ်းသရွေ့ ဆက်လက်သယ်ပိုးထမ်းရွက်သွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ ရပ်ဝန်းအသီးသီးမှ နိုင်ငံကျော်အနုပညာရှင်၊ အတတ်ပညာရှင်များအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်း ဧည့်ခံခဲ့ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်လာကြသည့် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ ရပ်ဝန်းအသီးသီးမှ နိုင်ငံကျော်အနုပညာရှင်၊ အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

- **မိမိတို့အနေဖြင့် တပ်မတော်မှ ပေးအပ်ထားသည့် ကတိအတိုင်း ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များ ချမှတ်၍ ဆောင်ရွက်လျက်ရှိ**
- **ရှေ့လုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်ပြီးချိန်တွင် မိမိတို့နိုင်ငံ၏ လမ်းကြောင်းအား ပြန်လည်တည့်မတ်အောင် ဆောင်ရွက်ပေးမည်**
- **ပါတီစုံဒီမိုကရေစီလမ်းကြောင်းသည် ပြည်သူများက ရွေးချယ်ဆောင်ရွက်ထားသည့် နိုင်ငံရေးလမ်းကြောင်းဖြစ်သဖြင့် စည်းကမ်းရှိသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်သွားမည်**

# မော်တော်ယာဉ်များ ထုတ်လုပ်ရာတွင် ယခုထက် ပိုမိုကောင်းမွန်ပြီး နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသည့် နည်းပညာမြင့်ကားများ ထုတ်လုပ်နိုင်ရေး ဆက်လက်သုတေသနပြုဆောင်ရွက်သွားရန်လို

နေပြည်တော် အောက်တိုဘာ ၃၁

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီအဖွဲ့ဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများလိုက်ပါ၍ မရမ်းကုန်းမြို့နယ်ရှိ တပ်မတော်အကြီးစားစက်ရုံလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းနှင့် ဗိုလ်ချုပ် ကိုကိုလွင်တို့က စက်ရုံသမိုင်းအကျဉ်း၊ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ မော်တော်ယာဉ်များနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် သုတေသနလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ စက်ရုံအဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဆက်လက်သုတေသနပြု**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆီသယ်ယာဉ်၊ ရေသယ်ယာဉ်၊ အမှိုက်သိမ်းယာဉ်၊ ဆေးဖျန်းယာဉ်နှင့် မီးသတ်ယာဉ်များသည် တပ်မတော်အတွက် သာမက မိမိတို့နိုင်ငံတွင် လိုအပ်လျက်ရှိသည့် မြို့ပြစည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းများနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများတွင်လည်း အသုံးပြုနိုင်သည် ဖြစ်သည့်အတွက် အရည်အသွေးပြည့်မီစွာဖြင့် အရေအတွက်များများ ထုတ်လုပ်နိုင်ရေး ဆက်လက် ဆောင်ရွက်သွားရန်လိုကြောင်း၊ အဆိုပါမော်တော်ယာဉ်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ပို့ဆောင်ဖြန့်ဖြူးပေးသွားရန် လိုကြောင်း၊ မော်တော်ယာဉ်များ ထုတ်လုပ်ရာတွင် ယခုထက် ပိုမိုကောင်းမွန်ပြီး နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသည့် နည်းပညာမြင့်ကားများ ထုတ်လုပ်နိုင်ရေး အတွက်လည်း ဆက်လက်သုတေသနပြု ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မရမ်းကုန်းမြို့နယ်ရှိ တပ်မတော်အကြီးစားစက်ရုံ လုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးစဉ်။

**ချီးမြှင့်ငွေများ ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများအား ခေတ်မီစက်ကိရိယာများနှင့် နည်းပညာများ အသုံးပြု၍ထုတ်လုပ်လျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံမှထုတ်လုပ်ထားရှိသည့် မီးသတ်ယာဉ်၊ ရေသယ်ယာဉ်၊ ဆေးဖျန်းယာဉ်နှင့် ဆီသယ်ယာဉ်များအား ကြည့်ရှုစစ်ဆေးကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မရမ်းကုန်းမြို့နယ်ရှိ တပ်မတော်အကြီးစားစက်ရုံမှ ထုတ်လုပ်သည့်မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။

အဆိုပါတပ်မတော်အကြီးစားစက်ရုံမှ ဂါလန် ၂၀၀၀ နှင့် ၂၂၀၀ ဆံ့ မီးသတ်ယာဉ်၊ ရေသယ်ယာဉ်နှင့် ဆီသယ်ယာဉ်များ၊ အမှိုက်သိမ်းယာဉ်၊ ဆေးဖျန်းယာဉ်နှင့် မော်တော်ယာဉ် ဆက်စပ်ပစ္စည်းများဖြစ်သည့် Jeep Frame နှင့် Bolts & Nuts များအား ထုတ်လုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေး၊ ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၃၁**

တပ်မတော် (ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ ပတ္တမြားကျောင်းတိုက် ရွှေတောင်ကုန်းသာသနာ့ ရိပ်သာကျောင်းတိုက်နှင့် သာသနာ့ရိပ်သာမြို့ဦးကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အင်းတန်ကျေးရွာရှိ မဟာရတနာလေထီးတပ်ဦးကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဓာတုဝိဇ္ဇာဝိပဿနာကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများ၊ အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၃၁**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# စက်မှုဝန်ကြီးဌာနရှိ အထည်စက်ရုံများအတွက် ဝါကုန်ကြမ်းများ အပြည့်အဝရရှိရေး ကူညီပေးသွားမည်

နေပြည်တော် အောက်တိုဘာ ၃၁

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။**



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မကွေးတိုင်းဒေသကြီးအတွင်းရှိ စက်မှုသင်တန်းကျောင်းနှစ်ကျောင်းအနက် အမှတ်(၅) စက်မှုသင်တန်းကျောင်း(မကွေး)ကို ဒီဇင်ဘာလဆန်းတွင်ပြန်လည်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းတွင် ရှိသည့် အထည်စက်ရုံများ လိုအပ်လျက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို ပြတ်လပ်မှုမရှိစေရေး တိုင်းဒေသကြီးအတွင်းရှိ ဝါစိုက်တောင်သူများနှင့်ချိတ်ဆက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးစေလိုကြောင်း၊ စက်မှုဝန်ကြီးဌာနရှိ စက်ရုံ အလုပ်ရုံများကိုလည်း ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်၍ အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က စက်မှုဝန်ကြီးဌာနရှိ စက်ရုံများအတွက် လိုအပ်သော ကုန်ကြမ်းများရရှိအောင် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနရှိ အထည်စက်ရုံများအတွက် ဝါကုန်ကြမ်းများ အပြည့်အဝရရှိရေးအတွက် ကူညီပေးသွားမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပူးပေါင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိရာ တိုင်းဒေသကြီးဦးစီးဌာနမှူးက စက်မှုလုပ်ငန်းများ၊ လျှပ်စစ်နှင့် ဘွိုင်လာများကို စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီ ဆောင်ရွက်ပေးနေမှု၊ ဒေသအတွင်းရှိပြည်တွင်းစားသုံးဆီ ထုတ်လုပ်သည့် စက်ရုံပေါင်း ၅၇၆ ရုံမှ တစ်နှစ်လျှင် စားသုံးဆီ စုစုပေါင်း ၄၇၈၇၇၈၅ ပိဿာ (၇၈၁၈ မက်ထရစ်တန်)ထုတ်လုပ်လျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းစားသုံးဆီ ထုတ်လုပ်သည့် စက်ရုံများအနေဖြင့် အရည်အသွေးပြည့်မီသော စားသုံးဆီများ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် နည်းပညာ၊ အကြံဉာဏ်များ ကူညီပေးသွားရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ချောက်မြို့ရှိ အမှတ်(၃၅) အကြီးစားစက်ရုံသို့ရောက်ရှိပြီး ကြွေသီးများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးကောင်းမွန်အောင် ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်၊ တာဝန်ရှိသူများအနေဖြင့် Business Plan များရေးဆွဲ၍ စနစ်တကျ ဆောင်ရွက်ရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်ပေးကာ ကြွေသီးများ ထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်စက်ရုံသို့ ရောက်ရှိပြီး စက်ပစ္စည်းကိရိယာများကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားကြောင်း သိရသည်။

သတင်းစဉ်

# ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်သကဲ့သို့ ရှိပြီးသား ခရီးစဉ်ဒေသများကိုလည်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်လို

နေပြည်တော် အောက်တိုဘာ ၃၁

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာငွေးအောင်သည် ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ရှိ Thiri Hpa-an Hotel ၌ ကျင်းပသည့် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ကရင်ဇုန်)၊ ခရီးသွားလုပ်ငန်းကုမ္ပဏီများမှ လုပ်ငန်းရှင်များနှင့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။**



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍအား အထူးအားထားပါကြောင်း၊ ဘားအံမြို့သည် ခရီးသွားများလည်ပတ်ချင်စရာ ခရီးစဉ်ဒေသများ ပေါကြွယ်ဝသည့်အတွက် ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လေ့ရှိသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်ပါကြောင်း၊ ပြည်နယ်အတွင်း ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်သကဲ့သို့ ရှိပြီးသားခရီးစဉ်ဒေသများကိုလည်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဟိုတယ်များအနေဖြင့်လည်း လာရောက်တည်းခိုသည့် ခရီးသွားဧည့်သည်များ အကြိမ်ကြိမ် ပြန်လည်တည်းခိုလာနိုင်ရေးအတွက် မိမိတို့၏ ကောင်းမွန်သော ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံမှုရှိသော ဝန်ဆောင်မှုကောင်းများ ပေးရန် လိုအပ်ပါကြောင်း၊ ဘားအံမြို့ရှိ ခရီးသွားဆွဲဆောင်မှုရှိသောနေရာများကို ခရီးသွားဧည့်သည်များ ပိုမိုများပြားစွာ လာရောက်ပတ်လည်နိုင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ဒေသခံပြည်သူလူထုအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုနှင့် တက်ရောက်လာသောလုပ်ငန်းရှင်များက ကရင်ပြည်နယ်အတွင်း ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကရင်ပြည်နယ်အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီးက ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ စစ်ဆေး၍ ပြန်လည်ဖွင့်လှစ်ခွင့်ပြုထားပြီးဖြစ်သည့် ဟိုတယ်များကို Enchanting Myanmar Health & Safety Protocol အစီအစဉ်အရ ဒေသအဆင့် အသိအမှတ်ပြုလက်မှတ်ပေးအပ်ရာ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ကရင်ဇုန်) ဥက္ကဋ္ဌက လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကရင်ပြည်နယ် ပြည်ထောင်စုရိပ်သာ အစည်းအဝေးခန်းမ၌ ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင် ဦးစီးသောပြည်နယ်ဝန်ကြီးများနှင့်တွေ့ဆုံပြီး မကြာမီကာလအတွင်း (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့ ရောက်ရှိလာတော့မည်ဖြစ်သဖြင့် ပွဲတော်ကာလတွင် ပြည်နယ်၏ ရိုးရာအကအလှများ၊ အစားအသောက်များ၊ ရိုးရာဝတ်စုံများကို စိတ်ဝင်တစားဖြစ်အောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်ပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း လိုင်စင်လေးမျိုးအား တိုင်းဒေသကြီး၏ စီမံခန့်ခွဲမှုဖြင့် လုပ်ငန်းလိုင်စင်များ ကြန့်ကြာမှုမရှိအောင် ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ဒေသအတွင်း ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့်အပိုင်းများတွင် ဝိုင်းဝန်းပူပေါင်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကရင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့်အတူ ဘားအံမြို့ အမှတ်(၄)ရပ်ကွက် ဥယျာဉ်လမ်းရှိ ဘားမဲတောင်သဘာဝဥယျာဉ်သို့ရောက်ရှိရာ တာဝန်ရှိသူများက ဘားမဲတောင်သဘာဝဥယျာဉ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်နေမှုကို ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို မေးမြန်း၍ အကြံပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မုဒုံမြို့နယ်၌ သမဝါယမအသင်းမှ အသင်းသားများအား စုဆောင်းငွေပေါ်အတိုးထုတ်ပေး

နေပြည်တော် အောက်တိုဘာ ၃၁

ကိုဗစ်-၁၉ ကာလအတွင်း အသင်းသားပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန်နှင့် လူမှုရေး၊ ကျန်းမာရေးကိစ္စများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်အတွက် မွန်ပြည်နယ် မုဒုံမြို့နယ် မြတ်ပညာငွေစုငွေချေးသမဝါယမအသင်းလီမိတက်က အသင်းသားပြည်သူ ၁၃၈၁ ဦးသို့ စုဆောင်းငွေပေါ်အတိုးငွေကျပ်သိန်း ၂၀၅၀ ကျော်ကို အဆိုပါ အသင်းရုံးခန်း၌ အသင်းအမှုဆောင်များက အသင်းသားပြည်သူများ လက်ဝယ်အရောက် ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၃၁

နေပြည်တော်၊ မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# နိုင်ငံ့အတွက် အကျိုးရှိမည့် ဝန်ထမ်းများလိုချင်လျှင် တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရာတွင် တကယ်သတ်မှတ်သင့်သည်များမှာ. . .

သိန်းမြင့်ကျော်

**❑ ထို့ကြောင့် အမှန်တကယ်ပညာရေးစနစ်ကိုပြောင်းလဲချင်ရင် အလွတ်ကျက်ပညာ အထောက်အကူပြုမည့် ပြဋ္ဌာန်းချက်၊ အထောက်အကူပြုသင်ကြားပြသပေးနိုင်မည့် ဆရာ ဆရာမ စွမ်းရည်တိုးတက်အောင်ပြုပြင်မှု၊ ဖြစ်သင့်သော စာမေးပွဲမေးခွန်းလွှာ၊ နှစ်တိုင်းပြောင်းလဲနေသော အမှတ်ပေး စည်းမျဉ်းသတ်မှတ်ချက်တို့ကို ဘက်စုံပြုပြင်သင့်တာ ရဲရဲဝံ့ဝံ့ပြုပြင်ခြင်း၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက်ရောက်မည့် တက္ကသိုလ်များအနေဖြင့်လည်း ကိုယ့်တက္ကသိုလ်ရဲ့ သင်ကြားပေးမည့်ပညာရပ်ကို တကယ်ဝါသနာပါသူ၊ စိတ်ဝင်စားသူ၊ ကိုယ့်တက္ကသိုလ်မှ တက်ရောက်၍ ဘွဲ့ရသူများသည် တိုင်းပြည်ကောင်းကျိုးအတွက် အစစ်အမှန် အကျိုးပြုမည့် ကျောင်းသား ကျောင်းသူများရရှိအောင် တက္ကသိုလ်ဝင်ခွင့်ရွေးချယ်စနစ်ကို အမြန်ဆုံးပြုပြင်ခြင်း၊ တိုင်းပြည်အနာဂတ်ဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်မည်ဟူသော စိတ်ဓာတ်ကို အမှန်တကယ်အရင်းခံပြီး တိုင်းပြည်အနာဂတ်ဖွံ့ဖြိုး တိုးတက်မှု၏ အခြေခံဖြစ်သော ပညာရေးစနစ်မှ အမှားများတွေ့ရင် ရဲရဲဝန်ခံပြီး အမြန်ပြုပြင်**

ယခုနှစ် သိပ္ပံပညာထူးချွန်တံဆိပ် ပထမဆုရ အသက် ၈၀ အရွယ် အငြိမ်းစားပါမောက္ခဆရာကြီး တစ်ဦးနှင့် စကားပြောဖြစ်သည်။ "ဆရာမေးလို့သာ ပညာရေးစနစ်သစ်ကိုပြောရရင် စနစ်က အမြဲအသစ်သစ် ပြောင်းနေတော့ ဘယ်ဟာစနစ်သစ်မှန်းတောင် မသိတော့ပါဘူးဗျာ။ စနစ်တွေက အမြဲစမ်းသပ်တာမပြီးတော့ ပညာသင်ကလေးတွေဘဝ သနားစရာကောင်းတာပေါ့။"

ပါမောက္ခဆရာကြီး ပြောစကားကြားမှ ပညာရေးအကြောင်း တွေးမိတော့သည်။ မြန်မာနိုင်ငံပညာရေးလောကတွင် ပြဋ္ဌာန်းချက်ရေးတာက တစ်ဖွဲ့၊ ပြဋ္ဌာန်းချက်ကိုသင်ကြားတဲ့ အထက်တန်းကျောင်း ဆရာ ဆရာမက တစ်ဖွဲ့၊ စာမေးပွဲစစ်အဖြေလွှာကိုစစ်တဲ့ တက္ကသိုလ် ဆရာ၊ ဆရာမနှင့် အထက်တန်းပြဆရာ ဆရာမပူးပေါင်းအဖွဲ့က တစ်ဖွဲ့၊ မေးခွန်းထုတ်တဲ့ တက္ကသိုလ်ပါမောက္ခ ဆရာ ဆရာမကြီးများက တစ်ဖွဲ့ဟူ၍ လေးဖွဲ့ရှိတာတွေ့ရပါသည်။

ယခုသင်ကြားနေတဲ့ ၁၀ တန်း (Grade–11) အတန်းအတွက် သိပ္ပံအတွဲ သင်ကြားသောကျောင်းသား၊ကျောင်းသူ အနေဖြင့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ စုစုပေါင်း ခြောက်ဘာသာကို ပြဋ္ဌာန်းထားတာတွေ့ရပါသည်။ ဘောဂဗေဒဘာသာတွဲ၊ ဝိဇ္ဇာတွဲလည်းရှိပါသည်။ ပညာရေးတွင် ပြဋ္ဌာန်းသတ်မှတ်သော ပြဋ္ဌာန်းချက်သည် အရေးကြီးသည်။ သိပ္ပံတွဲ ခြောက်ဘာသာတွင် အင်္ဂလိပ်ဘာသာစကားဖြင့် ရေးသားထားသော ကျောင်းသားများ ကျက်ရန်သင်ရန် စာမျက်နှာ ၁၁၄၉ ရှိပြီး မြန်မာဘာသာစကားဖြင့်ရေးသားထားသော မြန်မာစာအတွက် စာမျက်နှာ ၂၆၆ မျက်နှာရှိသည်။

**လေ့လာသုံးသပ်**

ဝိဇ္ဇာတွဲတွင် အင်္ဂလိပ်ဘာသာစကားဖြင့် ကျက်မှတ်သင်ယူရန် စာမျက်နှာ ၁၀၆၂ မျက်နှာရှိသည်။ ကျောင်းသားများသည် ကျောင်းစဖွင့်ချိန် ဇွန်လမှ ဖေဖော်ဝါရီလကုန်အထိ ကိုးလတာတွင် ယင်းအင်္ဂလိပ်လို ရေးသားထားသော ဘာသာစကားစာမျက်နှာကို ကျက်မှတ်ရသည်။ ထို့ပြင် သိပ္ပံတွဲအတွက် မြန်မာစာနှင့်ဝိဇ္ဇာတွဲအတွက် ဘောဂဗေဒများ ကျက်မှတ်ရသည်။ ပြဋ္ဌာန်းချက်ရေးသားသောဆရာကြီး ဆရာမကြီးများ အနေဖြင့် မိမိရေးသားပြဋ္ဌာန်းသော တစ်ဘာသာအတွက်သာ အဓိက အားစိုက်မယ့်အစား သင်ကြားကျက်မှတ်ရမည့်ကျောင်းသားများအတွက် ဘာသာစုံပြဋ္ဌာန်းချက်အနည်းအများကို ပညာရှိသတိဖြစ်ခဲ့ဆိုသလို လေ့လာသုံးသပ်ဖို့လိုပါသည်။ မိမိတို့ကိုယ်တိုင် ၁၀ တန်းတုန်းက အသက်အရွယ်ကိုပြန်ပြောင်း သုံးသပ်မှသာ ပြဋ္ဌာန်းချက်ကို ကျက်မှတ်ရမည့် ကျောင်းသားအသက်အရွယ်ကို သတိရစေမှာဖြစ်ပါသည်။ ကျောင်းသားများကိုသင်ကြားဖို့ ဘာသာရပ်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ကျောင်းသားများအား သင်ကြားပေးမည့် ဆရာ ဆရာမများကိုယ်တိုင် ကျောင်းသား၊ ကျောင်းသူများအား ရှင်းလင်းပြတ်သားစွာ သင်ကြားပို့ချပေးနိုင်ပါသလားဆိုတာလည်း ယခုအချိန်တွင် ပြတ်ပြတ်သားသား မေးခွန်းထုတ်ရမည့်အချိန် ဖြစ်ပေသည်။

ပြဋ္ဌာန်းချက် ရေးသားပြုစုသော ဆရာ ဆရာမကြီးများကိုယ်တိုင် ကျောင်းသား ကျောင်းသူများ သင်ကြားရမည့် ဘာသာစုံပြဋ္ဌာန်းချက်အားလုံးကို ကျောင်းသား၊ ကျောင်းသူများနည်းတူ စာသင်နှစ်ကိုးလအတွင်း သင်ယူကျက်မှတ်နိုင်ခြင်း ရှိ၊ မရှိ သုတေသနပြုလုပ်ခြင်းဖြင့် ကောင်းမွန်သော အဖြေတစ်ခုရနိုင်ပါသည်။

**အင်္ဂလန်တွင် ပညာသင်ကြားခဲ့သူဖြစ်**

တက္ကသိုလ်ဝင်အတန်းတင်စာမေးပွဲတွင် မေးသော မေးခွန်းလွှာများပင် အမှားအယွင်းပါသော မေးခွန်းများ တွေ့ရတတ်သည်။ စာမေးပွဲဖြေဆိုရမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကိုယ်ဖြေရမည့်မေးခွန်းလွှာ အမှားအယွင်းကင်းဖို့ အရင်ဆုတောင်းရမည့်ပုံ ဖြစ်နေသည်။ ယင်းကြုံတွေ့ရမှုနှင့် ပတ်သက်၍ ဆွေမျိုးတော်စပ်သော ၁၉၈၉ ခုနှစ်ခန့်တွင် မေးခွန်းထုတ်ခဲ့သောပါမောက္ခဆရာကြီးအား မေးဖြစ်သည်။ ယင်း ပါမောက္ခဆရာကြီးသည် အင်္ဂလန်တွင် ဘာသာရပ်ဆိုင်ရာပညာ သင်ကြားခဲ့သူဖြစ်သည်။

"ငါ မေးခွန်းထုတ်တာကတော့ စာမေးပွဲမဖြေခင် ခြောက်လခန့်ကစ မေးခွန်းသုံးစုံထုတ်တယ်။ အဲဒီသုံးစုံကို စာအုပ်ကြားညှပ်ထည့်ထားပြီး နှစ်ပတ်တစ်ခါ ထုတ်ထားတဲ့ မေးခွန်း သုံးစုံမှ တွေ့ရာ မေးခွန်းတစ်စုံယူပြီး ကိုယ်ကိုယ်တိုင်ဖြေကြည့်တယ်။ ကျောင်းသား ကျောင်းသူများ ၃ နာရီ ဖြေရမည့်ယင်းမေးခွန်းကို ငါကိုယ်တိုင် နာရီဝက်နဲ့ ဖြေဆိုပြီး၊ မပြီး၊ ရမှတ် ၉၅ ကျော်မကျော် ဆန်းစစ်တယ်။" မှတ်သားဖွယ်ဖြစ်သည်။ ပြဋ္ဌာန်းထားချက်ကို ကျောင်းသားများနည်းတူ စာသင်နှစ်အတွင်း ကျက်မှတ်နိုင်ခြင်း ရှိ၊ မရှိ အတန်းတင်စာမေးပွဲအတွက် ထုတ်သောမေးခွန်းကို ကိုယ်ကိုယ်တိုင် ဘယ်လိုဖြေဆိုမလဲဆိုတာ ဆန်းစစ်သုတေသနလုပ်ဖို့ လိုအပ်လှပေသည်။

သင်ကြားရေး ဆရာ ဆရာမများ အတွက် အကောင်းဆုံးဆန်းစစ်ချက် အနေဖြင့် ကျောင်းသား ကျောင်းသူများ အတန်းတင်စာမေးပွဲဖြေဆိုချိန်တွင် ကျောင်းသား ကျောင်းသူများနှင့် တစ်ပြိုင်တည်း၊ တစ်ချိန်တည်းဖြေဆိုခြင်းဖြင့် ရရှိလာမည့်ရမှတ်သည် ကောင်းမွန်သော ဆန်းစစ်ချက်ဖြစ်သလို လိုအပ်ချက် ပေါ်ပေါက်လာရင်လည်း နိုင်ငံတော်မှ အချိန်မီပံ့ပိုးပေးနိုင်မည် ဖြစ်ပေသည်။ Albert Einstein က ဆရာ၊ ဆရာမများနှင့် ပတ်သက်၍ "If you can't explain it simply, you don't understand it well enough"၊ "ရိုးရိုးလေး မရှင်းပြနိုင်ရင် သေချာနားမလည်သေးလို့။ စာရှင်းရင်းလည်နေရင် စာတကယ်မတတ်လို့။" ရေးသားချက်ကို မှတ်သားဖူးပေသည် ။

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ နာမည်ကြီးအစိုးရကျောင်းတွင် ရူပဗေဒဘာသာ သင်ကြားသောဆရာမသည် ကျောင်းတွင် သင်ကြားရာ၌ ပြဋ္ဌာန်းစာအုပ်ပါ မေးခွန်းကို ကျောင်းသားကိုယ်တိုင် မေးခွန်းထုတ်ရင် ဘယ်လိုထုတ်မလဲ မေးမြန်းသင်ကြားကြောင်း လေးစားအတုယူဖွယ် ဆရာမများလည်း ရှိကြောင်း သိရသည်။

**အတတ်ပညာရှင်များ ပေါ်ထွက်မည်**

၁၀ တန်းပြဋ္ဌာန်းချက်စာများ ခက်ခဲမှ နိုင်ငံတော်အတွက် အတတ်ပညာရှင်များပေါ်ထွက်မည်ဟု ယူဆလျှင် ပညာရေးစနစ်ဟောင်းဖြင့် သင်ကြားခဲ့ပြီး ယခုမြန်မာနိုင်ငံတွင် တကယ်တတ်ကျွမ်းပြီး ကျော်ကြားနေသော ပညာရှင်များ ပေါ်ထွန်းခြင်းက အဖြေတစ်ခုရရှိမည် ဖြစ်သည်။

ပညာရေးအတွက် သတ်မှတ်ပြဋ္ဌာန်းထားသော ဘာသာရပ်အလိုက် ပြဋ္ဌာန်းချက်များကို အစိုးရစာသင်ကျောင်းများရှိ ဆရာ ဆရာမများကိုယ်တိုင် ကျောင်းသားများကို ရှင်းလင်းစွာ သင်ကြားနိုင်ခြင်းရှိ၊ မရှိက ပြင်ပကျူရှင်များပေါ်လာခြင်းက အဖြေတစ်ခုပင် ဖြစ်သည်။ သင်ကြားရေး ဆရာ ဆရာမများကို အပြစ်တင်ခြင်းထက် ဘယ်လိုကုစားမလဲ အဖြေရှာသင့်သည်။ နိုင်ငံတကာအဆင့်မီ ဘာသာရပ်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ပြဋ္ဌာန်းထားသည်ဟုဂုဏ်ယူဝင့်ကြွားမှာလား၊ သတ်မှတ်ပြဋ္ဌာန်းချက်များကို သင်ကြားပေးသောဆရာ ဆရာမများကို ကျောင်းသားများ နားလည်တတ်ကျွမ်းအောင် သင်ကြားနိုင်သည့် အရည်အချင်းရအောင် ဆောင်ရွက်မည်လား ရွေးချယ်သင့်သည်။

**မေးခွန်းများစွာ ပေါ်ထွက်လာ**

နိုင်ငံတကာအဆင့်မီ ပြဋ္ဌာန်းချက်များပြဋ္ဌာန်းလို့ ယင်းပြဋ္ဌာန်းချက်များကို သင်ကြားသော ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများကို နားလည်အောင် မသင်ကြားပေးနိုင်လျှင် ငွေကုန်ကြေးကျများသော ဝိုင်းကျူရှင်များ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများသို့ သွားရောက်သင်ကြားကြရမည်။ ကိုယ်ပိုင် အထက်တန်းကျောင်းများနှင့် ပတ်သက်၍ ပြောစရာဖြစ်လာသည်။ ကိုယ်ပိုင်အထက်တန်းကျောင်းတွင် တက်သော ကျောင်းသား ကျောင်းသူများသည် ကိုးတန်းအတန်းတင် စာမေးပွဲကို ကိုယ်တက်သောကိုယ်ပိုင်အထက်တန်းကျောင်းတွင်ပင် ဖြေဆိုရသည်။ ထိုသတ်မှတ်ချက်ကြောင့် မေးခွန်းများစွာ ပေါ်ထွက်လာသည်။ ၁၀ တန်းပြဋ္ဌာန်းချက်များခြင်း၊ ခက်ခြင်းဖြစ်ပေါ်ပါက ကိုယ်ပိုင်အထက်တန်းကျောင်းများတွင်တက်သော ကျောင်းသား ကျောင်းသူများကို ကိုးတန်းကတည်းက ၁၀ တန်းစာသင်ကြားကြပါက အစိုးရကျောင်းများတွင် ၁၀ တန်းရောက်မှ ၁၀ တန်းစာသင်ကြားခွင့်ရသည့် ကျောင်းသားထက် ၁၀ တန်းစာကို၊ ကိုယ်ပိုင်အထက်တန်းကျောင်းမှကျောင်းသား ကျောင်းသူများသည် စာသင်နှစ်တစ်နှစ်ပို၍ ကိုးတန်းကတည်းက သင်နိုင်ခွင့်ရနိုင်ပေသည်။ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် ၁၀တန်းစာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရှင် ခြောက်ဘာသာ၊ ငါးဘာသာဂုဏ်ထူးရှင်များ၊ အစိုးရကျောင်းများထက် အောင်ချက် ပိုကောင်းနိုင်ပေသည်။ အစိုးရကျောင်းများတွင် ၁၀ တန်း Grade–11 ရောက်မှ ၁၀ တန်းစာစသင်ပြီး ခြောက်ဘာသာဂုဏ်ထူးထွက်သော

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ကျောင်းသား ကျောင်းသူများထက် ကိုယ်ပိုင်အထက်တန်းကျောင်းများက ကိုးတန်းကတည်းက ၁၀ တန်း Grade-11 စာကိုသင်ကြားပြီး တစ်နှစ်ပိုသင်လို့ ခြောက်ဘာသာဂုဏ်ထူးရသော ကျောင်းသား ကျောင်းသူချင်းယှဉ်လျှင် ဘဝအတွက် ဘယ်ကျောင်းသား ကျောင်းသူက စိတ်ဓာတ်ယုံကြည်ချက် ပိုခိုင်မလဲ အဖြေက ရှင်းနေပေသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ရမှတ်သတ်မှတ်ချက်ဖြင့် ရွေးချယ်သော နည်းစနစ်မမှားယွင်းရန် အရေးကြီးသည်။ နည်းစနစ်မှားယွင်းပါက ကြိုးစားချင်စိတ်၊ ဝါသနာပါသော အလုပ်လုပ်ကိုင်လိုသော စိတ်ဓာတ်ရှိသောလူငယ်များ စိတ်ဓာတ်ပျက်ယွင်း သွားနိုင်ပါသည်။ ကြိုးစားချင်စိတ်ရှိသော လူငယ်များ စိတ်ဓာတ်ပျက်ယွင်းပါက တိုင်းပြည်ရဲ့ အနာဂတ်သည် စိုးရွံ့ထိတ်လန့်ဖွယ်ရာ အခြေအနေဖြစ်သလို ယင်းတိုင်းပြည်ရှိ ပြည်သူများ လူသားဆန်စွာ နေထိုင်နိုင်မှုအဆင့် ကင်းမဲ့သွားမည်မှာ မလွဲကေန် ဖြစ်နေပေမည်။ ထို့ကြောင့် ၁၀ တန်း (Grade-11) အောင်မှတ်အများဆုံး ရရှိသော ကျောင်းသား ကျောင်းသူများသာ ဆေးတက္ကသိုလ်၊ သွားဆေးတက္ကသိုလ် တက်ရောက်သင်ကြားခွင့် စနစ်သည် တိုင်းပြည်အတွက် အရေးတကြီး အမြန်ဆုံးပြင်ဆင်ရန် လိုအပ်သည်ဟု ထင်မြင်ပါသည်။

**ထူးချွန်မှုရှိသူကို ရွေးချယ်သင့်**

တက္ကသိုလ်ဝင်တန်း ၁၀ တန်း (Grade-11) တွင် သိပ္ပံတွဲ၌ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒပါဝင်ပြီး ဆရာဝန်တစ်ယောက်ရဲ့ အရေးကြီးဆုံး ဖောင်ဒေးရှင်းအုတ်မြစ်ဖြစ်တဲ့ 2nd MB အဓိကဘာသာသုံးဘာသာမှာ Anatomy (ခန္ဓာဗေဒ)၊ Physiology (ဇီဝကမ္မဗေဒ)၊ Bio-chemistry(ဇီဝဓာတုဗေဒ) ပါဝင်နေပေရာ ဆေးတက္ကသိုလ်တက်ရောက်သင်ကြားမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ဇီဝဗေဒဘာသာရပ်ကို စိတ်ဝင်စားမှု၊ ဝါသနာပါမှုရှိသူ ဖြစ်ရမည့်အပြင် ယင်းသို့ စိတ်ဝင်စားမှု၊ ဝါသနာပါမှုရှိသော ကျောင်းသားများသည် ၁၀ တန်း တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဇီဝဗေဒဘာသာရပ်ကို အနည်းဆုံးရမှတ် ၉၀ မှတ် ရသူကိုသာ ရွေးချယ်သင့်ပေသည်။ ထို့ပြင် ဆေးတက္ကသိုလ်သင်ကြားရေးအတွက် ပတ်သက်ဆက်စပ်သည့် ဘာသာရပ်များဖြစ်သော အင်္ဂလိပ်စာဘာသာသည်လည်း အနည်းဆုံးရမှတ် ၇၀ မှတ်နှင့် ဓာတုဗေဒဘာသာရပ်တွင်လည်း အနည်းဆုံးရမှတ် ၈၅ မှတ် အထက် ရသော ကျောင်းသားများသာ တက်ရောက်သင့်သည်။ ဆေးတက္ကသိုလ်တွင် သင်ကြားရမည့် ဘာသာရပ်များ၏ အခြေခံအင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ ဘာသာရပ်များကို ၁၀တန်းကတည်းက စိတ်ဝင်စားမှု၊ ဝါသနာပါမှု၊ ထူးချွန်မှုတို့ရှိသူကို ရွေးချယ်သင့်သည်။ ယင်း တက္ကသိုလ်များနှင့် ပတ်သက်သော အခြေခံဘာသာရပ် တစ်ခုချင်းရမှတ်ကို အဓိကသတ်မှတ်မှ သင့်တော်ပေမည်။

ယခုအခါ **(ရန်ကုန်နည်းပညာတက္ကသိုလ်များ)** တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရာ၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာနှင့် အင်္ဂလိပ်စာ လေးဘာသာပေါင်း ရမှတ် ၃၂၀ အထက်ရှိသူသာ လျှောက်ထားနိုင်သည်ဟုဖြစ်သင့်သည့် သတ်မှတ်ချက်ထားရှိပြီး ရွေးချယ်နေသလို ယခုနှစ် ဆေးတက္ကသိုလ်များခေါ်ယူရာတွင် ဆေးတက္ကသိုလ် တက်ရောက်ရာတွင် သက်ဆိုင်မည့် ဘာသာရပ်များဖြစ်သော ဇီဝဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ အင်္ဂလိပ်စာ လေးဘာသာပေါင်းရမှတ် ၃၃၀ အထက်ရှိသူများကိုသာ ရွေးချယ်သတ်မှတ်ခြင်းက ပိုမိုသဘာဝကျသလို နိုင်ငံအတွက် သက်ဆိုင်ရာ တက္ကသိုလ်များတွင် လိုအပ်သော အခြေခံဘာသာထူးချွန်သူများ တက်ရောက်သင်ကြားသဖြင့် ထူးချွန်တတ်မြောက်သော ဘွဲ့ရပညာရှင်များ ပေါ်ထွက်လာနိုင်ပေသည်။ ထို့ပြင် နိုင်ငံတော်က ၁၂ တန်းပညာရေးစနစ်အဖြစ် ပြောင်းလဲသတ်မှတ်သွားနေသောကြောင့် ကြားနှစ်နှစ်အတွက် ကျောင်းသားမရှိမည် ဖြစ်သဖြင့် တက္ကသိုလ်ဝင်ခွင့် အသီးသီးအတွက် ယခုနှစ်ကတည်းက ခေါ်ယူမည့် ကျောင်းသားအရေအတွက်ကို ကြိုတင်စဉ်းစားခေါ်ယူထားသင့်ပေသည်။ နှစ်နှစ်ကြားကာလအတွက် ဆေးကျောင်းသား ကျောင်းသူ တက်ရောက်မှုမရှိမှ စဉ်းစားလုပ်ကိုင်မည့်အစား ယခုနှစ်ကတည်းက ဆေးကျောင်းသား ကျောင်းသူ အရေအတွက် ကြိုတင်စုဆောင်းထားဖို့ သတိပြုရန်လည်း လိုအပ်ပေသည်။

**ပညာရှင်များ ပေါ်ထွက်လာမည်**

ဆေးတက္ကသိုလ်အတွက် မြန်မာစာရမှတ် ၇၅ မှတ်၊ အင်္ဂလိပ်စာရမှတ် ၇၀ မှတ်၊ သင်္ချာရမှတ် ၇၀ မှတ်၊ ဓာတုဗေဒရမှတ် ၈၅ မှတ်၊ ရူပဗေဒရမှတ် ၈၀ မှတ်၊ ဇီဝဗေဒရမှတ် ၉၀ မှတ် စုစုပေါင်း ရမှတ် ၄၇၀ ရမှတ်ရသူနှင့် မြန်မာစာ ရမှတ် ၇၅ မှတ်၊ အင်္ဂလိပ်စာရမှတ် ၆၅ မှတ်၊ သင်္ချာရမှတ် ၉၅ မှတ်၊ ဓာတုဗေဒ ရမှတ် ၈၀ မှတ်၊ ရူပဗေဒရမှတ် ၉၅ မှတ်၊ ဇီဝဗေဒရမှတ် ၈၀ မှတ် စုစုပေါင်းရမှတ် ၄၉၀ မှတ်ရသူနဲ့ နှိုင်းယှဉ်ပါက ဆေးတက္ကသိုလ်၌သင်ကြားရမည့် အထောက်အကူဖြစ်စေသော အခြေခံဘာသာရပ်များဖြစ်သော အင်္ဂလိပ်စာ ၇၀ မှတ်၊ ဓာတုဗေဒ ၈၅ မှတ်၊ ဇီဝဗေဒ ၉၀ မှတ် ရသူသည် စုစုပေါင်းရမှတ် ၄၇၀ ရသော်လည်း စုစုပေါင်းရမှတ် ၄၉၀ ရသောသူထက် ဆေးတက္ကသိုလ်တက်ရောက်ခွင့် ရွေးချယ်သင့်သူဖြစ်ပြီး စုစုပေါင်းရမှတ် ၄၉၀ မှတ်ရသော ကျောင်းသား ကျောင်းသူများအနေဖြင့် နည်းပညာတက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့၌ သင်ကြားရမည့် အထောက်အကူဖြစ်စေသော အခြေခံဘာသာရပ်များ ရူပဗေဒ ၉၅ မှတ်နှင့် သင်္ချာ ၉၅ မှတ်ရထားသူကို တက်ရောက်ခွင့်ရွေးချယ်သင့်သူ ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူ၏ ပင်ကိုဝါသနာပါသော၊ စိတ်ဝင်စားသော၊ ထူးချွန်သော ဘာသာရပ်ရမှတ်ကို တက္ကသိုလ်များက ရွေးချယ်သတ်မှတ်ပေးခြင်းဖြင့် ယင်းကျောင်းသားဘဝအတွက် အထောက်အကူဖြစ်စေသလို နိုင်ငံတော်အတွက်လည်း ထူးချွန်သော ဝါသနာရှင်ပညာရှင်များ ပေါ်ထွက်လာပေမည်။ ဆေးတက္ကသိုလ်ဝင်ခွင့် စုစုပေါင်းရမှတ်ကို အဓိကထားသတ်မှတ်ချက်ကြောင့် ကျောင်းသား၏ ပင်ကိုထူးချွန်သည့်ဘာသာရပ်နှင့် မသက်ဆိုင်သော တက္ကသိုလ်ကို တက်ရောက်မိခြင်းကြောင့် သက်ဆိုင်ရာ တက္ကသိုလ်တွင် စာမလိုက်နိုင်၍ ကျောင်းထွက်လိုက်ရသော ကျောင်းသား ကျောင်းသူများ ပေါ်ထွက်လာခြင်း ဖြစ်ပေသည်။ ဆရာဝန်ဖြစ်ပြီး ဆေးဆိုင်ဖွင့်သူ၊ ဆရာဝန်ဖြစ်ပြီး ကားဝယ်ရောင်းလုပ်သူ၊ ဆရာဝန်ဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းလုပ်နေသူ၊ ဆရာဝန်ဖြစ်ပြီး မော်ဒယ်လုပ်နေသူများကို သာဓကစံပြုရပေမည်။

ဆရာဝန်ဘွဲ့အတွက် နိုင်ငံခြားတိုင်းပြည်တွင် သွားရောက်သင်ကြားပါက သိန်း ၁၀၀၀ မှ သိန်း ၄၀၀၀ ခန့်ထိ ကုန်ကျနိုင်သလို နည်းပညာတက္ကသိုလ်ဆိုင်ရာ ဘာသာရပ်တွဲများ၊ စက်မှုအင်ဂျင်နီယာဘွဲ့များအတွက်လည်း သိန်းရာပေါင်းများစွာ ကုန်ကျမှုရှိမည့်ဘွဲ့များ ဖြစ်သည်ကိုလည်း တက္ကသိုလ်ဝင်ခွင့် သတ်မှတ်သော တာဝန်ရှိသူများကလည်း သတိပြုမိဖို့ လိုပေသည်။ နိုင်ငံတော်မှ ကျောင်းသားအတွက် စိုက်ထုတ်ကုန်ကျငွေနှင့် ယင်းကျောင်းသားမှဘွဲ့ရပြီး ပြည်သူ့အတွက် ထိုက်သင့်သော အကျိုးပြုမှုရရှိမည့် ကျောင်းသား ကျောင်းသူကိုသာ ရွေးချယ်သင်ကြားခွင့်ပြုသင့်ပေသည်။ ရွေးချယ်မှု မှားယွင်းသောစနစ်ကို ကျင့်သုံးမိပါက မဖော်ပြနိုင်သောဆုံးရှုံးမှုကို ကြုံတွေ့ရမည်ဖြစ်သည်။ ဆင်းရဲချို့တဲ့သော တိုင်းပြည်အတွက် နိုင်ငံတော်ရဲ့ ပေးဆပ်မှုက ကြီးမားခြင်းကို အသိအမှတ်ပြုသင့်သလို နိုင်ငံတော်အတွက် အကျိုးပြုမည့် လူငယ်များအတွက် လမ်းကြောင်းမှန် တက္ကသိုလ်သို့ရောက်ရှိအောင် ပို့ဆောင်ပေးရမည့် တာဝန်ကို သက်ဆိုင်ရာတက္ကသိုလ် ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့တာဝန်ရှိသူများက ကျေပွန်ဖို့ လိုအပ်ပေသည်။

အမှတ်စာရင်းဖြင့် သတ်မှတ်သော နိုင်ငံဖြစ်သဖြင့် အမှတ်စာရင်းနှင့် ပတ်သက်၍ ရေးစရာရှိပေသည်။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ပြီးလျှင် ဖြေဆိုခဲ့သော ကျောင်းသား ကျောင်းသူများအတွက် ဘာသာရပ်အလိုက် ရမှတ်အမှတ်စာရင်း ထုတ်ပြန်သည်။ ကျောင်းသား ကျောင်းသူက မိမိရရှိသော အမှတ်စာရင်းရမှတ်ကို မကျေနပ်၊ လက်မခံနိုင်ပါက မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင် နိုင်ငံတော်ကို တရားဝင်တစ်ဘာသာကို ၂၅၀၀၀ ကျပ်ငွေသွင်းပြီး မိမိအဖြေလွှာကို ပြန်စစ်ပေးဖို့ တောင်းဆိုခွင့်ပြုထားသည်။

**ပြန်လည်စိစစ်ရန်တင်ပြ**

ထို့ပြင် တက္ကသိုလ်ဝင်စာမေးပွဲ ရမှတ်များ ပြန်လည်စိစစ်ရန်တင်ပြသော ကျောင်းသားအဖြေလွှာပြန်လည်စစ်ရာတွင်လည်း တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာ မူလစစ်ဆေးရာတွင် ပါဝင်ခြင်းမရှိခဲ့သော ဆေးတက္ကသိုလ်၊ သွားဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်မှ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများက စစ်ဆေးမှသာ ပြည်သူများ သံသယကင်းရှင်းစေမှာဖြစ်သလို တရားမျှတမှုပေါ်လွင်စေမှာ ဖြစ်ပါသည်။ မြန်မာစာ မြန်မာစကားတွင် ''သူ့အရပ်နဲ့သူ့ဇာတ်'' စာသားသည် အလကားပေါ်ပေါက်ခဲ့ဟန်မတူပေ။

ဒါ့အပြင် တက္ကသိုလ်ဝင်စာမေးပွဲ ရမှတ်များပြန်လည်စိစစ်ရန် တင်ပြသော ကျောင်းသားသည် နိုင်ငံတော်ရဲ့ သတ်မှတ်ငွေပေးသွင်းပြီး သူ၏အဖြေလွှာကို ပြန်လည်စိစစ်ရန် တင်ပြခြင်း ဖြစ်၍ ယင်းအဖြေလွှာနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ''ပြန်လည်စစ်ဆေးကြည့်ရှုရာတွင် ရမှတ်များသည် အမှတ်ပေး စည်းမျဉ်းစည်းကမ်းအတိုင်း အမှတ်ပေးထားသည့်အပြင် အမှား အယွင်းတစ်စုံတစ်ရာမရှိဘဲ ရမှတ်များ အားလုံး မှန်ကန်ကြောင်း သိရှိနိုင်ရန် ပြန်ကြားပါသည်''ဟု အကြောင်းပြန်ရုံနှင့် လုံလောက်သည်ဟု မယူဆနိုင်ပေ။ ပြန်လည်စိစစ်ရန် တင်ပြသော ကျောင်းသား၏ အမှတ်ခြစ်ပြီးသော အဖြေလွှာမိတ္တူကို ကျောင်းသားထံ ပေးမှသာ အမှတ်ပေးစည်းကမ်းအတိုင်း အမှားအယွင်း တစ်စုံတစ်ရာမရှိဘဲ ရမှတ်များ အားလုံးမှန်ကန်ကြောင်း တာဝန်ယူမှု၊ တာဝန်ခံမှုအနေဖြင့် သက်သေပြရန် တာဝန်ရှိသလို ယင်းကျောင်းသားအနေဖြင့်လည်း သံသယကင်းရှင်းပြီး ပညာရေးကို ယုံကြည်မှုပိုရမည်ဖြစ်သည်။ ယင်းသို့ ပညာရေးဝန်ကြီးဌာနအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုမှုကို လက်ခံကျင့်သုံးခြင်းကြောင့် ၎င်းကျောင်းသား၏ အမှတ်ခြစ်ခဲ့သော စာမေးပွဲအဖြေလွှာမိတ္တူကို ယင်းကျောင်းသားလက်ဝယ် ပြန်လည်ပေးအပ်မှသာ ယင်းကျောင်းသားအနေဖြင့် နောက်နောင် ဘယ်လိုဖြေမှ အမှတ်ရမယ်၊ ဘယ်နေရာအမှားကို ဘယ်လိုပြင်မယ်ဆိုတဲ့ ဘဝသင်ခန်းစာအတွေ့အကြုံကောင်းရရှိမည်ဖြစ်သည်။

**အသိတရား လက်ကိုင်ထား**

**ထို့ကြောင့် အမှန်တကယ်ပညာရေးစနစ်ကို ပြောင်းလဲချင်ရင် အလွတ်ကျက်ပညာအထောက်အကူပြုမည့် ပြဋ္ဌာန်းချက်၊ အထောက်အကူပြုသင်ကြားပြသပေးနိုင်မည့် ဆရာ ဆရာမ စွမ်းရည်တိုးတက်အောင်ပြုပြင်မှု၊ ဖြစ်သင့်သော စာမေးပွဲမေးခွန်းလွှာ၊ နှစ်တိုင်းပြောင်းလဲနေသော အမှတ်ပေးစည်းမျဉ်းသတ်မှတ်ချက်တို့ကို ဘက်စုံပြုပြင်သင့်တာရဲရဲဝံ့ဝံ့ပြုပြင်ခြင်း၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက်ရောက်မည့် တက္ကသိုလ်များအနေဖြင့်လည်း ကိုယ့်တက္ကသိုလ်ရဲ့သင်ကြားပေးမည့် ပညာရပ်ကို တကယ်ဝါသနာပါသူ၊ စိတ်ဝင်စားသူ၊ ကိုယ့်တက္ကသိုလ်မှ တက်ရောက်၍ဘွဲ့ရသူများသည် တိုင်းပြည်ကောင်းကျိုးအတွက် အစစ်အမှန်အကျိုးပြုမည့် ကျောင်းသား ကျောင်းသူများ ရရှိအောင် တက္ကသိုလ်ဝင်ခွင့်ရွေးချယ်စနစ်ကို အမြန်ဆုံးပြုပြင်ခြင်း၊ တိုင်းပြည်အနာဂတ်ဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်မည်ဟူသောစိတ်ဓာတ်ကို အမှန်တကယ် အရင်းခံပြီး တိုင်းပြည်အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု၏အခြေခံဖြစ်သောပညာရေးစနစ်မှ အမှားများတွေ့ရင် ရဲရဲဝန်ခံပြီး အမြန်ပြုပြင်ခြင်း၊ ပညာရေးစနစ် အမှားအယွင်းဖြစ်အောင် ငါတကော ကောနေသူများ၏ အတွင်းရန်၊ အပြင်ရန် ဆောင်ရွက်ချက်များ ရှိပါကလည်း အသိတရား လက်ကိုင်ထားကာကွယ်ဖို့လည်း လိုအပ်လှပါကြောင်းကို ရေးသား တင်ပြအပ်ပါသည်။** ။

## မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် အောက်တိုဘာ ၃၁**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပုသိမ်ကြီးမြို့တွင် ၂ ဒသမ ၉၈ လက်မ၊ မန္တလေး (ချမ်းမြသာစည်မြို့နယ်)တွင် ၂ ဒသမ ၆၄ လက်မ၊ မန္တလေး (ချမ်းအေးသာစံမြို့နယ်)တွင် ၂ ဒသမ ၄၄ လက်မ၊ မိတ္ထီလာမြို့တွင် ၂ ဒသမ ၃၆ လက်မ၊ မန္တလေး (အောင်မြေသာစံမြို့နယ်)တွင် ၁ ဒသမ ၉၃ လက်မ၊ မဒေါက်မြို့တွင် ၁ ဒသမ ၆၉ လက်မ၊ ရွှေစာရံမြို့တွင် ၁ ဒသမ ၃၀ လက်မနှင့် ဟိုင်းကြီးကျွန်းမြို့တွင် ၁ ဒသမ ၀၂ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

# ဥတုရာသီ နေရာဒေသချိန်ခါမရွေး ရေကိုချွေတာဖို့လိုသည်

**မေယု-မျိုးအောင် (MANA)**

**မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲခြင်းနှင့် စားနပ်ရိက္ခာရရှိနိုင်ခြေ နည်းပါးလာခြင်းတို့၏ အရင်းခံမှာ ရေအရင်းအမြစ်ပင်ဖြစ်သည်။ ကမ္ဘာ့လူဦးရေ တိုးပွားနေခြင်း ၊ လူမှုဘဝဖွံ့ဖြိုးလာခြင်းကြောင့် ရေသုံးစွဲမှု ပိုမိုများပြားလာခြင်း၊ စီမံခန့်ခွဲမှုအားနည်းသော နိုင်ငံများတွင် ရေပြုန်းတီးမှုများပြားလာခြင်း၊ ရေကို လိုအပ်သည်ထက် သုံးစွဲမှုပိုမိုများပြားလာခြင်း ၊ ဖွံ့ဖြိုးမှုအတွက် စက်ရုံအလုပ်ရုံများတွင် ရေကိုပိုမိုသုံးစွဲရခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာကြီး၌ ရေအရင်းအမြစ်များ တဖြည်းဖြည်းလျော့ပါးနေသည်။**

ကမ္ဘာ့နေရာအနှံ့၌ ရေကို အလုအယက်ရယူရန် ကြိုးပမ်းမှုများကြောင့် အုပ်စုအချင်းချင်း၊ နိုင်ငံအချင်းချင်း တင်းမာမှုများ၊ ပဋိပက္ခများဖြစ်ပေါ်လျက်ရှိသည်။ နိုင်ငံအသီးသီးအနေဖြင့် ရေအရင်းအမြစ်များအပေါ် စနစ်ကျသည့် စီမံခန့်ခွဲမှု၊ ရေသယံဇာတထိန်းသိမ်းမှုတို့က အရေးကြီးသည့်ကဏ္ဍသို့ ရောက်လာသည်။

**မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းတို့တွင် မိုးခေါင်မှုကြောင့် မိုးရေကိုသာ အဓိကအားထားနေရသည့် ဒေသများ၌ နွေရာသီတွင် စိုက်ပျိုးရေနှင့် သောက်သုံးရေရှားပါးမှု ၊ ပြတ်လပ်မှု ကြုံတွေ့နေသည်။ မြန်မာနိုင်ငံတွင် နွေရာသီ ရေရှားသည့်ပြဿနာကို အပူပိုင်းဇုန်တိုင်း သုံးတိုင်းဖြစ်သည့် စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများဆုံး ကြုံတွေ့နေရပြီး ယခုအခါ ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာခြင်းများကြောင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင်လည်း ရေရှားပါးသည့်ပြဿနာကို နှစ်စဉ် ရင်ဆိုင်ကြုံတွေ့နေရ**

### ရေအရင်းအမြစ်

ဘောဂဗေဒနှင့် ငြိမ်းချမ်းရေးအင်စတီကျူ (IEP)၏ သဘာဝဘေးအန္တရာယ်ခြိမ်းခြောက်မှုမှတ်တမ်းအမည်ရှိ အစီရင်ခံစာက ကမ္ဘာ့လူဦးရေသည် ၂၀၅၀ ပြည့်နှစ်ရောက်ရှိချိန်တွင် ၁၀ ဘီလီယံနီးပါးသို့ ရောက်ရှိလာနိုင်သောကြောင့် အရင်းအမြစ်များရရှိရေးအတွက် ယှဉ်ပြိုင်မှုများရှိလာပြီး ပဋိပက္ခများ တိုးပွားလာနိုင်ကြောင်း၊ ကမ္ဘာတစ်ဝန်းလူဦးရေတိုးပွားလာခြင်း၊ သောက်သုံးရေနှင့် စားနပ်ရိက္ခာရရှိနိုင်ခြေနည်းပါးခြင်းနှင့် သဘာဝဘေးအန္တရာယ် ပိုမိုဖြစ်ပွားလာခြင်းတို့ကြောင့် ၂၀၅၀ ပြည့်နှစ် ရောက်ရှိချိန်တွင် လူဦးရေ တစ်ဘီလီယံကျော်သည် အိမ်ခြေရာမဲ့ ဖြစ်နေလိမ့်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ အဆိုပါ လေ့လာမှုအစီရင်ခံစာတွင် ဖော်ပြထားသည့် အရင်းအမြစ်များရရှိရေးအတွက် ယှဉ်ပြိုင်မှုများတွင် လူသားတိုင်းအတွက် မရှိမဖြစ် အရင်းအမြစ်မှာ ရေအရင်းအမြစ်ဖြစ်သည်။

### ကမ္ဘာ့ရေနေ့

လူသားများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးလာမှုကို ကာကွယ်ရန် ၁၉၉၂ ခုနှစ် ဇွန်လက ဘရာဇီးနိုင်ငံတွင် ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ရာသီဥတုညီလာခံ၏ အစီအစဉ်(၂၁) နောက်ဆက်တွဲ ဆုံးဖြတ်ချက်အရ ရေသယံဇာတ၏ အရေးပါမှုကို ဂရုပြုမိလာစေရန် နှစ်စဉ် မတ် ၂၂ ရက်ကို ကမ္ဘာ့ရေနေ့အဖြစ် သတ်မှတ်ခဲ့သည်။ လုံခြုံဘေးကင်းသည့်ရေ၊ ကောင်းမွန်သည့် ရေနှင့် သန့်ရှင်းမှုစနစ်တို့ကို လက်လှမ်းမမီဘဲ ကျန်ရှိခဲ့သူများစွာအတွက် အကြောင်းရင်းများ အလေးထားရှာဖွေ ဖြေရှင်းကြရန် ရည်ရွယ်၍ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ရေသည် သက်ရှိသတ္တဝါများအတွက် အရေးပါဆုံး ဓာတ်ဖြစ်ပြီး ရေဓာတ်မရှိပါက အသက်ရှင်ရန် မလွယ်ကူပေ။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုတွင်လည်း အဓိကအခန်းကဏ္ဍ၌ ပါဝင်နေသည်။ ကမ္ဘာ့မြေမျက်နှာပြင်၏ ၇၀ ရာခိုင်နှုန်းကျော်ကို ရေထုဖြင့် ဖုံးလွှမ်းထားသော်လည်း လူသားများ အသုံးပြုနိုင်သော သန့်စင်သည့် ရေပမာဏမှာ ၂ ဒသမ ၅ ရာခိုင်နှုန်းသာရှိသည်။ ကမ္ဘာ့လူဦးရေ တစ်ဘီလီယံခန့်သည် လုံခြုံဘေးကင်းသည့် သောက်သုံးရေ မရရှိနိုင်သေးသည့်အတွက် ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအပေါ် သက်ရောက်မှုများရှိနေသည်။ ကမ္ဘာ့လူဦးရေ ၂ ဒသမ ၃ ဘီလီယံခန့်သည်လည်း ကောင်းမွန်သည့် မိလ္လာစနစ်နှင့် အလှမ်းဝေးနေဆဲဖြစ်သည့်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၁၈ မှ ၂၀၂၈ ခုနှစ်အထိကို ရေဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆယ်စုနှစ်အဖြစ် သတ်မှတ်ထားသည်။

### သဘာဝဘေးအန္တရာယ်များ

ကမ္ဘာကြီးပူနွေးလာမှု၊ သစ်တောပြုန်းတီးမှု၊ တောတောင်ပြုန်းတီးမှု ၊ အဖိုးတန်ဓာတ်သတ္တုများ အလွန်အကျွံထုတ်ယူသုံးစွဲမှု၊ မြေအောက်ရေကို အလွန်အကျွံ ထုတ်ယူသုံးစွဲမှု အစရှိသည့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေနိုင်သော အပြုအမူလုပ်ရပ်များကြောင့် နောက်ဆက်တွဲ ကြုံတွေ့လာရသည့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့်အတူ သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်ကြုံတွေ့လာနေရပြီဖြစ်သည်။ ရာသီဥတုပြောင်းလဲ ဖောက်ပြန်လာမှုများကြောင့် စိုက်ပျိုးရေးကို အဓိက အားထားလုပ်ကိုင်နေကြရသည့် ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း ၊ မိုးခေါင်ခြင်း အစရှိသည့် သဘာဝဘေးဒဏ်တို့ကို အလူးအလဲ ခံစားနေကြရသည်။

### ရေရှားပါးသည့်ပြဿနာ

အချို့ဒေသများတွင် ရေကြီးခြင်းဒုက္ခကို ခံစားနေရသကဲ့သို့ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းတို့တွင် မိုးခေါင်မှုကြောင့် မိုးရေကိုသာ အဓိက အားထားနေရသည့် ဒေသများ၌ နွေရာသီတွင် စိုက်ပျိုးရေနှင့် သောက်သုံးရေရှားပါးမှု ၊ ပြတ်လပ်မှု ကြုံတွေ့နေသည်။ မြန်မာနိုင်ငံတွင် နွေရာသီ ရေရှားသည့်ပြဿနာကို အပူပိုင်းဇုန် တိုင်း သုံးတိုင်းဖြစ်သည့် စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများဆုံးကြုံတွေ့နေရပြီး ယခုအခါ ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာခြင်းများကြောင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင်လည်း ရေရှားပါးသည့်ပြဿနာကို နှစ်စဉ် ရင်ဆိုင်ကြုံတွေ့နေရသည်။ ရေရှားပါးပြတ်လပ်မှုများအား ချက်ချင်းတုံ့ပြန်နိုင်စေရန်နှင့် အချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ www.water-donation.com website တွင် ထုတ်ပြန်ထားရှိပြီးဖြစ်သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အထိ နွေရာသီ ရေရှားပါးကျေးရွာ ၂၂၃၆ ရွာသို့ ရေဂါလန်ပေါင်း ၃၀ ဒသမ ၀၃၅၄ သန်း ဖြန့်ဝေပေးခဲ့ပြီး အိမ်ခြေ ၀ ဒသမ ၅ သန်း၊ လူဦးရေ ၂ ဒသမ ၄၁ သန်း အကျိုးခံစားမှု ရရှိခဲ့သည်။ ဦးစီးဌာနပိုင် ရေသန့်စင်ကား ၁၀ စီးဖြင့်လည်းကောင်း၊ ရေသယ်ယာဉ် အစီး ၂၀ ဖြင့်လည်းကောင်း ရေရှားပါးကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိသည်။

နွေရာသီကာလအတွင်း သောက်သုံးရေမပြတ်လပ်စေရေးအတွက် ကျေးလက်ဦးစီးဌာနအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၈ ရက်က တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၇ ခုနှင့်အတူ virtual meeting ဖြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးကြီးများ၏ တင်ပြချက်အရ ၂၀၂၁ ခုနှစ် နွေရာသီကာလ တွင် မြို့နယ် ၈၆ မြို့နယ်ရှိ ကျေးရွာပေါင်း ၃၇၄ ရွာတွင် သောက် သုံးရေရှားပါးနိုင်ကြောင်း ခန့်မှန်းသိရှိရသည်။

နွေ၏အငွေ့အသက်ရရုံမျှဖြင့် ရေရှားပါးပြတ်လပ်မှုသတင်းများကို စတင်ကြားနေရပြီဖြစ်သည်။ ကယား ၊ စစ်ကိုင်း၊ မန္တလေး၊ ရှမ်း၊ နေပြည်တော်စသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ငါးခုရှိ ကနဦး သောက်သုံးရေ ရှားပါးသည့် ကျေးရွာ ၁၇ ရွာတွင် ရေဂါလန်ပေါင်း ၄၄၆၀၀ ကို ဖြန့်ဝေပေးခဲ့ပြီးဖြစ်သည်။ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်(၆) မျှော်မှန်းချက်များ၊ ကျေးလက်ရေရရှိရေး မဟာဗျူဟာပါ ရည်မှန်းချက်များ ပြည့်မီစေရေး၊ ကျေးလက်ဒေသများသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကြိုးပမ်းကြရာတွင် ပြည်သူ၏ပူးပေါင်းပါဝင်မှုသည် အလွန်အရေးပါသော အခန်းကဏ္ဍဖြစ်သည်။

ကမ္ဘာ့အပူချိန် တိုးလာခြင်းနှင့်အတူ မိုးခေါင်ခြင်း၊ သဲကန္တာရများတိုးလာခြင်းတို့က ရေရှားပါးမှုနှုန်းကို မြင့်တက်လာစေသည်။ ရေရှားပါးမှုကို ထိခိုက်ခံစားကြရသူများမှာ ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းကျော်ရှိသည်။ လွန်ခဲ့သော ငါးနှစ်တာ ကာလအတွင်း ကမ္ဘာ့လူဦးရေ ၈၄၄ သန်းသည် သောက်သုံးရေစနစ် မခံစားရသေးကြောင်း၊ လူ ၈၉၂ သန်းသည် အညစ်အကြေးများကို အကာအကွယ်မဲ့သည့် ပတ်ဝန်းကျင်များတွင် စွန့်ပစ်သည့်စနစ်ကို ကျင့်သုံးခဲ့ကြကြောင်း အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

### မြန်မာနိုင်ငံ၏သဘာဝလက်ဆောင်

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများ၏ စုစုပေါင်း ရေအရင်းအမြစ် ၁၆ ရာခိုင်နှုန်းအထိ ပိုင်ဆိုင်ထားပြီး အာရှဒေသ၏ ရေအရင်းအမြစ် ၁၂ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည်။ အလယ်ပိုင်း ခြောက်သွေ့သော အပူပိုင်းဒေသများမှ လွဲ၍ ရွာသွန်း မိုးရေ ကောင်းမွန်ခြင်း ၊ မြစ်ချောင်းများနှင့် သဘာဝရေကန်များစွာ ရှိနေခြင်းနှင့် မြေအောက်ရေ ထိန်းထားနိုင်သော အလွှာရှိနေခြင်းတို့မှာ သဘာဝက ပေးအပ်ထားသော လက်ဆောင်မွန်ဖြစ်သည်။

ရာသီဥတုဖြစ်စဉ်များနှင့်အတူ ဖြစ်ပေါ်လာသည့် ပုံမှန်မဟုတ်သော ရေကြီးရေလျှံမှု၊ မုန်တိုင်းဖြစ်ပေါ်မှုနှင့် အချို့ဒေသများတွင် ထူးခြားစွာ မိုးရေချိန်နည်းပါးခြင်း ၊ ဆည်တမံများ၌ ရေအဝင်နည်းခြင်း စသည့် အခြေအနေများကို ရင်ဆိုင်လာရသည်။ ၂၀၂၀ ပြည့်နှစ် မိုးရာသီတွင် ရေလှောင်တမံများ၌ သောက်သုံးရေ တစ်မျိုးတည်းသာ ပေးဝေနိုင်ခဲ့ပြီး နွေစပါးစိုက်ပျိုးရေပေးဝေရန် မလုံလောက်မှုကြောင့် အခြားသီးနှံများ ပြောင်းလဲ စိုက်ပျိုးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်လာရသည်။

မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲလာမှု၏ အကျိုးဆက်ကို သိသိသာသာခံစားနေရခြင်း၊ နိုင်ငံတစ်ဝန်းရှိ ရေဝေရေလဲဒေသများကို ထိန်းသိမ်းနိုင်စွမ်းမရှိခြင်းတို့ကြောင့် ရေအရင်းအမြစ်များ ဆုံးရှုံးပြီး နွေရာသီကာလ မရောက်မီကပင် မြစ်၊ ချောင်း၊ အင်းအိုင်များ၊ ရေတွင်းရေကန်များ ခန်းခြောက်လာသည်။ ဆည်မြောင်း ၊ တာတမံများလည်း ရေနည်းပါးခြင်းနှင့် ရင်ဆိုင်လာရသည်။ လူဦးရေ တိုးပွားလာမှုနှင့်အတူ မြို့ပြဖွံ့ဖြိုးလာခြင်း၊ ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လာခြင်းနှင့် ကျေးရွာအခြေပြု စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းတို့ကလည်း ရေအရင်းအမြစ်များ အလျင်အမြန်လျော့ပါးမှုကို တွန်းအားပေးလျက်ရှိသည်။

### ရေရယူသုံးစွဲပုံစနစ် မမှန်ကန်ခြင်း

သောက်သုံးရေကန်မှ ရေရယူသုံးစွဲပုံစနစ် မမှန်ကန်ခြင်းတွင် သောက်သုံးရေကန် သန့်ရှင်းရေး သတိပေးချက်များကို မလိုက်နာခြင်း ၊ သောက်သုံးရေကန် အနီးဝန်းကျင်၌ မိလ္လာ ၊ အညစ်အကြေးနှင့် စွန့်ပစ်ပစ္စည်း၊ အမှိုက်ပုံတို့ ရှိနေခြင်း ၊ သောက်သုံးရေကန်များကို ရေရှည်ထိန်းသိမ်းပြုပြင်မှုမရှိခြင်း၊ ရေတွင်းတူးရန် မြေနေရာရွေးချယ်မှု မမှန်ကန်ခြင်းတို့ ပါဝင်သည်။ သောက်သုံးရေတွင်းဖြစ်စေရန် အညစ်အကြေးစွန့်ပစ်သောနေရာနှင့် ပေ ၅၀ ဝေးကွာပြီး မြင့်သောအပိုင်းတွင် ရှိရမည်ဖြစ်သည်။ ရေဝပ်ရေလျှံသော နေရာကိုလည်း လုံးဝမရွေးချယ်မိရန် အရေးကြီးသည်။

ရေသည် သက်ရှိသတ္တဝါများအတွက် အရေးပါဆုံးဓာတ်ဖြစ်ပြီး ရေဓာတ်မရှိပါက အသက်ရှင်နိုင်မည်မဟုတ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း နှောင့်နှေးစေသည်။ လူဦးရေ တိုးတက်များပြားလာနေသော ယနေ့ကမ္ဘာကြီးတွင် ရေလိုအပ်ချက်သည် စိန်ခေါ်မှုတစ်ရပ်ဖြစ်သကဲ့သို့ ကမ္ဘာကြီး တည်တံ့ခိုင်မြဲရေးနှင့် ရေအရင်းအမြစ် လုံခြုံမှုရှိရေးသည်လည်း ဒင်္ဂါးတစ်ပြား၏ ခေါင်းနှင့် ပန်းပမာ ဖြစ်သည်။

### စနစ်တကျထိန်းသိမ်းသင့်

အစိုးရအနေဖြင့် ရေသယံဇာတများကို စနစ်တကျ စီမံခန့်ခွဲနိုင်မည့် အမျိုးသားရေသယံဇာတ ဥပဒေတစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ခြင်း ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို စနစ်တကျ လုပ်ဆောင်ခြင်း၊ အများပြည်သူတို့ကလည်း ရေလေလွင့်ဆုံးရှုံးမှုနည်းပါးစေရေးအတွက် စနစ်တကျ အသုံးပြုခြင်းဖြင့် ရေအရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းသင့်သည်။ ရေကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများကိုလည်း ကျော်လွှားနိုင်မည်ဟု မျှော်လင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# ကျန်းမာရေးဝန်ကြီးဌာနမှ အသုံးပြုလျက်ရှိသည့် ကာကွယ်ဆေးထိုး သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ် (VMIS) သည် Asian-Oceanian Computing Industry Organization (ASOCIO) အဖွဲ့အစည်းမှ ၂၀၂၁ ခုနှစ်အတွက် ပြုလုပ်သည့် ASOCIO ICT Award တွင် Digital Government Award ဆုရရှိ

**နေပြည်တော် အောက်တိုဘာ ၃၁**

ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုး လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ မှတ်တမ်းတင်ခြင်း၊ ကာကွယ်ဆေးသုံးစွဲမှုနှင့် ဆေးထိုးလုပ်ငန်းလွှမ်းခြုံမှုကို ကြီးကြပ်ခြင်း၊ ကာကွယ်ဆေးထိုးကတ်ပြားများထုတ်ပေးခြင်းစသည့် လုပ်ငန်းများအတွက် ကာကွယ်ရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ အသုံးပြုလျက်ရှိသည့် ကာကွယ်ဆေးထိုး သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ် (Vaccination Management Information System-VMIS) သည် Asian-Oceanian Computing Industry Organization (ASOCIO) အဖွဲ့အစည်းမှ ၂၀၂၁ ခုနှစ်အတွက် ပြုလုပ်သည့် ASOCIO ICT Award တွင် Digital Government Award ရရှိခဲ့သည်။

ASOCIO အဖွဲ့အစည်းသည် အာရှနှင့်သမုဒ္ဒရာဒေသအတွင်းရှိ နိုင်ငံများအတွင်း Information and Communications Technology-ICT နည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်းဖြင့် ကုန်ထုတ်စွမ်းအား၊ အသက်မွေးဝမ်းကျောင်း၊ ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများ တိုးမြှင့်လာစေရန် ရည်ရွယ်ပြီး ၂၀၂၁ ခုနှစ်တွင် ICT နည်းပညာ အသုံးပြုမှု အမျိုးအစား(၅)ခု ဖြစ်သော ASOCIO Outstanding Tech Company Award၊ ASOCIO Outstanding User Organization Award ၊ ASOCIO Digital Government Award ၊ ASOCIO EdTech Award နှင့် ASOCIO Health Tech Award တို့ဖြင့် အဖွဲ့ဝင် ၂၄နိုင်ငံမှ အမျိုးအစားအလိုက် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဆုချီးမြှင့်ခြင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ နိုဝင်ဘာ ၁၁ ရက်မှ ၁၄ ရက်အထိ ကျင်းပပြုလုပ်မည့် 2021 ASOCIO PIKOM DIGITAL SUMMIT ကျင်းပနေစဉ်အတွင်း နိုဝင်ဘာ ၁၂ ရက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စံတော်ချိန် ညနေ ၅ နာရီခွဲတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လေရှီးမြို့နယ် ဆွမ်ပရာမြို့ ဒေသခံပြည်သူများ လူမှုရေး၊ စီးပွားဖွံ့ဖြိုးရေးအတွက် များစွာအကျိုးပြုမည့် ချင်းတွင်းတံတား(ထမံသီ) တည်ဆောက်

**မုံရွာ အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုး၊ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်း၊ တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီးဦးတင်သန်းဝင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ပင်းမာကျေးရွာ ချင်းတွင်းတံတား (ထမံသီ) တည်ဆောက်ရေးရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။




ရှေးဦးစွာ တံတားတည်ဆောက်အထူးအဖွဲ့(၂)မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်သီဟက ချင်းတွင်းတံတား(ထမံသီ) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ကို ဆက်သွယ်ပေးမည့် ချင်းတွင်းမြစ်ကူး ချင်းတွင်းတံတား(ထမံသီ) တည်ဆောက်ပြီးစီးပါက လေရှီးမြို့နယ်၊ ဆွမ်ပရာမြို့နှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများ လူမှုစီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် များစွာအကျိုးပြုမည့် တံတားဖြစ်ပါ၍ တည်ဆောက်ရေး လုပ်ငန်းများကို အမြန်ပြီးစီးအောင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်စေလိုကြောင်း၊ လုပ်ငန်းပမာဏကြီးမားပြီး အချိန်ပြည့်လုပ်ဆောင်နေကြ၍ လုပ်ငန်း ခွင်ဘေး အန္တရာယ်ကင်းရှင်းရေးကိုလည်း သတိပြုစေလိုကြောင်း၊ တံတားတည်ဆောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများနှင့် ၎င်းတို့၏ လယ်ယာစိုက်ပျိုးရေး ဆောင်ရွက်မှုများကိုလည်း ထိခိုက်မှုမရှိအောင် ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ချင်းတွင်းတံတား(ထမံသီ) တည်ဆောက်နေမှုလုပ်ငန်းများ၊ ဘိုးပိုင်တူးခြင်းနှင့် ချဉ်းကပ်လမ်းဖောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။(ဓာတ်ပုံ)

အဆိုပါ တံတားသည် ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ပင်းမာ-ထမံသီ-လေရှီး မြို့-ပန်ဆပ်-ဆွမ်ပရာမြို့ လမ်းပေါ်တွင် ချင်းတွင်းမြစ်ကိုဖြတ်၍ တံတားအမျိုးအစား သံကူကွန်ကရစ်တံတားဖြစ်ပြီး တံတား အရှည် ၈၀၁ မီတာ x ၉.၄ မီတာ၊ တံတားအခန်းဖွင့် ၁၂၀ မီတာ၊ သံမဏိသံပေါင် x ၄ ခန်း+မီတာ ၃၀ ကြိုတင်အားဖြည့် သံကူကွန်ကရစ် ရက်မ x ၁၀ ခန်း + မီတာ ၂၀ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ တစ်ခန်း၊ ရေလမ်းကင်းလွတ်အမြင့်ပေ ၄၀၊ အကျယ် ၃၃၈ ပေဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

*✻ကျောဖုံးမှ*

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့ တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်နှင့် ကော့သောင်း မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နှင့် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်များအတွင်းရှိ အခြေခံပညာကျောင်းများ၏ သန့်ရှင်းသာယာလှပရေးအတွက် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကျောင်းဝင်းများအတွင်း၊ အပြင်ရှိ ချုံနွယ် ပေါင်းမြက်များ ခုတ်ထွင် ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီး ရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ခိုအောင်းနိုင်သော နေရာများ၌ ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မရမ်းကုန်းမြို့နယ်ရှိ အမှတ်(၂၉) အခြေခံပညာမူလတန်းကျောင်း၌ အောက်တိုဘာ ၃၁ ရက်နံနက်ပိုင်းက မြို့နယ်ပညာရေးမှူး ဦးဆောင်၍ စုပေါင်းသန့်ရှင်းရေးပြုလုပ်ပြီး ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ကြစဉ်။ မျိုးမင်းသိန်း(မရမ်းကုန်း)



ပန်လုံမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် အောက်တိုဘာ ၃၁ ရက်က မြို့အုပ်ချုပ်ရေးမှူး ဦးအာကာထွန်းသိန်း ဦးဆောင်ပြီး ဌာနဆိုင်ရာများစုပေါင်း၍ ကျောင်းဝင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ ပန်လုံ(ပြန်/ဆက်)

*❍ကျောဖုံးမှ*

တက်ရောက်ထားနိုင်သော်လည်း ယနေ့ပွဲစဉ်တွင် မန်ယူအသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။ နိုင်ပွဲရရှိရေး ဦးတည်လာသည့် မန်ယူအသင်းအနေဖြင့် ပွဲစသည်နှင့် စပါးအသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။

ယနေ့ပွဲစဉ်တွင် မန်ယူအသင်းမှ စီရော်နယ်ဒို၊ ကာဗာနီ၊ ဖာနန်ဒက်စ်တို့ အပေးအယူ အချိတ်အဆက်မိမိဖြင့် ခြေစွမ်းပြကစားနိုင်ခဲ့သည်။ ထို့အပြင် တိုက်စစ်ကို ဦးဆောင်ပွဲထွက်လာသည့် စီရော်နယ်ဒို၊ ကာဗာနီတို့ နှစ်ဦးစလုံး ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် နည်းပြ ဆိုးလ်ရှားအတွက် အားတက်စရာဖြစ်ခဲ့ပြီး ဖိအားများမှလည်း သက်သာရာရခဲ့သည်။ ပထမပိုင်းပွဲချိန် ၃၈ မိနစ်အထိ စပါးအသင်း၏ တံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် မန်ယူအသင်း အဖွင့်ဂိုးရရှိရန် ရုန်းကန်ခဲ့ရသည်။ သို့သော်လည်း ပွဲချိန် ၃၉ မိနစ်တွင် မန်ယူအသင်း အဖွင့်ဂိုးစတင်ရရှိခဲ့ပြီး ဖာနန်ဒက်စ်၏ ဖန်တီးမှုမှ စီရော်နယ်ဒိုက သွင်းယူပေးခဲ့သည်။ ထို့နောက် ပွဲချိန် ၄၈ မိနစ်တွင် မန်ယူအသင်းမှ စီရော်နယ်ဒို ဒုတိယဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ်က ပယ်ဖျက်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။

ပွဲချိန် ၆၄ မိနစ်တွင် မန်ယူအသင်း ဒုတိယဂိုးရရှိခဲ့ပြီး စီရော်နယ်ဒို၏ ဖန်တီးမှုမှ ကာဗာနီက သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက်တွင် ဆိုးလ်ရှားသည် စီရော်နယ်ဒိုကို အနားပေးကာ ရက်ဖို့ဒ်ကို ထည့်သွင်းအသုံးပြုခဲ့သည်။ ပွဲချိန် ၈၆ မိနစ်တွင် မန်ယူအသင်း တတိယဂိုးရရှိခဲ့ပြီး လူစားဝင် ကစားသမား မာတစ် ၏ ဖန်တီးမှုမှ ရက်ဖို့ဒ်က သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက်တွင် စပါးအသင်းရော မန်ယူအသင်းပါ ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် မန်ယူအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

မန်ယူအသင်းသည် ယခုအနိုင်ပွဲကြောင့် ပရီမီယာလိဂ် ပွဲစဉ်(၁၀) အပြီးတွင် ရမှတ် ၁၇ မှတ်ရှိလာပြီး ပြိုင်ဘက် စပါးအသင်းက ၁၅ မှတ် ရရှိထားသည်။ မန်ယူအသင်းသည် လာမည့်ပွဲစဉ်အဖြစ် ချန်ပီယံလိဂ် ပြိုင်ပွဲတွင် အတ္တလန်တာအသင်းနှင့် နိုဝင်ဘာ ၃ ရက်၌ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ စပါးအသင်းက ကွန်ဖရင့်လိဂ်ပြိုင်ပွဲတွင် ဗစ်တက်စ်အသင်းနှင့် နိုဝင်ဘာ ၅ ရက်၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်မှာလည်း အရင်အပတ်ကဖော်ပြခဲ့တဲ့ ဝါကျမှာမလိုအပ်ဘဲ စကားလုံးတွေထပ်ကာ မသုံးမိစေဖို့ နာမ်စား (pronoun) တွေအကြောင်း ဆက်ပြီးဖော်ပြပေးလိုက်ပါတယ်။ အထူးသဖြင့် Distributive Pronouns (ခွဲဝေမှုပြနာမ်စား) အသုံးပြုပုံကို အဓိပ္ပာယ်ရှင်းလင်းချက်များ၊ နမူနာဝါကျများနဲ့ ဖော်ပြပေးလိုက်ရုံသာမက ပိုမိုကျွမ်းကျင်သဘောပေါက်စေရန် လေ့ကျင့်ခန်းများနဲ့လည်း အားဖြည့်ပေးလိုက်ပါတယ်။ ဒါ့အပြင်စကားပြောခန်းမှာလည်း "Shortest way to talk about warnings–1" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အခန်းမှာလည်း နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်တူစကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

*(ယခင်အပတ်မှအဆက်)*

**Distributive Pronouns (ခွဲဝေမှုပြနာမ်စား)**

လူပုဂ္ဂိုလ်များ သို့မဟုတ် အရာဝတ္ထုပစ္စည်းများကို တစ်ကြိမ်တွင် တစ်ခုကိုသာ ညွှန်းဆိုသောနာမ်စားများကို Distributive Pronoun (ခွဲဝေမှုပြနာမ်စား) ဟု ခေါ်သည်။ each၊ every၊ either နှင့် neither တို့သည် Distributive Pronouns (ခွဲဝေမှုပြနာမ်စား) များဖြစ်ကြသည်။ ဒီနေရာတွင် each၊ every၊ either နှင့် neither တို့၏မြန်မာလိုအသုံးများကို ဖော်ပြရပေဦးမည်။

Each = တစ်ခုစီ

Every = (အရာ) တိုင်းသော

Either = နှစ်ခုအနက် တစ်ခုဖြစ်သော

Neither = not either = နှစ်ခုအနက် တစ်ခုမှမဟုတ်သော

Every = နှစ်ခုထက် ပိုသည့် အရာဝတ္ထုများအနက် တစ်ခုစီကို ရည်ညွှန်းသော

Distributive Pronoun (ခွဲဝေမှုပြနာမ်စား)သည် အမြဲတမ်းတစ်ခုကိန်းဖြစ်သည့်အတွက် အနည်းနာမ်နှင့် အနည်း ကြိယာလိုက်ရသည်။ ဥပမာ။


- Each new day is different.
- Either girl can do that.
- Neither answer is correct.
- Every applicant for the job was interviewed.

ဒီနေရာမှာ Each၊ Neither နဲ့ Either ဆိုသည့် စကားလုံးများနောက်တွင် of လိုက်ပြီး Each of၊ Neither of နှင့် Either of ဆိုပြီးသုံးလျှင် ၎င်းတို့၏နောက်တွင် အများနာမ်လိုက်ရပြီး ကြိယာက အနည်းကြိယာပဲဖြစ်ရမည်။ ဥပမာ။

- Each of the answers is correct.
- Neither of the girls can do that.
- Either of the two athletes is a footballer.

Either နှင့် Neither တို့ကို လူနှစ်ယောက် သို့မဟုတ် အရာဝတ္ထုပစ္စည်းနှစ်ခုအတွက်သာ အသုံးပြုသင့်ပြီး နှစ်ခုထက်ပိုပါက any၊ no one or none၊ anyone တို့ကိုသုံးပေးသင့်သည်။ ဥပမာ။

- None of the three answers is correct.




- We invited several friends, but none came.
- You can take any of the three shirts.
- You can take anyone of these ten books.
- None of the eleven players played well.

Each ကိုဝါကျ၏ မည်သည့်နေရာတွင်မဆို ထားသုံးနိုင်သည်။ Each ကို သုံးသည့်အခါ အရေအတွက် ဘယ်လောက်မဆိုရှိနိုင်သည်။ ဥပမာ။

- Each of the boys was given a present.
- The boys were each given a present.
- We each think the same.
- Each of the winners was awarded a prize.
- The boys received $ 200 each.

ဒီနေရာတွင် Each and Every ဆိုသည့်အသုံးကိုလည်း အလျှင်းသင့်၍ ဖော်ပြပေးဦးမည်။ Each and every ကို အလေးအနက်ထားပြောကြား၊ ရေးသားလိုသည့်အခါတွင် အသုံးပြုရသည်။ အနည်းကြိယာလိုက်သည်။ ဥပမာ။

- Each and every member of the resident has collected his/her (their) access card.

**Exercise (1) Solve the exercise of distributive pronouns. Fill in the blanks by using the words "either", "neither", "any", "everyone", "none".**

1. __________ he was sleeping or he was on Viber. (either / neither /any)
2. __________ seemed to like the pizza place we went to. (neither / everyone / either)
3. You can bring __________ food you want to dinner tonight. (neither / everyone / either)
4. __________ is complaining about the cold weather lately. (neither / each / everyone)
5. For __________ vegetable, there are benefits and disadvantages. (neither / each / everyone)
6. __________ of them is a vegetarian. (neither / either / any)
7. Do you want to come with me at __________ time? (neither / any / everyone)
8. __________ person is responsible for their own actions. (neither / each / everyone)
9. We have had enough of their bickering. __________ do we any more. (neither / each / everyone)
10. __________ time is not going to be the same, depending on the situation. (neither / each / everyone)
11. The candidate has __________ of the qualities we require. (none / each / everyone)
12. __________ she came to school by bike or by bus. (neither / each / everyone)

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

**Exercise (1) မှအဖြေများ**

| | | | |
|---|---|---|---|
| 1.This | 2. Those | 3. This | 4. That |
| 5.These | 6.That | 7.These | 8.These |
| 9. That | 10. Those | | |

**Exercise (2) မှအဖြေများ**

| | | | |
|---|---|---|---|
| 1. That | 2. This | 3. These | 4. That |
| 5. Those | 6. That | 7. Those | 8. Those |
| 9. This | 10. That | | |

## VOCABULARY (SYNONYMS)

1. colossal = huge (အလွန်ကြီးမားသော)
2. commence = begin (စတင်သည်)
3. compel = force (အတင်းအကျပ်ခိုင်းသည်)
4. comprehend = understand (သဘောပေါက်နားလည်သည်)
5. conceal = hide (ဖုံးကွယ်ထားသည်)
6. conclusion = end (နိဂုံး)
7. confess = admit (ဝန်ခံသည်)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about warnings – 1

တစ်စုံတစ်ယောက်ကို တစ်ခုခုနဲ့ပတ်သက်ပြီး သတိပေးတဲ့အခါ ဘယ်လိုမျိုးသုံးရမလဲဆိုတဲ့ အသုံးအနှုန်းတွေကို ဒီတစ်ပတ်မှာ Shortest way to talk about warnings–1 ဆိုပြီး ဖော်ပြပေးလိုက်ပါတယ်။




***I wouldn't … if I were you***

***I wouldn't …***

***I don't think you should …***

***Don't …***

***Don't …. whatever you do…***

၁။ တစ်စုံတစ်ယောက်ကို ဘာမလုပ်နဲ့ဆိုပြီး သွယ်ဝိုက်သတိပေးတဲ့အခါမှာ I wouldn't … if I were you ဆိုပြီး ပြောနိုင်ပါတယ်။ ဒီအသုံးအနှုန်းမှာတော့ ဘာကြောင့်မလုပ်နဲ့ဆိုတဲ့အပေါ် အကြောင်းပြချက်ဖော်ပြနိုင်ပြီး အရပ်သဘောဆန်ဆန်သုံးနိုင်ပါတယ်။ အဓိပ္ပာယ်ကတော့ "ငါသာမင်းနေရာမှာဆိုရင် ငါလုပ်မှာမဟုတ်ဘူးဆိုတဲ့" သဘောပါ။ ဥပမာ။

- I wouldn't buy a car from that garage if I were you, Jim. Bob bought one which stopped going as soon as he got it home.
  Thanks for telling me, Mike. I'll go somewhere else then.
- I wouldn't lend Jim money if I were you. I lent him some two years ago and he still hasn't paid it back.
  Is that so? Then I'm certainly not going to lend him any.
- I wouldn't rent a flat in that area if I were you. It's not safe there after dark.
  I didn't know that. I certainly won't buy a flat there.

**ဘာသာစကားရှုထောင့်**

တစ်ခါတစ်ရံမှာ If I were you မပါဘဲ I wouldn't … ဆိုပြီးတော့လည်းသုံးနိုင်ပါတယ်။ ဥပမာ။

- I wouldn't take your car into the town centre. It's almost impossible to park and parking places are very expensive.
  If that's the case, I'll take the bus.
- I wouldn't go there at this time of year. It's likely to be unpleasantly hot.
  That won't put me off. I love the heat.

၂။ နောက်တစ်ခုခု မလုပ်ဖို့ သွယ်ဝိုက်သတိပေးတဲ့အခါမှာ အပြောများတဲ့ ပုံစံတစ်မျိုးကတော့ I don't think you should … ပဲ ဖြစ်ပါတယ်။ ဆိုလိုတာကတော့ "မင်းလုပ်သင့်တယ်လို့ ငါတော့ မထင်ဘူး" ဆိုတဲ့ သဘောပဲဖြစ်ပါတယ်။ ဥပမာ။

- I don't think you should buy a second–hand washing machine from that shop. You won't get a guarantee with it and it might break down soon.
- I don't think you should spend such a lot of money on a dress for Jane's wedding. You'll have money left to buy shoes and a bag.
  You're probably right, but I'm going to buy it anyway. It's gorgeous.
- I don't think you should go to that nightclub. It has a reputation for supplying drugs.
  I didn't know that! I'm not going to go near it.

၃။ တိုက်ရိုက်သတိပေးတဲ့အခါ သုံးတဲ့အသုံးတွေအနေနဲ့ ပထမဆုံး ဖော်ပြမယ့်စကားစုကတော့ don't …ပဲဖြစ်ပါတယ်။ "မလုပ်နဲ့" ဆိုတဲ့သဘောပါပဲ။ ဥပမာ။

- Don't touch those plates. They're very hot.
- Don't go near that wall! The paint's still wet.
- Don't come in here! The floor's wet and you might slip.

**ဘာသာစကားရှုထောင့်**

တစ်ခါတစ်ရံမှာ don't … ရဲ့နောက်မှာ whatever you do ဆိုတဲ့စကားစုကို ထည့်ပြီးပြောနိုင်ပါတယ်။ "ဘာပဲဖြစ်ဖြစ် ဒါကိုမလုပ်နဲ့" ဆိုတဲ့ သဘောပါပဲ။ ဥပမာ။

- Don't turn that switch off, whatever you do. It switches the heating off.
- Don't ride that bike, whatever you do! The brakes are faulty.

**Conversation**

**Give someone a warning**

Sally: Don't come in here! I've just washed the kitchen floor and it's still wet!

Jill: I'll just go into the living room, then.

Sally: I don't think you should disturb Sam. He's studying in there.

Jill: I'll just go up to my room, then.

Sally: OK, but you don't touch the bathroom door, whatever you do. The paint's wet.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# အီရန်နျူကလီးယားအစီအစဉ်နှင့် ပတ်သက်ပြီး စိုးရိမ်မိကြောင်း အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီတို့ ထုတ်ဖော်ပြောကြား

**တီဟီရန် အောက်တိုဘာ ၃၁**

အီရန်နျူကလီးယားအစီအစဉ် အရှိန်မြှင့်ခြင်းနှင့် ပတ်သက်၍အမေရိကန်အပါအဝင် ဥရောပမဟာမိတ် သုံးနိုင်ငံတို့သည် ၎င်းတို့၏စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောကြားခဲ့သည်။ ၂၀၁၅ ခုနှစ် အီရန်နျူကလီးယားအစီအစဉ်ဆက်လက်ရှင်သန်စေရေး အတွက်လည်း တိုက်တွန်းခဲ့ကြသည်။

အမေရိကန် သမ္မတဂျိုးဘိုင်ဒင်အပါအဝင် ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့မှ ခေါင်းဆောင်များသည် အောက်တိုဘာ ၃၀ ရက်တွင် ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့သည်။ ဂျီ -၂၀ ထိပ်သီးအစည်းအဝေး ပြုလုပ်ရာ ရောမမြို့တွင် အဆိုပါခေါင်းဆောင်များ တွေ့ဆုံခဲ့ကြသည်။ ဇွန်လအတွင်းမှစတင်ကာ နျူကလီးယားသဘောတူစာချုပ် ပြန်လည်ရှင်သန်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများကို အီရန်ဘက်မှ ဆိုင်းငံ့ခဲ့ပြီးနောက် စိုးရိမ်ပူပန်မှုများ များလာရကြောင်း ပူးတွဲကြေညာချက်တွင် ဖော်ပြခဲ့သည်။ အီရန်နိုင်ငံသည် ယူရေနီယံသန့်စင်မှုပမာဏတိုး၍ ပြုလုပ်လာခြင်းအပါအဝင် နျူကလီးယားနှင့် ပတ်သက်သည့် ခြေလှမ်းများစိပ်လာသည့်အတွက်လည်း စိုးရိမ်မိကြောင်း ဖော်ပြခဲ့သည်။

အမေရိကန်နှင့် အီရန်တို့ကြား ဆွေးနွေးပွဲများ ဖြစ်မြောက်ရေးအတွက် ဥရောပသမဂ္ဂသည် ကြားဝင်စေ့စပ်ပေးခဲ့သည်။ နိုဝင်ဘာလနှောင်းပိုင်းတွင် အမေရိကန်ပြည်ထောင်စုနှင့် ဆွေးနွေးပွဲ ပြန်လည်စတင်နိုင်ရေးအတွက် အီရန်နိုင်ငံမှ အချက်ပြလျက်ရှိသည်။

အင်န်အိတ်ချ်ကေ



ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်၊ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်၊ ဂျာမနီဝန်ကြီးချုပ်အင်ဂျလာ မာကယ်နှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့ကို တွေ့ရစဉ်။

# လာအိုနိုင်ငံ၌ ကိုဗစ် -၁၉ ကူးစက်မှုများ များပြားလာသည့်အတွက် အသွားအလာပိတ်ဆို့ကန့်သတ်မှုအချိန်ကို တိုးမြှင့်

**ဗီယင်ကျန်း အောက်တိုဘာ ၃၁**

လာအိုနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်မှုများ များပြားလာသည့်အတွက် အသွားအလာပိတ်ဆို့ကန့်သတ်မှုကို နောက်ထပ် ၁၅ ရက် တိုးမြှင့်လိုက်သည်ဟု သိရသည်။

ဝန်ကြီးချုပ်ရုံး ဒုတိယအကြီးအကဲ သီဖာခွန် ချန်သာဗွန်ဂ်စာက လာအိုနိုင်ငံမြို့တော် ဗီယင်ကျန်းမြို့တွင် အောက်တိုဘာ ၃၀ ရက်က အသွားအလာပိတ်ဆို့ကန့်သတ်မှုနှင့် ပတ်သက်၍ သတင်းထောက်များကို ပြောကြားခဲ့သည်။



လာအိုနိုင်ငံတွင် အသွားအလာပိတ်ဆို့ကန့်သတ်ထားမှုအား တွေ့ရစဉ်။

လာအိုနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်မှုများ များပြားလာသည့်အတွက် အသွားအလာပိတ်ဆို့ကန့်သတ်မှု ပြုလုပ်ရန် လိုအပ်ကြောင်း၊ မကြာသေးမီရက်ပိုင်းအတွင်း လာအိုနိုင်ငံတွင် ဒေသတွင်း ကူးစက်မှုများတိုးလာကြောင်း ၎င်းကပြောကြားခဲ့သည်။ လာအိုနိုင်ငံသားများနှင့် လာအိုနိုင်ငံတွင် နေထိုင်ကြသည့် နိုင်ငံခြားသားများ လုံခြုံစိတ်ချရရေးအတွက် ကိုဗစ် -၁၉ ကန့်သတ်မှုများပြုလုပ်ရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ကြောင့် လူသေဆုံးမှုများကို တတ်နိုင်သမျှ တားဆီးကာကွယ် သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

လာအိုနိုင်ငံ၌ အောက်တိုဘာ ၃၁ ရက်တွင် ကိုဗစ် -၁၉ နောက်ထပ် ကူးစက်ခံရသူ ၆၇၉ ဦးရှိပြီး ပြည်ပမှကူးစက်လာသူ ခြောက်ဦးရှိသည်ဟု ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းကော်မတီက ပြောသည်။

လာအိုနိုင်ငံတွင် ကိုဗစ် -၁၉ စုစုပေါင်းကူးစက်ခံရသူ ၄၀၂၇၁ ဦးရှိပြီး သေဆုံးသူ ၆၅ ဦးရှိပြီဖြစ်သည်။ လာအိုနိုင်ငံတွင် ပြီးခဲ့သည့်နှစ် မတ်လ ၂၄ ရက်မှ စတင်ကာ ကိုဗစ် -၁၉ ကူးစက်မှုကို စတင်တွေ့ရှိခဲ့သည်။

ဆင်ဟွာ

# ကမ္ဘောဒီးယား၌ အသက် ငါးနှစ်အရွယ်ကလေးများကို ဆီနိုဗက်ကာကွယ်ဆေး ထိုးပေးမည်

**ဖနောင်ပင် အောက်တိုဘာ ၃၁**

ကမ္ဘောဒီးယားနိုင်ငံတွင် နိုဝင်ဘာ ၁ ရက်မှစတင်ကာ တရုတ်နိုင်ငံထုတ် ဆီနိုဗက်ကာကွယ်ဆေးကို အသက် ငါးနှစ် အရွယ်ကလေးများအား စတင်ထိုးပေးမည်ဟု ကျန်းမာရေးဝန်ကြီးဌာနက အောက်တိုဘာ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။ ပြည်နယ်နှင့် မြို့ပေါင်း ၂၅ခုမှ အသက်ငါးနှစ်အရွယ် ကလေးများကို နိုဝင်ဘာ ၁ရက်မှစတင်ကာ ကာကွယ်ဆေးထိုးပေးမည်ဖြစ်ပြီး ဆေးနှစ်ကြိမ်ထိုးပေးမည်ဖြစ်သည်။



ကမ္ဘောဒီးယားနိုင်ငံတွင် မိန်းကလေးငယ်တစ်ဦးအား ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

ပထမတစ်ကြိမ် ကာကွယ်ဆေးထိုးပြီး ၂၈ ရက်အကြာတွင် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးပေးမည်ဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အော်ဗန်ဒိုင်းက ပြောသည်။

ကလေးများကို ကာကွယ်ဆေးထိုးပေးရန် ခေါ်ဆောင်လာစဉ် အုပ်ထိန်းသူမိဘများသည် မွေးစာရင်း၊ မိသားစုမှတ်တမ်းစာအုပ်ကို ယူဆောင်လာရမည်ဖြစ်သည်။ နိုင်ငံအတွင်း အသက်ခြောက်နှစ်နှင့်အထက် လူဦးရေ ၁၃ ဒသမ ၇ သန်းကို အနည်းဆုံးတစ်ကြိမ် ကာကွယ်ဆေးထိုးပေးပြီးဖြစ်သည်။

ဆင်ဟွာ

# အီရန်နိုင်ငံ၌ ကိုဗစ်– ၁၉ နောက်ထပ် ကူးစက်ခံရသူ ၆၈၀၉ ဦး ထပ်မံတွေ့ရှိ

**တီဟီရန် အောက်တိုဘာ ၃၁**

အီရန်နိုင်ငံတွင် အောက်တိုဘာ ၃၀ ရက်က ကိုဗစ်–၁၉ နောက်ထပ် ကူးစက်ခံရသူ ၆၈၀၉ ဦး ထပ်မံတွေ့ရှိခဲ့ပြီး နိုင်ငံတစ်ဝန်း ကူးစက်ခံရသူ စုစုပေါင်းမှာ ၅၉၁၆၂၁၁ ဦး ရှိလာသည်ဟု အီရန်ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ကြောင့် သေဆုံးသူ ၁၂၈ ဦး ရှိရာ သေဆုံးသူ စုစုပေါင်းမှာလည်း ၁၂၆၁၂၆ ဦး ရှိလာကြောင်း ကျန်းမာရေးနှင့်ဆေးဘက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနက အောက်တိုဘာ ၃၀ ရက်တွင် ထုတ်ပြန်ခဲ့သည်။ အောက်တိုဘာ ၃၀ ရက်အထိ အီရန်နိုင်ငံတွင် ပထမအကျော့ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပြီးသူ ၅၂၃၇၉၀၅၇ ဦးရှိပြီး ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးသူ ၃၃၆၇၄၀၇၃ ဦးရှိသည်ဟု သိရသည်။ နိုင်ငံတစ်ဝန်း ဆေးစစ်မှုပေါင်း ၃၅၄၀၃၈၆၀ ကို ပြုလုပ်ပေးခဲ့ပြီး ဖြစ်သည်။

ကိုဗစ်–၁၉ တိုက်ဖျက်ရေးအမျိုးသားလုပ်ငန်းအဖွဲ့အစည်းအဝေးတွင် အီရန်သမ္မတအီဘရာဟင်ရိုင်စီ က စည်းမျဉ်းစည်းကမ်းများအတိုင်း ဒီဇင်ဘာလတွင် တက္ကသိုလ်များနှင့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စီစဉ်သွားရန် ပြောကြားခဲ့သည်။

ဆင်ဟွာ

# ကိုဗစ်–၁၉ တတိယအကျော့အတွက် အင်ဒိုနီးရှား ကြိုတင်မျှော်မှန်းထား

**ဂျကာတာ အောက်တိုဘာ ၃၁**

အင်ဒိုနီးရှားနိုင်ငံသည် ဗီဇပြောင်းဒယ်လ်တာ ကူးစက်မှုများကြောင့် ဖြစ်ပေါ်လာရသည့် ကိုဗစ်–၁၉ ဒုတိယအကျော့ကို ထိန်းချုပ်နိုင်ရေးအတွက် စီမံခန့်ခွဲခဲ့ရသည်။ သို့သော်လည်း အင်ဒိုနီးရှားနိုင်ငံသည် ယခုအချိန်အထိ ဗိုင်းရပ်စ်ကူးစက်မှုမှ သက်သာရာမရသေးချေ။

ကမ္ဘာကြီးသည် ကိုဗစ်–၁၉ ကူးစက်မှုမှ မကင်းလွတ်နိုင်သေးရာ အင်ဒိုနီးရှားနိုင်ငံသည်လည်း နောက်ထပ်ဗီဇပြောင်းများ ကူးစက်ခံရမည့် ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။ မကြာသေးမီက ပြုလုပ်ခဲ့သည့် အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းရှိ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်း အကြီးအကဲများနှင့် ပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် ကိုဗစ်–၁၉ တတိယအကျော့ ကူးစက်မှုမှ ကာကွယ်နိုင်ရေး အစွမ်းကုန်ကြိုးပမ်းကြရန် သမ္မတဂျိုကိုဝီဒိုဒိုက တောင်းဆိုခဲ့သည်။ ခရစ္စမတ်နှင့် နှစ်သစ်ကူး အားလပ်ရက်များတွင် ကိုဗစ်–၁၉ တတိယအကျော့ ဖြစ်လာနိုင်သည်ဟု ခန့်မှန်းထားသည်။

ပြီးခဲ့သည့်နှစ်အတွင်းကလည်း ယင်းကာလ၌ပင် လူစုလူဝေးများနှင့် ခရီးသွားလာမှုများကြောင့် ကိုဗစ်– ၁၉ ကူးစက်မှုများပြားလာစေရန် ဦးတည်ခဲ့သည်။ ယခုနှစ်တွင် လူအများအပြားခရီးထွက်ခြင်းကို တားဆီးနိုင်ရန်အတွက် ဒီဇင်ဘာ ၂၄ ရက်(သောကြာနေ့) ခရစ္စမတ်အားလပ်ရက်ကို ယခင်လိုပေးတော့မည် မဟုတ်ပေ။ ဒီဇင်ဘာ ၂၅ ရက်မှသာ အားလပ်ရက်ရမည်ဖြစ်သည့်အတွက် ပိတ်ရက်ရှည်ပေးတော့မည် မဟုတ်ပေ။

ဆင်ဟွာ

# ကာလရှည်ကြာ ပဋိပက္ခများအပြီး ခရီးသွားများကို ပြန်လည်ကြိုဆိုနိုင်ပြီဖြစ်သည့် လစ်ဗျားနိုင်ငံ

*ကေကေစိုး*

လစ်ဗျားနိုင်ငံသည် ဆယ်စုနှစ်တစ်စုစာအတွင်း ပထမဆုံးအကြိမ်အဖြစ် နိုင်ငံခြားခရီးသွားအုပ်စုကို ပြန်လည် ကြိုဆိုလက်ခံနိုင်ပြီဖြစ်သည်။

**ခရီးသွားများဝင်ရောက်နိုင်ပြီဖြစ်**

နှစ်ပေါင်းများစွာကြာ စစ်ပွဲကြောင့် ခရီးသွားများ လစ်ဗျားနိုင်ငံအတွင်းသို့ လာရောက်မလည်ပတ်နိုင်သည်မှာ ကြာနေပြီဖြစ်သော်လည်း ယခုအခါ လေ့လာရေးထွက်လာသည့် ခရီးသွားတစ်စုသည် အိုအေစစ်မြို့လေးသို့ လာရောက်လည်ပတ်နေပြီဖြစ်သည်။ ပြင်သစ်ခရီးသွား Jean-Paul မှာ ဆယ်စုနှစ်တစ်စုစာ ကြာမြင့်ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် လစ်ဗျားနိုင်ငံသို့ လာရောက်နိုင်ခဲ့သည်။ ခရီးစဉ်အတွင်း ဥရောပခရီးသွားအများစု ပါဝင်သည့် ခရီးသွား ၁၀၀ လည်း ပါဝင်ခဲ့သည်။

**လာရောက်လည်ပတ်နိုင်ပြီဖြစ်**

ထူးခြားသောရှုခင်းများနှင့် နွေးထွေးစွာ ကြိုဆိုတတ်သောပြည်သူများရှိရာ နိုင်ငံသို့ လာရောက်လည်ပတ်လိုသည်မှာ ကာလရှည်ကြာမြင့်နေပြီဟု ၎င်းကပြောသည်။ လွန်ခဲ့သည့် ၁၀ နှစ်တာ ကာလအတွင်း လစ်ဗျားနိုင်ငံသို့ လာရောက်လည်ပတ်ရန် စိတ်ကူးမှာ မဖြစ်နိုင်ခဲ့ပေ။ ထို့နောက်တွင် လုံခြုံရေးကအစ သေချာပြုလုပ်ပေးထားသော ကြီးကြပ်မှုကောင်းသည့် ခရီးစဉ်တစ်ခုဖြင့် လာရောက်လည်ပတ်နိုင်ခဲ့သည်ဟု ၎င်းကဆက်ပြောသည်။ အဆိုပါဒေသရှိလူများမှာ နွေးထွေးစွာကြိုဆိုကြပြီး လစ်ဗျားနိုင်ငံမှာ ခရီးသွားများကို ပြန်လည်ကြိုဆိုလိုကြောင်း သိသာလှသည်ဟုလည်း ပြောကြားခဲ့သည်။

**ခရီးသွားများကို ဆွဲဆောင်လျက်ရှိ**

လစ်ဗျားနိုင်ငံ၏ အိုအေစစ်မြို့ကလေးဖြစ်သော ဂတ်ဒိမ်းစ်တွင် ရဲတပ်ဖွဲ့ယာဉ်တန်းမှ လုံခြုံရေးသတိပေးသံများလည်း ကြားနေသည်။ စွန်ပလွံပင်များကြား ဆောက်လုပ်ထားသည့် အဖြူရောင်အဆောက်အအုံဟောင်းများက ခရီးသွားများကို ဆွဲဆောင်လျက်ရှိသည်။ လုံခြုံရေးတင်းကျပ်ထားသည့် ယာဉ်တန်းက ပြင်သစ်၊ အီတလီနှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ ခရီးသွားများကို တင်ဆောင်လာသည်။ လစ်ဗျားနိုင်ငံသည် နိုင်ငံကို ဆယ်စုနှစ်လေးစုကြာအုပ်ချုပ်ခဲ့သော မိုအာမာ ကဒါဖီ လက်ထက် တစ်လျှောက်လုံးတွင် ခရီးသွားများကို အကန့်အသတ်မရှိ လက်ခံခဲ့သည်။



လစ်ဗျားနိုင်ငံအတွင်း လာရောက်လည်ပတ်နေကြသည့် နိုင်ငံခြားခရီးသွားများကို တွေ့ရစဉ်။

**လာရောက်လည်ပတ်နိုင်ခြင်းမရှိတော့**

၂၀၁၁ ခုနှစ်တွင် ကဒါဖီပြုတ်ကျသွားပြီးနောက် တိုင်းပြည်မှာ လက်နက်ကိုင်ပဋိပက္ခများ ကျရောက်ခဲ့ပြီး နိုင်ငံခြားခရီးသွားများမှာလည်း လစ်ဗျားနိုင်ငံသို့ လာရောက်လည်ပတ်နိုင်ခြင်း မရှိတော့ချေ။ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွင်း အပစ်အခတ်ရပ်စဲရေးနှင့် ကုလသမဂ္ဂဦးဆောင်သည့် ငြိမ်းချမ်းရေးဖြစ်စဉ်ကြောင့် အခြေအနေများ အတော်အတန်တည်ငြိမ်လာသည်ကို ကျေးဇူးတင်ရမည်ဖြစ်သည်။ ယင်းသို့ အခြေအနေများ အတန်အသင့် တည်ငြိမ်လာမှုကြောင့် ခရီးသွားများ ပြန်လည် လည်ပတ်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

❑ ထူးခြားသောရှုခင်းများနှင့် နွေးထွေးစွာ ကြိုဆိုတတ်သော ပြည်သူများရှိရာ နိုင်ငံသို့ လာရောက်လည်ပတ်လိုသည်မှာ ကာလရှည်ကြာမြင့်နေပြီဟု ၎င်းကပြောသည်။ လွန်ခဲ့သည့် ၁၀ နှစ်တာကာလအတွင်း လစ်ဗျားနိုင်ငံသို့ လာရောက်လည်ပတ်ရန် စိတ်ကူးမှာ မဖြစ်နိုင်ခဲ့ပေ။ ထို့နောက်တွင် လုံခြုံရေးကအစ သေချာပြုလုပ်ပေးထားသော ကြီးကြပ်မှုကောင်းသည့် ခရီးစဉ်တစ်ခုဖြင့် လာရောက်လည်ပတ်နိုင်ခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။ အဆိုပါဒေသရှိလူများမှာ နွေးထွေးစွာကြိုဆိုကြပြီး လစ်ဗျားနိုင်ငံမှာ ခရီးသွားများကို ပြန်လည်ကြိုဆိုလိုကြောင်း သိသာလှသည်ဟုလည်း ပြောကြားခဲ့

**ကြောက်စိတ်နံရံကြီးကိုဖြိုဖျက်လို**

၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ခရီးသွားများ လာရောက်လည်ပတ်နိုင်ခဲ့ခြင်းဖြစ်သည်။ ကျယ်ပြန့်လှသော လစ်ဗျားဆာဟာရကန္တာရကြီးဆီ လာရောက်လည်ပတ်လိုကြသော ခရီးသွားများ၏ ရင်ထဲမှ ကြောက်စိတ်နံရံကြီးကို ဖြိုဖျက်လိုသည်ဟု ခရီးသွားလမ်းညွှန်တစ်ဦးဖြစ်သူ အလီအယ်ခူဘာက ပြောသည်။

ခရီးသွားများသည် စက်တင်ဘာလအတွင်းက နယ်စပ်စတင်ဖွင့်ပေးခဲ့သော တူနီးရှားနိုင်ငံ နယ်စပ်ကို ဖြတ်ကျော်ကာ လစ်ဗျားသို့ ရောက်ရှိလာကြခြင်းဖြစ်သည်။ တူနီးရှားနယ်စပ်မှာလည်း ကိုဗစ် – ၁၉ ကူးစက်မှု အခြေအနေများကြောင့် လပေါင်းများစွာကြာ ပိတ်ထားခဲ့ရသည်။

**အိုအေစစ်မြို့အဖြစ်စာရင်းသွင်းထား**

လစ်ဗျားနိုင်ငံတောင်ပိုင်းရှိ သဲခုံများနှင့် ကျောက်ဆောင်များသို့ မရောက်မီ ခရီးသွားများသည် ကြယ်တာရာများအောက်တွင် တစ်ညတာ အချိန်ဖြုန်းခဲ့ကြသည်။ နောက်ဆုံးတွင် ကန္တာရ၏ ပုလဲရတနာဟု တင်စားရသော ဂတ်ဒိမ်းစ်သို့ ရောက်ရှိခဲ့ကြသည်။ အဆိုပါဒေသမှာ လစ်ဗျားနိုင်ငံ မြို့တော်ထရီပိုလီ တောင်ဘက် ကီလိုမီတာ ၆၅၀ အကွာတွင်ရှိသည်။ အဆိုပါဒေသကို ယူနက်စကိုက အိုအေစစ်မြို့အဖြစ် စာရင်းသွင်းထားသည်။ ရိုးရာအိမ်များ၊ အခြားသော လည်ပတ်စရာနေရာများတွင် ခရီးသွားများ လှည့်ပတ်သွားလာကာ ဓာတ်ပုံများ ရိုက်ယူကြသည်။

**အဓိကနေရာတွင်ရပ်တည်ခြင်းမရှိ**

အသက်၆၇နှစ်အရွယ်ပြင်သစ်ခရီးသွားကြီးကမူ ၎င်းအနေဖြင့် လစ်ဗျားနိုင်ငံသို့ နှစ်ကြိမ်တိုင်တိုင် ရောက်ဖူးကြောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် တစ်ကြိမ်ရောက်ဖူးကြောင်း ပြောသည်။ လစ်ဗျားနိုင်ငံသို့ သွားရောက်လည်ပတ်ရန် အုပ်စုတစ်စုနှင့်တွေ့သည့်အခါ တွန့်ဆုတ်နေခြင်းမရှိဘဲ လာရောက်လည်ပတ်ဖို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။ ခရီးသွားလုပ်ငန်းမှာ လစ်ဗျားနိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် အဓိကနေရာ၌ ရပ်တည်နေခြင်းမရှိပေ။

**အမေရိကန်ဒေါ်လာသန်း ၄၀ ဝင်ငွေရ**

၂၀ ရာစုအလယ်ပိုင်းမှစတင်ကာ လစ်ဗျားနိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်းမှာ ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းပင်ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်များက ကဒါဖီသည် ပြင်ပကမ္ဘာနှင့် ဆက်ဆံရေးကို ပြင်ဆင်ခဲ့ပြီးနောက် ၂၀၀၃ ခုနှစ်တွင် ကုလသမဂ္ဂ၏ တိုက်တွန်းချက်ဖြင့် လေယာဉ်ပျံသန်းမှုပိတ်ဆို့ထားချက်များအပါအဝင် အခြားသောပိတ်ဆို့မှုများကို ဖြေလျှော့ပေးခဲ့သည်။ လစ်ဗျားနိုင်ငံတွင် ခရီးသွားကဏ္ဍအတွက် ပထမဆုံးအကြိမ်အဖြစ် ဝန်ကြီးဌာန ပေါ်ပေါက်လာသည်။ ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံခြားခရီးသွား ၁၁၀၀၀၀ ကို ဝင်ရောက်ခွင့်ပြုပေးခဲ့သည်။ ခရီးသွားလုပ်ငန်းမှတစ်ဆင့် အမေရိကန်ဒေါ်လာသန်း ၄၀ ရရှိခဲ့သည်။

**သွားရောက်လည်ပတ်ခြင်းမပြုရန် အကြံပေးထား**

သို့သော်လည်း ၂၀၁၁ခုနှစ်တွင် လက်နက်ကိုင်ပဋိပက္ခပေါ်ပေါက်ခဲ့ပြီး ခရီးသွားလုပ်ငန်းအခြေအနေများအားလုံး ရပ်တန့်ခဲ့ရသည်။ တစ်နှစ်ခန့်နီးပါး အတော်အတန်တည်ငြိမ်မှုကို တွေ့လာရသော်လည်း နိုင်ငံအတွင်း ဒေသအလိုက် တိုက်ခိုက်မှုများကို တွေ့နေရဆဲဖြစ်သည့်အတွက် နိုင်ငံအများအပြားမှာ ၎င်းတို့၏နိုင်ငံသားများ လစ်ဗျားနိုင်ငံအတွင်းသို့ သွားရောက်လည်ပတ်ခြင်းမပြုကြရန် အကြံပေးထားသည်။

**ပြောင်းလဲလို**

ခရီးသွားလုပ်ငန်းကို ဦးစီးနေသည့် ခါလစ် ဒါဒီရာက လစ်ဗျားနိုင်ငံသည် ကျရှုံးနေသောနိုင်ငံဖြစ်သည်ဟူသော အယူအဆကို ပြောင်းလဲလိုသည်ဟု ပြောကြားခဲ့သည်။ ဥရောပခရီးသွားများကို ပြန်လည်ဆွဲဆောင်နိုင်ရေးအတွက် စိတ်ကူးရှိခဲ့ပြီး ယနေ့အချိန်တွင် ခရီးသွားများပြန်လည်ဝင်ရောက်လာပြီဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

**ကိုးကား –အေအက်ဖ်ပီ**

# အောက်တိုဘာ ၃၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၅၂ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၃၃ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၈၆၉၇ဦးရှိ

**(၃၁–၁၀–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀–၁၀–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၁–၁၀–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၇,၀၈၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၅၂) ဦး တွေ့ရှိ**ရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၄.၄၀)** ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ **ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၈၆၆,၇၉၁ )** ခုအား စစ်ဆေးခဲ့ပြီး **ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၀၀,၀၇၃) ဦး** ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် **ဆေးရုံဆင်းခွင့်ရရှိသူ (၁,၃၇၂) ဦး** ဖြစ်သဖြင့် **ယနေ့အထိ စုစုပေါင်း (၄၆၇,၆၈၉) ဦး** ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃၃)ဦး** ရှိသဖြင့် **ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၆၉၇) ဦး** ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၃၀–၁၀–၂၀၂၁) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၁၃၂၄၄၉၉၆) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၇၀၅၄၀၁၅) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၆၁၉၀၉၈၁) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၃၀–၁၀–၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၂၀၂၉၉၀၁၁) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၃၁–၁၀–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၂၁၂)ခု | (၃၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉၉)ခု | (၂)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၅၇)ခု | (၉)ဦး |
| နေပြည်တော်၊အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၁)ခု | (၅)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၈၃)ခု | (၇)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၇၉)ခု | (၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၄၈)ခု | (၃၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၄,၄၅၅)ခု | (၆၅၆)ဦး |
| **စုစုပေါင်း** | (၁၇,၀၈၄)ခု | (၇၅၂)ဦး |

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**

**(၃၀–၁၀–၂၀၂၁) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၆,၁၉၀,၉၈၁) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီးလူဦးရေ | (၇,၀၅၄,၀၁၅) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၁၃,၂၄၄,၉၉၆) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၂၀,၂၉၉,၀၁၁) ကြိမ် |

- **သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားလာသူများခြင်းနှင့် အချို့နေရာများတွင် လူစုလူဝေးများပြားခြင်းများရှိခဲ့ပါသည်။ ကိုဗစ်–၁၉ ရောဂါကူးစက်ဖြစ်ပွားမှု ပြန်လည်မြင့်တက်လာမှု မရှိစေရန်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ပြည်သူလူထုအနေဖြင့် အောက်ပါအချက်များကို တိကျစွာလိုက်နာကြရန် ဖြစ်ပါသည်။**
  - အတတ်နိုင်ဆုံး မိမိတို့၏ နေအိမ်များတွင်သာ နေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊
  - နေအိမ်ပြင်ပသို့ သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊
  - လက်ကို မကြာခဏဆေးကြောခြင်း၊
  - တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊
  - အလှည့်ကျရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူခြင်း၊
  - သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာ ကုသခြင်းမျိုးမဆောင်ရွက်ဘဲ နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်သတင်းပေးပို့၍ မိမိနှင့် အနီးကပ်ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
  - ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်း လုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊
- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၃၁- ၁၀ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၆၇၉၉၉၇၀ | ၃၆၆၉၂၂၆၄ | ၇၆၆၁၁၇ |
| ၂။ | အိန္ဒိယ | ၃၄၂၇၃၃၀၀ | ၃၃၆၅၅၈၄၂ | ၄၅၈၂၁၉ |
| ၃။ | ဘရာဇီး | ၂၁၈၀၄၀၉၄ | ၂၀၉၉၂၅၁၀ | ၆၀၇၇၆၄ |
| ၄။ | ဗြိတိန် | ၉၀၁၉၉၆၂ | ၇၃၂၅၇၈၅ | ၁၄၀၅၅၈ |
| ၅။ | ရုရှား | ၈၅၁၃၇၉၀ | ၇၃၅၈၅၃၉ | ၂၃၈၅၃၈ |
| ၆။ | တူရကီ | ၈၀၀၉၀၄၀ | ၇၄၆၃၉၅၀ | ၇၀၄၁၀ |
| ၇။ | ပြင်သစ် | ၇၁၆၀၅၄၈ | ၆၉၃၈၈၄၀ | ၁၁၇၆၇၁ |
| ၈။ | အီရန် | ၅၉၂၄၆၃၈ | ၅၅၀၈၈၁၅ | ၁၂၆၃၀၃ |
| ၉။ | အာဂျင်တီးနား | ၅၂၈၈၂၅၉ | ၅၁၅၃၈၇၃ | ၁၁၅၉၄၂ |
| ၁၀။ | စပိန် | ၅၀၁၁၁၄၈ | ၄၈၆၄၃၁၈ | ၈၇၃၆၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၃၁- ၁၀ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၄၄၃၅၈ | ၄၀၈၈၆၃၅ | ၁၄၃၄၀၅ |
| ဖိလစ်ပိုင် | ၂၇၈၇၂၇၆ | ၂၆၉၈၈၇၁ | ၄၃၁၇၂ |
| မလေးရှား | ၂၄၆၆၆၆၃ | ၂၃၆၈၆၃၄ | ၂၈၈၇၆ |
| ထိုင်း | ၁၉၁၂၀၂၄ | ၁၇၉၂၁၂၈ | ၁၉၂၀၅ |
| ဗီယက်နမ် | ၉၂၁၁၂၂ | ၈၂၀၃၃၄ | ၂၂၀၈၃ |
| မြန်မာ | ၅၀၀၀၇၃ | ၄၆၇၆၈၉ | ၁၈၆၉၇ |
| စင်ကာပူ | ၁၉၅၂၁၁ | ၁၆၂၈၅၁ | ၃၉၄ |
| ကမ္ဘောဒီးယား | ၁၁၈၅၂၂ | ၁၁၄၇၂၇ | ၂၇၈၈ |
| လာအို | ၄၀၂၇၁ | ၃၃၃၈၀ | ၆၅ |
| ဘရူနိုင်း | ၁၃၁၃၀ | ၁၁၂၈၉ | ၈၈ |

## ကန်ကြီးထောင့်မြို့နယ်အတွင်း၌ အခြေခံပညာကျောင်းများဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**ကန်ကြီးထောင့် အောက်တိုဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်အတွင်း၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲ ၁ နာရီခွဲက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြို့နယ်အတွင်းရှိ ဒါးကကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဖွင့်လှစ်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တကုန်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းများသို့သွားရောက်၍ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ ကျောင်းဖွင့်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားသည့်အခြေအနေများ၊ ကျောင်းသားများ လက်ခံထားမှုအခြေအနေများနှင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ စီမံဆောင်ရွက်ထားမှုအား မေးမြန်းပြီး ကျောင်းပတ်ဝန်းကျင်နှင့် ကျောင်းစာကြည့်တိုက် ဖွင့်လှစ်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တကုန်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် အသုံးပြုရန်အတွက် နှာခေါင်းစည်း ၅၀၀၊ အောက်ဆီဂျင်တိုင်းစက် နှစ်ခု၊ အပူချိန်တိုင်းစက်တစ်ခုနှင့် လက်သန့်ဆေးရည် လေးဘူးတို့ကို တာဝန်ရှိသူများထံ လှူဒါန်းခဲ့ကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**



ကန်ကြီးထောင့်မြို့နယ်ရှိ အခြေခံပညာကျောင်းများပြန်လည်ဖွင့်လှစ်ရာတွင် အသင့်ဖြစ်ရေးအတွက် စာသင်ခန်းများ ပြင်ဆင်ထားမှုကို တွေ့ရစဉ်။



## နေပြည်တော်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုး Center အဖြစ်အသုံးပြုခဲ့သော အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားမှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၃၁**

နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးဇေယျာလင်းသည် သက်ဆိုင်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ပညာရေးမှူး၊ တာဝန်ခံကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများနှင့် ယနေ့ နံနက်ပိုင်းမှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် ဆေးထိုးစုရပ်အဖြစ် အသုံးပြုခဲ့သည့် ဇမ္ဗူသီရိမြို့နယ်၌ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၊ ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း၊ လယ်ဝေးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ပျဉ်းမနားမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာ အထက်တန်းကျောင်း၊ ဇေယျာသီရိမြို့နယ် ခေတ်အေး အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၊ တပ်ကုန်းမြို့နယ် ရွှေမြို့ အခြေခံပညာ အထက်တန်းကျောင်း၊ ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျောင်းအသီးသီးသို့ ကျောင်းပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကျောင်းပြန်လည် ဖွင့်လှစ်သင်ကြားနိုင်ရေး ပြင်ဆင်ဆောင်ရွက် ထားရှိမှုအခြေအနေများနှင့် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသားကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက မြို့နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီး စာသင်ခန်းများအတွင်း စာသင်ကြားနိုင်ရေး ပြင်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**ထွန်းထွန်းဝင်း**
**(ခရိုင်ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၃၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၅၅ နှစ်နှင့်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိ သူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ ဒေသခံပြည်သူ ၂၅၆၅ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ဒေသခံပြည်သူ ၁၂၅၅ ဦး၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၌ ဒေသခံပြည်သူ ၈၂၃၀၊ တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့နယ်၌ ဒေသခံပြည်သူ ၁၄၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၉၀၀၇ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၆၂၈၅ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်၌ ဒေသခံပြည်သူ ၃၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၈၄၃၂၀ နှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ဒေသခံပြည်သူ ၃၀၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။



ထို့အတူ အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းများဖွင့်လှစ်စဉ် ကျောင်းသားကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မရှိစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အလျင်အမြန်ရရှိစေရေးတို့အတွက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၄၁၃၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ကျောင်းသားကျောင်းသူ ၉၉၅၄၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် အောက်တိုဘာ ၃၁** - မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

● *ကျောဖုံးမှ*

ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတကာလေကြောင်း ခရီးသည်များမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်မှုအန္တရာယ်မှ ဆက်လက်၍ တားဆီး ကာကွယ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အထက်ပါ ညွှန်ကြားချက်၏ သက်ရောက်မှုကာလကို (၃၀-၁၁-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့် သတ်မှတ်လိုက်ကြောင်း အသိပေး ထုတ်ပြန်လိုက်သည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

❑*ကျောဖုံးမှ*

တောင်ကိုရီးယားအသင်း၊ ဇန်နဝါရီ ၂၇ ရက် တွင် ဗီယက်နမ်အသင်းတို့နှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် အောက်တိုဘာ ၂၈ ရက်က အုပ်စုမဲခွဲပွဲပြုလုပ်ပြီးနောက် ရက်ပိုင်းအကြာမှာပင် အုပ်စုပွဲစဉ်များ အတည်ပြုထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီနှင့် တတိယနေရာရအသင်းများအနက် အကောင်းဆုံးနှစ်သင်း၊ စုစုပေါင်း ရှစ်သင်းမှာ ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။

မြန်မာအသင်းသည် ခြေစစ်ပွဲအပြီးတွင် လေ့ကျင့်မှုခေတ္တရပ်နားထားပြီး နောက်ဆုံးအဆင့်ပွဲစဉ်များအတွက် နိုဝင်ဘာလဒုတိယပတ်တွင် ပြန်လည်လေ့ကျင့်ရန် စီစဉ်ထားကြောင်း သိရသည်။ မြန်မာအသင်းသည် အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် ငါးကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ- AFC**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများ ပြုလုပ်



ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် မြန်မာ့တပ်မတော်အား ထောက်ခံဆန္ဒဖော်ထုတ်ကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၃၁**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နှင့် ငပုတောမြို့၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့တို့၌ ပြုလုပ်ကြပြီး ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် "နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအား ထောက်ခံပါသည်။ အမျိုးဘာသာ သာသနာကိုစောင့်ရှောက်သော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ NUG၊ CRPH၊ PDF အကြမ်းဖက်သမားအလိုမရှိ၊ NUG၊ CRPH၊ PDF အကြမ်းဖက် လုပ်ရပ်များအား ဆန့်ကျင်ကြ၊ ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး၊ ပြည်ပအားကိုး ပုဆိန်ရိုးများအား ဆန့်ကျင်ကြ၊ မြန်မာ့ပြည်တွင်းရေး ပြည်ပစွက်ဖက်မှုအလို မရှိ၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီလုပ်ငန်းစဉ်(၅) ရပ်အား ထောက်ခံပါသည်၊ ဒီမိုကရေစီအရေခြုံကွန်မြူနစ်လုပ်ရပ်ကျဆုံးပါစေ၊ NUG၊ PDF အကြမ်းဖက်မှု အမြစ်ဖြုတ်၊ NUG၊ PDF အကြမ်းဖက်မှုတွေ မြင်အောင်ကြည့်၊ NUG၊ PDF ရဲ့ ပြည်သူ့အပေါ် အကြမ်းဖက်မှု ချက်ချင်းရပ်" စသည့် စာသားပါ ဆိုင်းဘုတ်များကို ကိုင်ဆောင်ကြွေးကြော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်သမားများက ပြည်သူလူထုကို ဦးတည်၍ ပစ်မှတ်ထားတိုက်ခိုက်နေမှုကို ရှုတ်ချကြောင်း OMNI FOCUS ကုမ္ပဏီက ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၃၁**

အကြမ်းဖက်အဖွဲ့များဖြစ်သည့် CRPH၊ NUG နှင့် PDF အဖွဲ့များသည် စစ်ရေးပစ်မှတ်များမဟုတ်သည့် အရပ်ဘက်ပစ်မှတ်များကို ဦးတည်၍ အကြမ်းဖက် တိုက်ခိုက်သတ်ဖြတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပါအဝင် အကြမ်းဖက်လုပ်ရပ်မျိုးစုံဖြင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ထိခိုက်ပျက်ပြားစေရန် ဦးတည်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဆင်မလိုက်အဝေးပြေးမှတ်တိုင်အနီး၌ YBS ယာဉ်တစ်စီးအား PDF အကြမ်းဖက်အဖွဲ့မှ အကြမ်းဖက်သမားတစ်ဦးက မီးလောင်ဗုံးဖြင့် တိုက်ခိုက်ခဲ့ရာ မော်တော်ယာဉ် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကာ ယာဉ်ပေါ်ပါခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။ PDF အကြမ်းဖက်အဖွဲ့များအနေဖြင့် ယခင်ကလည်း ယခုကဲ့သို့ အများပြည်သူစီးနင်းလိုက်ပါလျက်ရှိသော ပုဂ္ဂလိကယာဉ်လိုင်းများကို မိုင်းထောင်တိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများကို လုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရသည်။

ယင်းသို့ အကြမ်းဖက်လုပ်ရပ်လုပ်ဆောင်ခဲ့မှုအပေါ် OMNI FOCUS ကုမ္ပဏီက အကြမ်းဖက်လုပ်ရပ် ကျူးလွန်မှုကို ပြင်းထန်စွာ ရှုတ်ချကြောင်းနှင့် ခရီးသွားပြည်သူများ၏ အသက်ဘေးနှင့် လုံခြုံရေးကို အချိန်မီ ကူညီဆောင်ရွက်ပေးခဲ့သည့် ကုမ္ပဏီမှ တာဝန်သိဝန်ထမ်းများနှင့် လုံခြုံ ရေးတပ်ဖွဲ့ဝင်များအား မှတ်တမ်းတင်ဂုဏ်ပြုကြောင်းကို ဖော်ပြပါအတိုင်း ထုတ်ပြန်ခဲ့သည်ဟု သတင်းရရှိသည်။ **သတင်းစဉ်**



မီးလောင်ပျက်စီးသွားသော YBS ယာဉ်ကို တွေ့ရစဉ်။

## ခရီးသွားပြည်သူများအား အကြမ်းဖက်သူတို့၏ အန္တရာယ်မှ ကယ်တင်လိုက်နိုင်သော ကုမ္ပဏီဝန်ထမ်းများအား ကျေးဇူးတင်ရှိခြင်း

နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေသည့် အုပ်စုခေါင်းဆောင်ဆိုသူများသည် သူတို့ကိုယ်သူတို့ အစိုးရလုပ်တန်းကစားသော ကြေညာချက်များ ထုတ်ပြန်ခြင်းကို အင်္ဂလိပ်အက္ခရာ သုံးလုံး၊ လေးလုံးပါသည့် ဖြစ်သလို အမည်များဖြင့် online ပေါ်တွင် ကျယ်ကျယ်လောင်လောင် ပြုလုပ်လာကြသော်လည်း တကယ့်အစိုးရစစ်စစ်တစ်ရပ် မဖြစ်မနေဆောင်ရွက်ရမည့် ကျန်းမာရေး၊ ပညာရေး၊ သယ်ယူပို့ဆောင်ရေး၊ သောက်သုံးရေ၊ လျှပ်စစ်မီး ရရှိရေးစသည့် ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခြင်းလုံးဝမရှိဘဲ အလှူငွေ လိမ်ညာကောက်ခံခြင်း လုပ်ငန်းတစ်ခုတည်းကိုသာ ၎င်းတို့ပြည်ပတွင် ဖူလုံစွာ အခြေချနိုင်ရန် ရည်သန်ကာ တစိုက်မတ်မတ် ပြုလုပ်နေကြသဖြင့် ၎င်းတို့အာဘော်များကို အများပြည်သူစိတ်ဝင်စားမှု နည်းပါးနေသောကြောင့် လည်းကောင်း၊ လျှပ်စစ်မီတာခ၊ အခြားအခွန်အခများ ပေးဆောင်ခြင်း မပြုရန် ခြိမ်းခြောက်နေသည့်ကြားမှ ကံငါးပါးကို လေးစားစောင့်ထိန်းသော လုပ်သားပြည်သူများသည် ၎င်းတို့ပြောသလို လိုက်မလုပ်ကြသည်ကို မကျေမချမ်း ဖြစ်လာသောကြောင့် လည်းကောင်း အများပြည်သူအပေါ်တွင် အငြိုးအာဃာတဖြင့် ပစ်မှတ်ထားတိုက်ခိုက်မှုများကို လုပ်ကိုင်လာနေလျက်ရှိပါသည်။

စက်တင်ဘာ ၇ရက်နေ့ကလည်း အဆိုပါ အင်္ဂလိပ်အက္ခရာသုံးလုံး၊ လေးလုံး အမည်များ ပေါက်ပန်းဈေးလျှောက်တပ်ကာ မှည့်ခေါ်ထားသည့် CRPH, NUG, PDF စသည် စသည် အမည်ခံအဖွဲ့များက ခေါင်းဆောင်ဆိုသူက တိုက်ပွဲစတင်သောနေ့ဖြစ်ကြောင်း တတ်သလောက် မှတ်သလောက် ဗီဒီယိုရိုက်ကာ ခြောက်လှန့်ထုတ်လွှင့်ခဲ့သော်လည်း အများပြည်သူတို့သည် မိမိတို့ နိစ္စဓူဝ သွားလာလှုပ်ရှား ရောင်းဝယ်ဖောက်ကားပြုလုပ်နေခြင်းများ အနေအစားမပျက် ဆောင်ရွက်နေခြင်း၊ ခါကြီးရက်ကြီးများတွင် ဘုရားကျောင်းကန်များ၌ ကြက်ပျံမကျစည်ကားနေခြင်း၊ မိသားစု အားလပ်ရက်များတွင် အပန်းဖြေစခန်းများ နေရာပြည့်ခရီးထွက်ခြင်းများကို ကြားသိလာရသည့် အလျောက် ထိုဆန့်ကျင်ဘက်အဖွဲ့များသည် ပြည်သူတို့၏ ပုံမှန်ဘဝ လည်ပတ်နေရပ့ါမလားဟု ဆောက်တည်ရာမရဖြစ်ကာ အများပြည်သူအပေါ်တိုက်ခိုက်မှုများတိုးမြှင့်ရန် ကြိုးစားလာကြပြန်ပါသည်။

အောက်တိုဘာလ ၃၀ ရက်နေ့ နံနက်ပိုင်း ၁၀နာရီ ၁၅ မိနစ်ခန့်တွင် မိမိတို့ကုမ္ပဏီမှ အများပြည်သူ သယ်ယူပို့ဆောင်ရေးဆောင်ရွက်ပေးနေသော ယာဉ်အမှတ် YGN 4P/1236 သည် ပုံမှန် တနင်္ဂနွေတစ်ရက်အတိုင်း ပြေးဆွဲလျက်ရှိပြီး မြို့နေပြည်သူလူထု မိသားစုဦးရေ ၉၀ခန့် ကြောင့်ကြမဲ့စီးနင်းလိုက်ပါနေရာမှ ကြည့်မြင်တိုင်မြို့နယ် ဆင်မလိုက်အဝေးပြေးမှတ်တိုင်အရောက်တွင် အထက်က ဖော်ပြခဲ့သော အမည်အက္ခရာ သုံးလုံး၊ လေးလုံးအဖွဲ့၏ ကြေညာချက်ပါ ညွှန်ကြားထားသည့်အတိုင်း ဆောင်ရွက်နေကြောင်း မသင်္ကာဖွယ်တွေ့ရှိရသည့် လူတစ်ဦး၏ အပြုအမူနှင့် ပြောဆိုပုံများသည် အဖျက်သမားတစ်ယောက်၏ ပြောဆိုလုပ်ကိုင်ပုံ ဖြစ်နေသည်ကို ကြားသိရသော ကုမ္ပဏီဝန်ထမ်းယာဉ်မောင်းသည် အဆိုပါအဖျက်သမားက မီးလောင်ဗုံးတစ်ခု ပေါက်ကွဲအောင်ကြိုးစားချိန်အမီ ၎င်းသတ်ဖြတ်ရန် ပစ်မှတ်ထားခံရသော ခရီးသည် ၉၀ကျော်လုံးကို ကားပေါ် မှ ဘေးလွတ်ရာသို့ အမြန်ထွက်ခွာစေရန် ကျွမ်းကျင်စွာ ဆောင်ရွက်ပေးနိုင်သောကြောင့် ခရီးသည်အားလုံး (လုံး၀) ထိခိုက်ခြင်းမရှိဘဲ မီးလောင်ဗုံးပေါက်ကွဲချိန်တွင် ဘေးကင်းလုံခြုံရာသို့ ရောက်ရှိပြီးဖြစ်နေခဲ့ပါသည်။

အထက်ပါဖြစ်စဉ်တွင် အစိုးရကို ဆန့်ကျင်ပါသည်ဟု ခေါင်းစဉ်တပ်ထားသော အဖွဲ့အစည်းများသည် အမှန်တကယ်တွင် အခြေခံလူတန်းစားပြည်သူများ နေ့စဉ်မဖြစ်မနေ သွားလာရေးအတွက် အားထားနေရသော ယာဉ်လမ်းကြောင်းကို လူစီးအများဆုံးအချိန် ပစ်မှတ်ထားတိုက်ခိုက်ခြင်းမှာ အစိုးရနှင့်စိုးစဉ်းမျှ မပတ်သက်သော ပြည်သူများ သေကျေဒဏ်ရာရခြင်းကို ရည်ရွယ်ချက်ရှိရှိ ပြုလုပ်သည့် ပိန်ဖျင်းသေးသိမ် ယုတ်မာသောလုပ်ရပ်အဖြစ် ပြစ်တင်ရှုတ်ချလိုက်ပါသည်။ အန္တရာယ်ကြုံလာလျှင် ကုမ္ပဏီပိုင်ပစ္စည်းဖြစ်သောယာဉ်ကို အလေးမထားဘဲ ခရီးသွားပြည်သူများ၏ လုံခြုံရေးကိုသာ အစဉ်ဦးစားပေးရမည်ဟူသော မိမိတို့မူနှင့်အညီ စွမ်းစွမ်းတမံဆောင်ရွက်သွားခဲ့သော ယာဉ်မောင်းကို အထူးဂုဏ်ပြုမှတ်တမ်းတင်ပြီး အခင်းဖြစ်ရာသို့ အမြန်ဆုံးရောက်ရှိ တာဝန်ကျေပွန်ကြသော လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအားလည်း လေးစားကျေးဇူးတင်မိပါသည်။

အဖျက်သမားများ၏ ပြည်သူသို့ ခြိမ်းခြောက်ခြင်းများ မည်သို့ပင်ပြုလုပ်စေကာမူ မိမိကုမ္ပဏီမှ ဝန်ဆောင်မှုပေးလျက်ရှိသော ယာဉ်အစီး ၅၀၀ ခန့်စလုံးကို ပုံမှန်မပျက် အကောင်းမွန်ဆုံး ဝန်ဆောင်မှု၊ အမြင့်မားဆုံး လုံခြုံမှုအသိ သတိတို့ဖြင့် ဝါယမစိုက်ထုတ်ကာ ဆက်လက်ဆောင်ရွက်နေမည်ဖြစ်ကြောင်း တည်ကြည်စွာ ထပ်လောင်းအသိပေးအပ်ပါသည်။

# တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ်အရောင်းဆိုင်များတွင် သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီဖြန့်ဖြူးရောင်းချပေး

## ရန်ကုန်တိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | အမျိုးအစား 92 Ron | ဒီဇယ် | Premium ဒီဇယ် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| ၆၁ | Yangon Petrol (ဒလ) | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | အမှတ် ၁၄၂၄၊ ဒလ-တွံတေးလမ်းမကြီး၊ ဆာဖာချောင်ရပ်ကွက် |
| ၆၂ | Yangon Petrol (မောင်းမကန်) | | ၁,၃၄၉ | ၁,၃၅၆ | အမှတ် ၁/က၊မောင်းမကန်လမ်းမကြီး၊ ၁၇ ရပ်ကွက် |
| ၆၃ | Puma Power 009 (Yangon) | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ |
| ၆၄ | ထက်ကေရီ-အမှတ်(၂) လမ်းမကြီး | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | အမှတ် (၂) လမ်းမကြီး၊ ရှမ်းတဲကြီးစံပြကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၆၅ | သရဖူ-အင်းစိန် | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | ဒညင်းကုန်းဘူတာစုရပ်ကွက်၊ ဒညင်းကုန်းဘူတာရုံလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၆၆ | Yadanar Station | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | ခြံ(၁)၊ သစ်စိမ့်ကုန်းရပ်ကွက်၊ အမှတ်(၃) လမ်းမ |

## မန္တလေးတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | အမျိုးအစား 92 Ron | ဒီဇယ် | Premium ဒီဇယ် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| ၁ | Shwe Byain Phyu(Madalay 26B) | ၁,၄၂၂ | ၁,၃၈၄ | ၁,၃၉၁ | ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂ | Shwe Byain Phyu (ယင်းမာပင်) | ၁,၄၂၂ | ၁,၃၈၄ | ၁,၃၉၁ | ယင်းမာပင်ကျေးရွာအုပ်စု၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃ | Shwe Byain Phyu (မန္တလေး၊ မြစ်ငယ်) | ၁,၄၂၂ | ၁,၃၈၄ | ၁,၃၉၁ | စက်ကွေ့-စာတိုးမြို့ပြင်ကြီးရပ်ကွက်၊ အမရပူရမြို့နယ်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ မန္တလေးတိုင်းဒေသကြီး |
| ၄ | Shwe Byain Phyu (ပခုက္ကူ) | ၁,၄၂၇ | ၁,၃၇၉ | ၁,၃၈၆ | ချောက်ကန်ကျေးရွာအုပ်စု၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၅ | Regency Petrol Station(MyinGyan) | ၁,၄၀၇ | ၁,၃၇၄ | ၁,၃၈၁ | မြင်းခြံ-မန္တလေးလမ်း၊ မြင်းခြံမြို့။ |
| ၆ | Regency Petrol Station(Taung Tha) | ၁,၄၀၇ | ၁,၃၇၄ | ၁,၃၈၁ | အမှတ်(၂)၊ မြင်းခြံ – မိတ္ထီလာလမ်း၊ တောင်သာမြို့။ |
| ၇ | Shan Shwe Taung (Payangazu) | ၁,၄၁၇ | ၁,၃၈၄ | ၁,၃၉၁ | သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၈ | Mandalay-4 | ၁,၄၂၂ | ၁,၃၉၄ | ၁,၄၀၁ | ပြည်ကြီးတံခွန်မြို့နယ် |
| ၉ | OK Energy (Nyaung Oo) | ၁,၄၀၇ | ၁,၃၇၄ | ၁,၃၈၁ | ညောင်ဦး-ကျောက်ပန်းတောင်း လမ်းမကြီးဘေး |
| ၁၀ | OK Energy (Kyaukpataung) | ၁,၄၀၇ | ၁,၃၇၄ | ၁,၃၈၁ | ကျောက်ပန်းတောင်း-မိတ္ထီလာ လမ်းဘေး မြို့ဦးစေတီအနီး |
| ၁၁ | OK Energy (Yamaethin) | ၁,၄၀၂ | ၁,၃၇၄ | ၁,၃၈၁ | ရန်ကုန် – မန္တလေး လမ်းမကြီးဘေးရွှေဒါးကျေးရွာ |
| ၁၂ | MMTM – MDY 59 | ၁,၄၁၀ | ၁,၃၆၅ | ၁,၃၇၅ | ချမ်းမြသာစည်မြို့နယ် |
| ၁၃ | MMTM – MDY 67 | ၁,၄၁၀ | ၁,၃၆၅ | ၁,၃၇၅ | အမရပူရမြို့နယ် |
| ၁၄ | MMTM – Kumae | ၁,၄၁၅ | ၁,၃၇၀ | ၁,၃၈၀ | ဝမ်းတွင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၅ | KS(030) | ၁,၄၂၂ | ၁,၃၈၄ | ၁,၄၀၀ | ဥသျှစ်ကုန်းကျေးရွာ၊ တပ်ကုန်းမြို့နယ်၊ ရန်ကုန် – မန္တလေးလမ်းဟောင်း ။ |
| ၁၆ | Moon Sun Energy (Manday) | ၁,၄၀၇ | ၁,၃၆၉ | ၁,၃၇၆ | ပြည်ကြီးမဂ်လာကုန်တင်ရပ်နားစခန်း (စွယ်တော်ကားကြီးဝင်း)၊ အမရပူရမြို့နယ် မန္တလေးတိုင်းဒေသကြီး။ |
| ၁၇ | Moon Sun Energy (Mitehtilar) | ၁,၄၀၇ | ၁,၃၇၉ | ၁,၃၈၆ | ရန်ကုန်-မန္တလေးလမ်းဟောင်း၊ဝက်တိုးကျေးရွာအုပ်စု၊ မိတ္ထီလာ(သပြေဝ) တိုးဂိတ်အနီး၊ မိတ္ထီလာမြို့၊မန္တလေးတိုင်းဒေသကြီး။ |
| ၁၈ | Moon Sun Energy (Thasi) | ၁,၄၀၇ | ၁,၃၇၉ | ၁,၃၈၆ | မိတ္ထီလာ-တောင်ကြီးလမ်းမ၊ ကျွဲတပ်ဆုံကျေးရွာ၊ သာစည်မြို့၊ မန္တလေးတိုင်းဒေသကြီး။ |
| ၁၉ | Petro Seven | ၁,၄၀၇ | ၁,၃၇၉ | ၁,၃၈၆ | မိုင်တိုင်အမှတ် (၃၄၁/၇) ရန်ကုန်- မန္တလေးလမ်းမကြီး၊ မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၂၀ | Petro Seven | ၁,၄၀၇ | ၁,၃၇၉ | ၁,၃၈၆ | မိုင်တိုင်အမှတ် (27/7)၊ ရန်ကုန် – တောင်ကြီးလမ်းမကြီး၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၂၁ | Petro Seven | ၁,၄၀၂ | ၁,၃၇၄ | ၁,၃၈၁ | မိုင်တိုင်အမှတ် (173/5)၊ ရန်ကုန် – မန္တလေးလမ်းမကြီး၊ ထီးလှိုင်ကျေးရွာအုပ်စု၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၂၂ | Than Lwin Thit | ၁,၄၀၂ | ၁,၃၇၄ | ၁,၃၈၁ | လျှပ်စစ်လမ်းခွဲ၊ မွန်းတည့်ခွင်ကျေးရွာ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်။ |
| ၂၃ | KS(027) | ၁,၄၁၇ | ၁,၃၈၄ | ၁,၃၉၁ | ကျွဲတပ်ဆုံကျေးရွာ၊သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၂၄ | KS(031) | ၁,၄၁၂ | ၁,၃၇၉ | ၁,၃၈၆ | တောတွင်းကျေးရွာ၊ အမရပူရမြို့၊ မန္တလေးတိုင်းဒေသကြီး။ |
| ၂၅ | KS(26) | ၁,၄၁၇ | ၁,၃၈၄ | ၁,၃၉၁ | ထန်းခွကျေးရွာအုပ်စု၊နွားထိုးကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ။ |
| ၂၆ | 360˚ Petro (62st, Mandalay) | ၁,၄၀၇ | ၁,၃၆၉ | ၁,၃၇၆ | ပြည်ကြီးတံခွန်မြို့နယ် |
| ၂၇ | 360˚ Petro(Theikpanlan, Mandalay) | ၁,၄၀၇ | ၁,၃၆၉ | ၁,၃၇၆ | မဟာအောင်မြေမြို့နယ် |
| ၂၈ | TF | ၁,၄၂၂ | ၁,၃၉၄ | ၁,၄၀၁ | ရေကြည်ပေါက် ကျေးရွာ၊ အမရပူရမြို့နယ်၊ စစ်ကိုင်း-မြစ်ငယ်လမ်းမ |
| ၂၉ | Asia Energy -78 ပန့်ဆိုင် (မန္တလေး) | ၁,၄၀၇ | ၁,၃၆၉ | ၁,၃၇၆ | ၇၈ လမ်း၊ ရန်ကုန်-မန္တလေးလမ်းမကြီး၊ မန္တလေးလေယာဉ်ကွင်းလမ်းနှင့် မျက်နှာချင်းဆိုင်၊ ချမ်းမြသာစည်မြို့နယ်။ |
| ၃၀ | Asia Energy -ပုသိမ်လေးပန့်ဆိုင် (မန္တလေး) | ၁,၄၀၇ | ၁,၃၆၉ | ၁,၃၇၆ | မန္တလေး မိုးကုတ်လမ်းမကြီး၊ ပုသိမ်လေးကျေးရွာ၊ ပုသိမ်ကြီးမြို့နယ် |
| ၃၁ | Asia Energy -စဉ့်ကိုင်ပန့်ဆိုင် (မန္တလေး) | ၁,၄၀၇ | ၁,၃၆၉ | ၁,၃၇၆ | မိုင်တိုင် (၄၁၅)၊ ပေါ်တော်မူဘုရားနီး၊ စဉ့်ကိုင်မြို့။ |
| ၃၂ | Asia Energy -၆၉ပန့်ဆိုင် (မန္တလေး) | ၁,၄၀၇ | ၁,၃၆၉ | ၁,၃၇၆ | ဦးပိုင်(၁)၊ အကွက်(တ-၇/စ)၊ ၆၉ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ မြို့သစ်(၁)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၃၃ | Asia Energy- ကျောက်ချောပန့်ဆိုင် (မန္တလေး) | ၁,၄၀၇ | ၁,၃၆၉ | ၁,၃၇၆ | ၁၆ မိုင်၊ တိုးဂိတ်အကျော် ကျောက်ချောကျေးရွာ၊ မန္တလေး-ပြင်ဦးလွင်ကားလမ်း။ |
| ၃၄ | Asia Energy – 62 ပန့်ဆိုင် (မန္တလေး) | ၁,၄၀၇ | ၁,၃၆၉ | ၁,၃၇၆ | ၆၂ လမ်း၊ 106 x 107 ကြား မန္တလေးမြို့။ |
| ၃၅ | Asia Energy – စက်မှုပန့်ဆိုင် (မန္တလေး) | ၁,၄၀၇ | ၁,၃၆၉ | ၁,၃၇၆ | ၆၂ လမ်း၊ ကနောင်မင်းသားကြီးလမ်းနှင့် ယောမင်းကြီးလမ်းကြား၊ မန္တလေးမြို့။ |
| ၃၆ | Asia Energy (ရမည်းသင်း) | ၁,၄၂၂ | ၁,၃၈၉ | ၁,၃၉၆ | မိုင်တိုင် (၂၉၆/၂၉၇) ရမည်းသင်း၊ တိုးဂိတ်ဘေး၊ ရမည်းသင်းမြို့နယ်။ |
| ၃၇ | Asia Energy (ပုဂံညောင်ဦး) | ၁,၄၂၂ | ၁,၃၈၉ | ၁,၃၉၆ | ပုဂံ-ကျောက်ပန်းတောင်း၊ ကားလမ်းအထွက်၊ ပုဂံညောင်ဦးမြို့နယ်။ |
| ၃၈ | Asia Energy (သာစည်-ယင်းမာပင်) | ၁,၄၂၂ | ၁,၃၈၄ | ၁,၃၉၁ | မိုင်တိုင်(၃၄)၊ မိတ္ထီလာ – တောင်ကြီးကားလမ်း၊ ယင်းမာပင်မြို့နယ်။ |
| ၃၉ | Asia Energy (မိတ္ထီလာ) | ၁,၄၂၂ | ၁,၃၈၉ | ၁,၃၉၆ | မိုင်တိုင် (၃၃၃)၊ ညောင်မြစ်လမ်းဆုံ၊ မိတ္ထီလာမြို့နယ်။ |
| ၄၀ | Farmer Fuel Station – TPWD | ၁,၄၀၇ | ၁,၃၆၉ | ၁,၃၇၆ | စစ်ကိုင်း-မန္တလေးလမ်း၊ ကန်တော်ကြီးမီးပွိုင့်အနီး၊ တမ္ပဝတီရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ |
| ၄၁ | Denko ( ထုံးဖို ) | ၁,၄၀၇ | ၁,၃၆၉ | ၁,၃၇၆ | အမှတ် (၅၈၀/K ) ၆၇ လမ်း၊ ထုံးဖို-မြစ်ငယ်လမ်း ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၄၂ | Denko ( ဆေးအိုးဖို ) | ၁,၄၀၇ | ၁,၃၆၉ | ၁,၃၇၆ | အမှတ် (၁၄/၁)၊ ရန်ကုန်-မန္တလေး အမြန်လမ်း၊ ဆေးအိုးဖိုကျေးရွာအုပ်စု၊ အမရပူရမြို့နယ်၊ မန္တလေးမြို့ ။ |
| ၄၃ | Denko ( စဉ့်ကိုင် ) | ၁,၄၀၇ | ၁,၃၆၉ | ၁,၃၇၆ | ညောင်ပင်ကျေးရွာအုပ်စု စဉ့်ကိုင်မြို့နယ် စစ်ကိုင်းတိုင်း |
| ၄၄ | Denko ( Mdy 74 လမ်း ) | ၁,၄၀၇ | ၁,၃၆၉ | ၁,၃၇၆ | အမှတ် (၅-က)၊ ၇၃ x ၇၄ ကြား၊ တံခွန်တိုင်အဝိုင်းအနီး၊ တောင်မြင့်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၄၅ | Denko ( ရွှေကျင် ၊ မန္တလေး ) | ၁,၄၀၇ | ၁,၃၆၉ | ၁,၃၇၆ | မန္တလေး-မတ္တရာ လမ်းမဘေး၊ အိုးဘိုရပ်ကွက် (ရွှေကျင်ကျောင်းတိုက်ရှေ့) မန္တလေးတောင်ခြေ၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးတိုင်း။ |
| ၄၆ | Denko ( မြင်းခြံ ၁ ) | ၁,၄၀၇ | ၁,၃၆၉ | ၁,၃၇၆ | အမှတ် (၅၄-၅၅)၊ ချောင်းဒေါင်း (၂၀)ရပ်ကွက်၊ မြင်းခြံ-မန္တလေး လမ်းမကြီး၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ။ |
| ၄၇ | Denko ( ညောင်ဦး ၁ ) | ၁,၄၀၇ | ၁,၃၆၉ | ၁,၃၇၆ | ကျောက်ပန်းတောင်း-ညောင်ဦးလမ်းမဘေး ကျောက်စစ်ကန်ကွင်း တောင်ဘကျေးရွာအုပ်စု ညောင်ဦးမြို့နယ် မန္တလေးတိုင်း |
| ၄၈ | Denko ( Mdy 78 လမ်း ) | ၁,၄၀၇ | ၁,၃၆၉ | ၁,၃၇၆ | ၇၈ လမ်း၊ ခင်စောမူကွေ့ မဟာအောင်မြေမြို့နယ် မန္တလေးတိုင်း |

*(ဆက်လက်ဖော်ပြပါမည်)*

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၁၁-၂၀၂၁ တနင်္လာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနသုတ်၊ ခန္ဓပရိတ်၊ မောရပရိတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | မျှဝေအသိပေးကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး |
| ၀၉:၁၅ | စိုက်ပျိုးရေးရာအဖြေရှာ 'အောင်မြင်တဲ့ ဝပ္ပစိုက်ပျိုးရေး' |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | ကိုဗစ်–၁၉ ရောဂါကာလအတွင်းမြန်မာနိုင်ငံ၏ကျောင်းများဖွင့်လှစ်မှုအခြေအနေ |
| ၁၁:၃၀ | ဘဝနှင့်အနုပညာ |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'သင်္ချာဘာသာရပ်' |
| ၁၆:၃၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ |
| ၁၇:၀၅ | This Week's Special Interest |
| ၁၇:၂၀ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ)(ပထမပိုင်း) |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သံစဉ်ချိုမြ မြန်မာတေးအလှ |
| ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သော အချိန်စက်ဝန်း' (အပိုင်း–၃၀)(ဇာတ်သိမ်းပိုင်း) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၂၁:၄၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'မတူညီသောမေတ္တာများ' (အပိုင်း–၁၉) |
| ၂၂:၂၅ | ရုပ်မြင်သံကြားဇာတ်လမ်း 'မုဒိတာမုသား' |

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

### mitv

| | |
|---|---|
| 07:01 | News |
| 07:26 | Global Partnership for Brighter Future: Gambia Pavilion at Expo 2020 Dubai |
| 07:33 | Mural Painting Bagan |
| 07:45 | Welcome to the Southern most part of Myanmar |
| 08:01 | Myanmar Masterclass: 3D |
| 08:10 | Temple Stalls |
| 08:17 | Myanmar Tradition of Lotus Flower |
| 08:38 | Chef Life: Fabein Simon |
| 09:01 | Ecotourism: Naga Tradition Customs |
| 09:20 | The Beautiful Month Of Myanmar, Tazaungmone |
| 09:45 | Mon Traditional Dishes |
| 09:55 | Bottle Gourd Painting |
| 10:01 | Dances of Myanmar: Tai Khun or Gon Traditional Dance |

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ ရိုးရာဓလေ့ဆိုရိုးစကားများ (အပိုင်း–၁)

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ပိန္နဲသီးနှင့်ကြက်သားဟင်း

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ရင်ထဲကလက်မှုပညာ (လှည်းဘီး)

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဓါတ်ကျိုက်ဘုရား

**ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ (အပိုင်း–၁)

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ပဲရင်းထောင်းနဲ့ နွားနောက်သားခြောက်

**မွန် (၁၃:၀၀ မှ ၁၄:၀၀)**
မွန်စာပေသင်ကြရအောင် (အပိုင်း–၃)

**ရခိုင် (၁၄:၀၀ မှ ၁၇:၀၀)**
သျှစ်သောင်းပုထိုးတော်ကြီး

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း (အပိုင်း–၁)

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဟိုပန်မြို့သို့အလည်တစ်ခေါက်

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
မနောအကဆင်းသက်လာပုံ

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း–၂) |
| ၁၁:၀၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ပေပေ့ငွေးချယ်မှု' |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း–၂) |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို ဝနေ့၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၃၁**

ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့်ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် အောက်တိုဘာ ၃၀ ရက်တွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ရွာကြီးအုပ်စု ရွှေကျေးရွာဟောင်းရှိ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ စိုက်ပျိုးထားရှိသည့် မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းနှင့် ကျောက်ဖြူတပ်နယ်ရှိ နယ်မြေခံတပ်ရင်းများတွင် မွေးမြူထားရှိသော ဥစားကြက် မွေးမြူရေးခြံနှင့် နို့စားနွားမွေးမြူရေးခြံတို့ကို သွားရောက်ကြည့်ရှုသည်။



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း၌ ခင်းကျင်းပြသထားသည်များကို ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၁ - ၁၀ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၉၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၆၈၉၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၉၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၆၈၉၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၃၂၀/၁၃၄၅ ကျပ် | ၁၃၆၀/၁၃၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၃၃၀/၁၃၅၅ ကျပ် | ၁၃၇၅/၁၄၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၃၇၀/၁၄၂၀ ကျပ် | ၁၄၀၇/၁၄၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၅၀/၁၄၉၀ ကျပ် | ၁၅၅၅/၁၅၇၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၇၇၁ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၆၂ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၃၁၅ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၃ . ၃၃၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၅၆ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၂၇ . ၄၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၇၆ . ၈၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၃ . ၆၅၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၇၃၁ | ၁၅၂၅၅၉၀၀ |
| MTSH | ၃၃၀၀ | ၃၂၀၀ | ၃၀၁၄ | ၉၆၈၆၂၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၄၀၄ | ၁၀၉၀၈၀၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၃၀ | ၈၈၅၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ဖို့ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်စို့

တက္ကသိုလ်ပွင့်သူအောင်

**နိုင်ငံတစ်နိုင်ငံရှိ ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးမှာ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုအပေါ်တွင် များစွာ တည်မှီလျက်ရှိသည်။ ထိုအလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုကို များစွာအထောက်အကူပြုနေသောလုပ်ငန်းမှာ ခရီးသွားလုပ်ငန်းပင်ဖြစ်သည်။ ခရီးသွားလုပ်ငန်းကို "မီးခိုးမထွက်သော စီးပွားရေးလုပ်ငန်း"ဟူ၍လည်း တင်စားခေါ်ဝေါ် လူသိများကြသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အဆိုအရ ခရီးသွားလုပ်ငန်း၏ အလုပ်အကိုင်ဖန်တီးပေးနိုင်မှုသည် ကမ္ဘာ့အလုပ်အကိုင်များ၏ ၁၁ ပုံ ၁ ပုံ ရှိကြောင်း ခန့်မှန်းထားပြီး ခရီးသွားလုပ်ငန်းသည် အမျိုးသမီးများနှင့် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ထို့ပြင် ခရီးသွားလုပ်ငန်းသည် မြို့ပြဒေသတွင်သာမက ကျေးလက်ဒေသများတွင်လည်း ကျွမ်းကျင်အလုပ်သမားများနှင့် ကျွမ်းကျင်မှုနည်းသည့် အလုပ်သမားများအတွက်ပါ အလုပ်အကိုင်များ ဖန်တီးပေးနေကြောင်း သိရသည်။**

အထူးသဖြင့် ခရီးသွားလုပ်ငန်းသည် ကမ္ဘာတွင် ဓာတုပစ္စည်းနှင့်လောင်စာပြီးလျှင် တတိယ ဝင်ငွေအများဆုံး ရှာဖွေပေးနေသော ပို့ကုန်လုပ်ငန်းဟု ဆိုရမည်ဖြစ်သည်။ နိုင်ငံအများစု၏ ဝင်ငွေကို သဘာဝသယံဇာတပစ္စည်းများ ထုတ်ရောင်းစရာမလိုဘဲ ခရီးသွားဧည့်သည်များ၏ လိုအင်ဆန္ဒမှန်သရွေ့ကို အရည်အသွေးရှိသည့် ဆောင်ရွက်မှုများစွာနှင့် ဖြည့်ဆည်းပေးခြင်းဖြင့် ဝင်ငွေများစွာ ရှာဖွေပေးနိုင်သည်။

မြန်မာနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ သာယာလှပသည့် တောတောင်ရှုမျှော်ခင်းများ၊ ရေမြေသဘာဝသယံဇာတများ ပေါကြွယ်ဝသော နိုင်ငံဖြစ်သည်။ ဤအရာများကလည်း ကမ္ဘာအရပ်ရပ်မှ ခရီးသွားများကို မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လည်ပတ်ရန် ဖိတ်ခေါ်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုများကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခရီးသွားလုပ်ငန်းသည် မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၌ အကောင်းဆုံးလုပ်ငန်းတစ်ခုဖြစ်သည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတများကို အခြေပြု၍ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism–CBT)များသည် အရေးပါလာသည်။

### ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း

ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း(CBT)၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရေရှည်တည်တံ့ရေး၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာ တန်ဖိုးအမွေအနှစ်နှင့် သဘာဝအရင်းအမြစ်များအား အကာအကွယ်ပေးခြင်း စသည်တို့ကို ကူညီဆောင်ရွက်ပေးခြင်းဖြင့် ဒေသခံများ၏ လူနေမှုဘဝသာယာဝပြောရေးကို အကျိုးပြုနိုင်ပြီး ရပ်ရွာအဆင့်တွင် တည်ထောင်ထားရှိသည့် ဒေသခံများပိုင်ဆိုင်သော ကိုယ်တိုင်လည်ပတ်၊ စီမံဆွေးနွေးပါဝင်နိုင်သည့် ခရီးသွားလုပ်ငန်းကို ဆိုလိုခြင်းဖြစ်သည်ဟု အာဆီယံနိုင်ငံများအကြား အဓိပ္ပာယ်သတ်မှတ်ထားသည်။

မြန်မာနိုင်ငံတွင် ရပ်ရွာလူထုပါဝင်သော ခရီးသွားလုပ်ငန်းစီမံချက်ကို နေရာခြောက်နေရာ၌ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ထိုစီမံချက်၌ ရပ်ရွာလူထုပါဝင်နိုင်မှု၊ အဖွဲ့အစည်းနှင့် စွမ်းအင်မြှင့်တင်မှု၊ လုပ်ပိုင်ခွင့်ပေးမှုတို့သည် အဓိကအခန်းကဏ္ဍတွင် ပါဝင်ခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း၌ လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ရေးမူဝါဒကို ၂၀၁၃ ခုနှစ်က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် ရပ်ရွာလူထုပါဝင်သော ခရီးသွားလုပ်ငန်းစီမံချက် ကနဦးခြောက်နေရာအဖြစ် ကချင်ပြည်နယ်၌ အင်းတော်ကြီးရှိ သဘာဝအခြေခံခရီးသွားလုပ်ငန်း၊ မန္တလေးရှိ ရေဝတီလင်းပိုင်ကြည့်ရှုခြင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကရင်ပြည်နယ် သံတောင်ကြီးဒေသ၊ မကွေးတိုင်းဒေသကြီး မြိုင်ကျေးရွာနှင့် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်ရှိ ကျေးရွာများသို့ ခရီးသွားခြင်း စသည်တို့ပါဝင်ခဲ့သည်။

ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း(CBT)တွင် ကနဦးအနေဖြင့် ပါဝင်ခဲ့သော ခြောက်နေရာအနက် မြိုင်မြို့နယ်ရှိ ကျေးရွာလေးရွာ၌ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းကို ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းမှစတင်ဆောင်ရွက်ခဲ့ရာ ပြည်ပခရီးသွား ၅၀၀ ကျော် လာရောက်ခဲ့ကြသည်။ မန္တလေးတိုင်းဒေသကြီး၌ မင်းကွန်းနှင့် ကျောက်မြောင်းအကြား၌ရှိသော ဆင်ကျွန်း၊ အေးကျွန်း၊ စိန်ပန်းကုန်း၊ မြေစွန်းကုန်း၊ မြစ်ကမ်းကြီးနှင့် ဆည်သည့်ကျေးရွာခြောက်ရွာတို့



လူထုအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်လုပ်ကိုင်သည့် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ဒေါတမကြီးကျေးရွာ။

> **"ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ စစ်တမ်းကောက်ယူချက်အရ ၂၀၂၁ ခုနှစ်၌ နိုင်ငံတကာခရီးသွားလုပ်ငန်း၏ ၄၀ ရာခိုင်နှုန်းခန့်နှင့် ၂၀၂၂ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်းခန့် ပြန်လည်စတင်နိုင်မည်ဟု ခန့်မှန်းထားပြီး ၂၀၂၃ ခုနှစ်၌ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရောဂါအခြေအနေ အပြည့်အဝထိန်းချုပ်နိုင်ပါက ၂၀၂၄ ခုနှစ်တွင် ခရီးသွားလုပ်ငန်းပုံမှန်အခြေအနေ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း သိရသည်"**

သည် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်နိုင်စွမ်းရှိသည့် နေရာဒေသများပင် ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက်ဟု တင်စားခေါ်ဝေါ်ကြသော ချင်းပြည်နယ် မြောက်ပိုင်း ဖလမ်းခရိုင်၌ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် တောင်ကုန်းတောင်စွယ်များ ရှိသည်။ တောင်ကုန်းများသည် ပေ ၃၀၀၀ မှ ၆၀၀၀ အတွင်းရှိသည့်အပြင် အမြင့်ဆုံးပေ ၈၀၀၀ ကျော်ရှိသော တောင်ကုန်းများရှိကာ တောင်များသည် မြောက်မှတောင်သို့ အပြိုင်သွယ်တန်းလျက်ရှိသည်။ မြစ်ချောင်းများသည်လည်း မြောက်မှ တောင်သို့ စီးဆင်းနေခြင်းမှာ စိတ်ဝင်စားဖွယ် ကောင်းသည်။ ချင်းပြည်နယ်သည် သဘာဝအခြေခံခရီးသွားများ ကြိုက်နှစ်သက်သည့် ဒေသတစ်ခုဖြစ်ပြီး အထူးသဖြင့် ပြည်ပမှ ရုက္ခဗေဒပညာရှင်များ အများအပြား လာရောက်သော ဒေသတစ်ခုဖြစ်သည်။ ချင်းပြည်နယ်သို့လာရောက်ပါက ပထမ ကမ္ဘာစစ်မတိုင်မီ နယ်ချဲ့ဗြိတိသျှတို့ကို တွန်းလှန်ခဲ့သော ရှာလ်လုမ်းခံတပ်(Shallum Fort)၊ ပင်လယ်ရေပြင်အမြင့်ပေ ၇၅၀၀ ခန့်ရှိသော လေထန်ကုန်း၊ တီးတိန်မြို့နယ် ကပ်တဲလ်ရွာမှ အနောက်ဘက် ငါးမိုင်ခန့်အကွာရှိ လဲန်နူးပါးတောင် (Leen Nupa)ခေါ် တောင်လင်မယားတောင်၊ တစ်နှစ်တွင် ရေအရောင်သုံးကြိမ် ပြောင်းလေ့ရှိသော အသည်းနှလုံးပုံ ရိဒ်ရေကန်၊ တီးတိန်မြို့ မွလ်တုဒ်အရပ်ရှိ ဇိုမီးချင်းတိုင်းရင်းသားများ၏ ရှောင်ရှောန်းစံပြယဉ်ကျေးမှုကျေးရွာ (Siang Sawn Village)အစရှိသည်တို့မှာ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း အကောင်အထည်ဖော်နိုင်သော နေရာများဖြစ်သည်။

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ အင်းတော်ကြီးဒေသသည် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း တိုးချဲ့ဆောင်ရွက်ရန် အကောင်းဆုံးဒေသဆိုလျှင် မမှားပေ။ အင်းတော်ကြီးအိုင်အတွင်း လှေစီး၍ လှည့်လည်ကြည့်ရှုနိုင်ခြင်း၊ အင်းကမ်းဘေး၌ရှိနေသော ရွှေတောင်သို့ ခြေကျင် တောင်တက်နိုင်ခြင်း၊ အင်းတော်ကြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးပြခန်းတွင် ဝင်ရောက်လေ့လာနိုင်ခြင်း၊ ငှက်များနှင့်မျောက်များကို ကြည့်ရှု၍ ဒေသခံတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်ကို လေ့လာနိုင်ခြင်းစသည်တို့မှာ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်စွမ်းရှိသည်။ မှတ်တမ်းများအရ ၂၀၁၉ ခုနှစ်က အင်းတော်ကြီးဒေသသို့ ပြည်ပခရီးသွားဧည့်သည် တစ်သောင်းကျော် လာရောက်ခဲ့ကြောင်း သိရသည်။ မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ ကဗျာဝ ပင်လယ်ကမ်းခြေသည် ပင်လယ်ကမ်းခြေဒေသ အပန်းဖြေခရီးသွားလုပ်ငန်း နှင့် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းအတွက် များစွာအထောက်အကူပြုနိုင်သည်။ ဒေသခံတိုင်းရင်းသားများနေထိုင်သော ခြေတံရှည်ဆင်တူသည့် ရိုးရာအိမ်အမြင့်များသည် ပြည်ပခရီးသွားများသာမက ပြည်တွင်းခရီးသွားများကိုပါ ဆွဲဆောင်လျက်ရှိသည်။ ထို့အတူ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုလင်းသစ်ဆိပ်ရှိ ပုလင်း ကမ်းသာယာဆင်စခန်း၊ ပြင်ဦးလွင်မြို့နယ် ဝါးနက်ကျေးရွာအနီးရှိ ဝါးနက်ဆင်စခန်း၊ မကွေးတိုင်းဒေသကြီး ရွှေစက်တော်သို့ သွားရာလမ်းဘေးရှိ ရွှေစက်တော်ဆင်စခန်းများသည်လည်း ပြည်တွင်း ပြည်ပခရီးသွားများအတွက် စိတ်ဝင်စားဖွယ်ဖြစ်စေမည့် စခန်းများ ဖြစ်သည်။

### အရေးကြီးသော ကဏ္ဍတစ်ခု

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းသည် အရေးကြီးသောကဏ္ဍတစ်ခုအဖြစ် ပါဝင်လာခဲ့သည်။ ခရီးသွားလုပ်ငန်းသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ ဖွံ့ဖြိုးတိုးတက်မှုအတွက် သန်းပေါင်းများစွာသော အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့်အပြင် သဘာဝနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ တိုင်းရင်းသား အသီးသီးတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို အနာဂတ်မျိုးဆက်သစ်များ လက်ဆင့်ကမ်းခံစားနိုင်ရန်နှင့် ထိန်းသိမ်းကာကွယ်ရေးအတွက် တွန်းအားတစ်ရပ်လည်း ဖြစ်သည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်သော အချို့နိုင်ငံများတွင် ခရီးသွားလုပ်ငန်းမှရရှိသည့် ဝင်ငွေသည် နိုင်ငံစီးပွားရေးအတွက် အဓိကကျသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်သည်သာမက ကမ္ဘာ့စီးပွားရေး၏ တတိယအကြီးဆုံးပို့ကုန်ကဏ္ဍပင်ဖြစ်သည်။ ထို့အပြင် သဘာဝ မျိုးစုံမျိုးကွဲများကို ကာကွယ်ထိန်းသိမ်းရေးနှင့် လူသားများအတွက်နေရာသစ်များ၊ ယဉ်ကျေးမှုများနှင့်အတွေ့အကြုံသစ်များကို စူးစမ်းရှာဖွေဖော်ထုတ်ရာ၌ ခရီးသွားလုပ်ငန်းကဏ္ဍသည် အရေးပါသည့်ကဏ္ဍတစ်ခု ဖြစ်သည်။

### ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ နှင့် ခရီးသွားလုပ်ငန်း

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ထိန်းချုပ်နိုင်မှုအပေါ်မူတည်၍ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ခရီးသွားလုပ်ငန်းများပြန်လည်စတင်နိုင်ရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလဆန်းမှ စတင်ပိတ်သိမ်းထားခဲ့သည့် ခရီးစဉ်ဒေသများ၏ ၅၃ ရာခိုင်နှုန်းခန့် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ အထူးသဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ စစ်တမ်းကောက်ယူ

*စာမျက်နှာ ၂၁ သို့*

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီသုံးခုက ယာဉ်လေးစီးဖြင့် နှာခေါင်းစည်း (Mask) တန် ၃၀ တင်သွင်းခဲ့ကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရှိရသည်။

**သတင်းစဉ်**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃၁**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ အောက်တိုဘာ ၃၁ ရက်၌ နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီလေးခုတို့မှ Mask ၁၉၈၉၉ Kg ၊ Glucose Injection ၁၄၀၈၂၀၊ Sodium Chloride Injection ၁၈၁၈၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



*စာမျက်နှာ ၂၀ မှ*

ချက်အရ ၂၀၂၁ ခုနှစ်၌ နိုင်ငံတကာခရီးသွားလုပ်ငန်း၏ ၄၀ ရာခိုင်နှုန်းခန့်နှင့် ၂၀၂၂ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်းခန့် ပြန်လည်စတင်နိုင်မည်ဟု ခန့်မှန်းထားပြီး ၂၀၂၃ ခုနှစ်၌ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရောဂါအခြေအနေ အပြည့်အဝထိန်းချုပ်နိုင်ပါက ၂၀၂၄ ခုနှစ်တွင် ခရီးသွားလုပ်ငန်းပုံမှန်အခြေအနေ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (United Nation World Tourism Organization- UNWTO)သို့ ၂၀၁၂ ခုနှစ် ဇွန်လတွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည်။ ထို့နောက် ၂၀၁၂ ခုနှစ်မှစတင်၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့သည်။ ယင်းကဲ့သို့ အခမ်းအနားများ ကျင်းပခြင်းကြောင့် နိုင်ငံတော်၏ဝင်ငွေအများအပြား ရှာဖွေပေးနိုင်သည့် ခရီးသွားလုပ်ငန်းအပေါ် ပြည်သူလူထု၏ စိတ်ဝင်စားမှုကို ပိုမိုမြှင့်တင်ပေးခဲ့သည်သာမက စီးပွားရေးအခွင့်အလမ်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အသိပညာဗဟုသုတများကိုလည်း တိုးပွားလာစေခဲ့သည်။ ထို့ကြောင့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ၏ သက်ရောက်မှုဆိုးကျိုးများစွာကို ပြန်လည်ကုစားနိုင်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ကပ်ရောဂါ၏ အလားအလာကို ခန့်မှန်းကာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပြန်လည်ထူထောင်ရေးမဟာဗျူဟာလမ်းပြမြေပုံ ၂၀၂၁-၂၀၂၅ (Myanmar Tourism Strategic Recovery Roadmap 2021-2025)ဖြင့် လုပ်ငန်းစဉ်များချမှတ်အကောင်အထည်ဖော်နေပြီ ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် ဆိုးရွားစွာ ထိခိုက်ခဲ့ခြင်းအပေါ် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ ဘေးအန္တရာယ်ကင်းရှင်းစွာ တည်းခိုနိုင်ရေးနှင့် ဝန်ဆောင်မှုရယူနိုင်ရေးတို့အတွက် ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း ပီပီပြင်ပြင် ဆောင်ရွက်နိုင်ရန် ဟိုတယ်နှင့် ခရီးသွားကဏ္ဍရှိ စီးပွားရေးလုပ်ငန်းများအား Local, National နှင့် International အဆင့် (၃)ဆင့်ခွဲ၍ ကျန်းမာရေးနှင့်ညီညွတ်သော ဝန်ဆောင်မှုများ(Safe Services) ပေးအပ်ရေးနှင့် Certificate များ ထုတ်ပေးနိုင်ရန် Enchanting Myanmar Health and Safety Protocols ကိုပါ ရေးဆွဲဆောင်ရွက်လျက်ရှိရာ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။




# ညောင်ရွှေမြို့နယ် စိုက်ပျိုးကျေးရွာ၌ လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ် သယ်ဆောင်လာသူ အမျိုးသားတစ်ဦး သေဆုံး

**ညောင်ရွှေ အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် တိလောစခန်းကြီးကျေးရွာအုပ်စု စိုက်ပျိုးကျေးရွာရှိ ရှီဝါဂေါ်ရခါး ဘုရားရှိခိုးကျောင်းသွားလမ်း၌ အောက်တိုဘာ ၃၁ ရက် နံနက် ၇ နာရီခန့်တွင် လက်လုပ်မိုင်း ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုဖြစ်စဉ်ကို မြို့နယ်ရဲတပ်ဖွဲ့ မှူး ရဲမှူး ဝေလင်း ဦးဆောင်သည့် စစ်ဆေးရေးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အေးသာယာမြို့မှ ညောင်ရွှေမြို့သို့ ဆိုင်ကယ်ဖြင့် လက်လုပ်မိုင်း သယ်ဆောင်လာသူ အမျိုးသားတစ်ဦး ယာလက်ကောက်ဝတ်ပြတ်ထွက်ဒဏ်ရာ၊ ယာဘက်ပေါင်ပြတ်ထွက်ဒဏ်ရာများဖြင့် လဲကျသေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရပြီး ဆက်လက်စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ရာ သေဆုံးသူမှာ တောင်ကြီးမြို့နယ် အေးသာယာမြို့သစ်ရပ်ကွက်(၇) နယ်မြေ(၁၁) အမှတ်(၄၁၃)နေ ဇော်မျိုးထွန်း (ခ) အာတစ် (၂၄ နှစ်) ဖြစ်ကြောင်း ၎င်း၏ဇနီးဖြစ်သူ မသူဇာမြင့် ထံမှ အတည်ပြုသိရှိရသည်။

အခင်းဖြစ်ပွားရာ နေရာအနီး တစ်ဝိုက်ကို ရှာဖွေစစ်ဆေးခဲ့ရာ သေဆုံးသူ၏ အရှေ့ဘက် ၁၀ ပေခန့်အကွာ လမ်းဘေးချုံပုတ်အတွင်း အဝါရောင်ပလတ်စတစ်အိတ်ဖြင့်ထုပ်ထားသည့် အထုပ်တစ်ထုပ်ကို သံသယဖြစ်ဖွယ် တွေ့ရှိရသဖြင့် နယ်မြေခံတပ်မှ တာဝန်ရှိသူများ မိုင်းရှင်းလင်းရေး ဆောင်ရွက်ခဲ့ရာ အက်ကွဲနေသည့် အလျား ၁၃ လက်မ၊ အကျယ် သုံးလက်မ ကွန်ကျူးပိုက်အတွင်း၌ အရှည် ၁၂ လက်မ၊ လုံးပတ် တစ်လက်မရှိ သံပိုက်လုံး (အဝပိတ်)၊ ဘောစေ့များ၊ ပုလင်းကွဲစများ ထည့်သွင်းပြုလုပ်ထားပြီး ဝိုင်ယာကြိုးနှစ်စ တပ်ဆင်ထားသည့် လက်လုပ်မိုင်း တစ်လုံးနှင့် ကီးပက်ဖုန်းတစ်လုံးတို့ကို တွေ့ရှိ၍ နံနက် ၁၁ နာရီခန့်တွင် မိုင်းရှင်းလင်းဆောင်ရွက်ပြီးကြောင်းနှင့် သေဆုံးသူနှင့် ပတ်သက်ဆက်စပ်သူများအား သက်ဆိုင်ရာမှ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**



လက်လုပ်မိုင်း ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာကို တာဝန်ရှိသူများ စစ်ဆေးစဉ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**❐ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

## သုံးခွမြို့နယ်၌ ၃၁ ဧက ရေကန်ကြီးကို စက်ယန္တရားဖြင့် ဆယ်ယူရှင်းလင်း

**သုံးခွ အောက်တိုဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ်(၂)ရပ်ကွက် မင်းရဲကျော်စွာလမ်းရှိ ဧရိယာ ၃၁ ဧက ကျယ်ဝန်းသော ရေကန်ကြီး၏ ကန်ပေါင်နှင့် ကန်အတွင်း မြက်၊ ဒိုက်များ ရှင်းလင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အောက်တိုဘာ ၃၀ ရက်က ဆောင်ရွက်သည်။

အဆိုပါရေကန်သည် မြို့တွင်းသို့ ရေပိုက်လိုင်းဖြင့် ရေဖြန့်ဝေပေးနေသောရေကန်ကြီးဖြစ်ပြီး ယခုအခါ ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်ရာ ရေကန်ကြီးမှသောက်သုံးရေများကို ပြည်သူများအဆင်ပြေစွာ သုံးစွဲနိုင်ရန် ရပ်ကွက်အလိုက် အလှည့်ကျစနစ်ဖြင့် နိုဝင်ဘာလဆန်းပိုင်းမှစ၍ ရေဖြန့်ဝေပေးတော့မည်ဖြစ်သည်။

ထို့ကြောင့် ရေကန်ကြီးဝန်းကျင် သန့်ရှင်းသာယာစေရေး၊ ဥပမိရပ်ကောင်းမွန်ရေးနှင့် သန့်ရှင်းသောသောက်သုံးရေ ရရှိစေရေးအတွက် ရေကန်ကြီး၏ ကန်ပေါင်ပေါ်ရှိ မြက်၊ ချုံများ ရှင်းလင်းခြင်းနှင့် ကန်ပေါင်အတွင်းရှိ မြက်၊ ဒိုက်များကို စက်ယန္တရားဖြင့် ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးခိုင်ကြည်သာလှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းထွန်းလင်းတို့က ကြီးကြပ်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**




# သတင်းတိုများ

## ထန်းတပင်မြို့ စစ်တောင်းမြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေနှစ်သိန်း မျိုးစိုက်ထည့်

**ထန်းတပင် အောက်တိုဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် စစ်တောင်းမြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေ နှစ်သိန်းကို အောက်တိုဘာ ၃၀ ရက်က မျိုးစိုက်ထည့်ကြောင်း သိရသည်။ တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်နှင့် အဖွဲ့ဝင် များ၊ ထန်းတပင်မြို့စခန်း တာဝန်ခံနှင့် တာဝန်ရှိသူများ၊ ငါးမျိုးစိုက် ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများ၊ ရေလုပ်သားများက နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ တစ်သိန်းနှင့် ငါးခုံးမကြီး သားပေါက်ကောင်ရေတစ်သိန်းတို့ကို စစ်တောင်းမြစ်အတွင်းသို့ စုပေါင်းမျိုးစိုက်ထည့်ခြင်းဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

## ကြံခင်းမြို့နယ်အတွင်းရှိ အသက်အကြီးဆုံးအဘွားအားဂုဏ်ပြုထောက်ပံ့ငွေပေးအပ်

**ကြံခင်း အောက်တိုဘာ ၃၁**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်းမှ အသက်အကြီးဆုံး အဘိုး၊ အဘွားများအား မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနက ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ရာ အသက် ၁၀၇ နှစ်ရှိ အဘွားဒေါ်လှတင် နေထိုင်သော ခုံကြီးကျေးရွာသို့ အောက်တိုဘာ ၃၀ ရက်က သွားရောက် ပေးအပ်သည်။ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒေါ်မြတ်မြတ်သိန်းနှင့် ဝန်ထမ်းများက အဘွားဒေါ်လှတင်အား ဂုဏ်ပြုထောက်ပံ့ငွေကျပ် ၁၀၀၀၀၀ ကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**မိုးမိုး(ပြန်/ဆက်)**

## အင်းတော်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကော်မတီများဖွဲ့စည်း

**အင်းတော် အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃ ခုနှစ် ခြောက်လဘတ်ဂျက်ကာလအတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆောင်ရွက်ရန် လျာထားသော ထန်းတောကျေးရွာ၊ သက္ကယ်ကျင်းကျေးရွာ၊ လက်ပန်ကုန်းကျေးရွာ၊ သူရောင်းကျေးရွာ၊ နန့်ခင့်ကျေးရွာများတွင် စီမံကိန်းမိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းလုပ်ငန်းများကို ဆောင်ရွက် ထားပြီးဖြစ်ကြောင်း သိရသည်။ အဆိုပါကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လုပ်ငန်းအတည်ပြုချက်ရရှိသည်နှင့်တစ်ပြိုင်နက် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဦးစောနိုင်ဦးက ပြောကြားသည်။

**လှအောင်(ကသာ)**

# ကျောင်းအပ်နှံပြီးသားတွေရော ကျောင်းမအပ်ရသေးတဲ့ ကျောင်းသားတွေပါ ကျောင်းလာတက်ကြဖို့ ဖိတ်ခေါ်ပါတယ်

**တနင်္သာရီမြို့နယ်ပညာရေးမှူး ဦးခင်ဇော်**

**တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်းမှ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းလွန်ကျောင်းများကို နိုဝင်ဘာ ၁ ရက်တွင် နိုင်ငံတော်၏အစီအမံဖြင့် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းများ ဖွင့်လှစ်မည့်အစီအစဉ်များနှင့် ပတ်သက်၍ မြို့နယ်ပညာရေးမှူးဦးခင်ဇော်နှင့် အောက်တိုဘာ ၃၁ ရက်က တွေ့ဆုံမေးမြန်းထားပါသည်။**



**မေး။ ။ ကျောင်းများပြန်ဖွင့်လှစ်ဖို့ မြို့နယ်အတွင်း စီစဉ်ထားရှိမှုကို ပြောပြပေးပါ။**

ဖြေ။ ။ တနင်္သာရီမြို့နယ်မှာ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်ရဲ့အစမှာ ကျောင်း ၄၇ ကျောင်းကို စတင်ဖွင့်လှစ်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် ယာယီပြန်ပိတ်လိုက်ပါတယ်။ အခု နိုဝင်ဘာ ၁ ရက်မှာ ကျောင်းတွေပြန်ဖွင့်ဖို့ ညွှန်ကြားလာတဲ့အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်၊ ကျွန်တော်နဲ့ ကျောင်းအုပ်ကြီးတချို့ ၂၉ ရက်ကတွေ့ဆုံပြီး ကျောင်း ၄၇ ကျောင်းလုံး အခုအခါပြန်လည်ဖွင့်လှစ်ရင် အဆင်ပြေ/မပြေ၊ လုံခြုံရေးအခြေအနေတို့ကို ဆွေးနွေးခဲ့ကြပါတယ်။ အဲဒီကျောင်း ၄၇ ကျောင်းထဲက ၃၃ ကျောင်းကို နိုဝင်ဘာ ၁ ရက်မှာ ဖွင့်ဖြစ်ပါမယ်။ ကျန်တဲ့ ၁၄ ကျောင်းကိုတော့ လုံခြုံရေးအခြေအနေအရ ဖွင့်ဖြစ်မှာမဟုတ်သေးပါဘူး။

**မေး။ ။ မဖွင့်နိုင်တဲ့ကျောင်းတွေက ဘယ်ကျေးရွာအုပ်စုတွေထဲက ဖြစ်ပါသလဲ။**

ဖြေ။ ။ တကူကျေးရွာအုပ်စုထဲက အထက-တကူ၊ ပဝကျေးရွာအုပ်စု ထဲက အထက-ပဝရွာ၊ ကော့မပြင်းကျေးရွာအုပ်စုမှ အလက-ကော့မပြင်းကျောင်းနဲ့ သာရဖုံ၊ သာရဘွင်၊ ဘန်းပြည့်၊ သဘော်ဒြီးနဲ့ မောတောင်မြို့ အမှတ်(၉)ကျေးရွာအုပ်စုစတဲ့ ကျေးရွာအုပ်စုတွေထဲက အလက(ခွဲ)ကျောင်းတွေနဲ့ မူလတန်းလွန်ကျောင်းတွေဖြစ်ပါတယ်။ အဲဒီထဲမှာမှ အမှတ်(၃)နဲ့ အမှတ်(၉) မူလွန်ကျောင်းနှစ်ကျောင်းကိုတော့ ကျောင်းဖွင့်ပြီး တစ်ပတ်၊ နှစ်ပတ်ခန့် စောင့်ကြည့်ပြီးရင် ဆက်ဖွင့်ပေးဖို့ စီစဉ်ထားပါတယ်။

**မေး။ ။ ဘယ်ကျောင်းတွေဖွင့်မယ်/ မဖွင့်ဖြစ်သေးဘူးဆိုတာ ကျောင်းအုပ်ကြီးတွေနဲ့ ကျောင်းသား ကျောင်းသူများ သိရှိနိုင်ဖို့ ဘယ်လိုစီမံထားပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့မှာ မြို့နယ်ပညာရေးဂရု(group)ကို ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများအားလုံးပါဝင် ဖွဲ့ပေးထားပြီး၊ လေ့ကျင့်ပေးထားပြီးလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ အသိပေးလိုတာတွေ၊ သိလိုတာတွေ အကုန်လုံးကို အဲဒီဂရုကတစ်ဆင့် ဆက်သွယ်လိုက်ရင် အကုန်သိရှိရပါတယ်။ ကျောင်းအုပ်ကြီးတွေကတစ်ဆင့် ကျောင်းအကျိုးဆောင်အဖွဲ့တွေ၊ ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့တွေ၊ ကျောင်းသားမိဘများအထိ အလွယ်တကူ သိရှိနိုင်ပါတယ်။

**မေး။ ။ ကျောင်းအုပ်ကြီးတွေကို အခြားညွှန်ကြားချက်များ ရှိပါသေးလား။**

ဖြေ။ ။ ဟုတ်ကဲ့၊ ကျောင်းဖွင့်ရင် ဆရာ ဆရာမတွေရော ကျောင်းသူ ကျောင်းသားတွေပါ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်တွေအတိုင်း စနစ်တကျလက်ဆေးဖို့၊ လက်ဆေးဘေစင်ထားရှိဖို့၊ ကိုယ်အပူချိန်တိုင်းတာမှတ်သားဖို့နဲ့ စာသင်ခန်းအတွင်း တစ်ဦးနဲ့တစ်ဦး လေးပေအကွာမှာနေပြီး စည်းကမ်းချက်တွေလိုက်နာဖို့၊ ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာဖို့ စတဲ့ ညွှန်ကြားချက်တွေ ချပြထားပြီး ကျောင်းအုပ်ကြီးတွေကလည်း အသိပညာပေးခြင်းတွေကို ဆောင်ရွက်လျက်ရှိကြပါတယ်။

**မေး။ ။ ကျောင်းတွေဖွင့်ရင် ကျောင်းသားဟောင်းတွေပဲ တက်ခွင့်ရှိပါသလား။ ကျောင်းမအပ်ရသေးတဲ့ ကျောင်းသူ ကျောင်းသားတွေကိုရော လက်ခံပါသလား။**

ဖြေ။ ။ အားလုံးကို လက်ခံပါတယ်။ လောလောဆယ်မှာ Grade-6 မှ Grade-11 အထိ ကျောင်းသား ကျောင်းသူတွေကို ဦးစားပေး လက်ခံပေးမှာဖြစ်ပါတယ်။ အရင် ကျောင်းစဖွင့်တုန်းက ကျောင်းအပ်နှံပြီးသားတွေရော ကျောင်းမအပ်ရသေးတဲ့ ကျောင်းသားတွေပါ ကျောင်းလာတက်ကြဖို့ ဖိတ်ခေါ်ပါတယ်။ ကျောင်းအပ်နှံမှုကိုလည်း လက်ခံဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ကျောင်းသားမိဘတွေ၊ အုပ်ထိန်းသူတွေကလည်း မိမိတို့ရဲ့ သားသမီးတွေ အခြားကျောင်းသူ ကျောင်းသားတွေနဲ့တန်းတူ ပညာသင်ကြားခွင့်ရအောင် ကျောင်းလာတက်ကြဖို့၊ ကျောင်းလာအပ်ပေးဖို့ တိုက်တွန်းမေတ္တာရပ်ခံချင်ပါတယ်။

**မေး။ ။ ဆရာကြီးအနေနဲ့ အခြားဖြည့်စွက်ပြောချင်တာရှိရင် ပြောကြားပေးပါ။**

ဖြေ။ ။ နိုင်ငံတော်အကြီးအကဲများရဲ့အစီအမံနဲ့ ကျောင်းတွေ ပြန်လည်ဖွင့်လှစ်နိုင်ဖို့ ကျောင်းသူ ကျောင်းသားတွေနဲ့ ဆရာ ဆရာမတွေကို ကိုဗစ်-၁၉ ကာကွယ်ဆေးတွေလည်း ထိုးနှံပေးပြီးပြီ။ ခုလို ကျောင်းတွေပြန်လည်ဖွင့်ခွင့်ပြုပေးတဲ့အတွက် အတိုင်းမသိဝမ်းသာ ကျေးဇူးတင်မိပါတယ်။ ကျောင်းသားမိဘတွေအနေနဲ့ မိမိရဲ့သားသမီးတွေရဲ့ အနာဂတ်မပျောက်ရလေအောင် ကျောင်းတွေပြန်ဖွင့်တဲ့အခါမှာ ကျောင်းလာတက်ဖြစ်အောင် ဝိုင်းဝန်းကူညီပေးကြပါ။ ကျောင်းလာတက်ပါမှ ကိုဗစ်ရောဂါကာကွယ်ဆေးကိုလည်း အချိန်မီ အကြိမ်ပြည့် ထိုးနှံပေးနိုင်မှာဖြစ်တယ်။ ကာကွယ်ဆေးထိုးနှံပြီးမှဘက်စုံပညာတွေကို လုံခြုံစိတ်ချစွာ သင်ယူခွင့်ရရှိမှာဖြစ်တဲ့အတွက် မဖြစ်မနေ ကျောင်းသို့စေလွှတ်ပေးဖို့ အထူးမေတ္တာရပ်ခံဖြည့်စွက်ပြောကြားလိုပါတယ်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**




## မင်းလှမြို့နယ်၌ အခြေခံပညာကျောင်းများဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်လျက်ရှိ

**မင်းလှ အောက်တိုဘာ ၃၁**

မကွေးတိုင်းဒေသကြီးမင်းလှမြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများကို နိုဝင်ဘာ ၁ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်း သားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်စေရန် အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့် အဖွဲ့ဝင်များက ယနေ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်ထားခဲ့သည့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအတွင်းအပြင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ချုံနွယ်အမှိုက်များ ရှင်းလင်းခြင်း၊ စာသင်ခုံများစီခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်နေမှုများ စသည်တို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပညာရေးမှူးဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက အခြေခံပညာကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ဇာဇာ(အထက်မင်းလှ)




ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန

**မိဘများ ကြိုတင်ဆောင်ရွက်ရမည့်**
**သင်ကြားသင်ယူရေးနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်**

၁။ မိမိတို့၏သား၊ သမီးများ ပညာသင်ယူမှု အခွင့်အလမ်းရရှိစေရေးအတွက် ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကျောင်းသို့ မပျက်မကွက် (မပျက်မကွက်) စေလွှတ်ရန်၊

၂။ မိမိတို့၏သား၊ သမီးများကို ကျောင်းမှချမှတ်ထားသည့် စည်းကမ်းများနှင့် လိုက်လျောညီထွေစွာ ပြောဆိုပြုမူကျင့်ကြံနေထိုင်တတ်စေရေး လေ့ကျင့်ပေးရန်၊

၃။ သင်ကြားသင်ယူမှုလုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် ဆရာ၊ မိဘနှင့် ကျောင်းသားများ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊

၄။ ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးနှင့် ကျောင်းဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးတို့တွင် ကူညီပံ့ပိုးဆောင်ရွက်ရန်၊

၅။ လိုအပ်ချက်များရှိပါက ကျောင်းအုပ်ကြီး၊ ဆရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊



စံကွက်ရိတ်သိမ်းနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေးနေစဉ်။

## မိုးစပါးစံပြကွက်ရိတ်သိမ်းမှုမှ စပါးအစို ၁၁၅ တင်းကျော် ထွက်ရှိ

**အိမ်မဲ အောက်တိုဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ဘုရားကြီးကုန်းကျေးရွာအုပ်စု၌ စိုက်ပျိုးထားသော ဆင်းသုခ မိုးစပါးစံပြကွက်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်၍ စံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၃၀ ရက်က ပြုလုပ်ရာ တစ်ဧကအထွက်နှုန်း စပါးအစို ၁၁၅ ဒသမ ၀၇ တင်းနှင့် စပါးအခြောက် ၉၆ ဒသမ ၃၄ တင်း ထွက်ရှိသည်။

အဆိုပါစံပြကွက် စံကွက်ရိတ်သိမ်းပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ ကြည့်ရှုအားပေးသည်။ **ချစ်သက်လယ်(အိမ်မဲ)**

## ကမမောင်းမြို့ဒေသထွက် ဝဥများ ဈေးနှုန်းကျဆင်းနေ

**ကမမောင်း အောက်တိုဘာ ၃၁**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့ဒေသအတွင်းရှိ ကျေးရွာများမှ စိုက်ပျိုးထွက်ရှိသော ဝဥများကို ယခုနှစ်တွင် ပြည်ပမှဝယ်လိုအားမရှိသည့်အတွက် ဈေးကောင်းမရဖြစ်နေကြောင်း ဝဥစိုက်ပျိုးသည့် တောင်သူများထံမှ သိရသည်။

ဝဥအဝယ်ဒိုင်များက ယခုနှစ်တွင် ပြည်တွင်းပြည်ပ ဝယ်လိုအားကျနေသည့်အတွက် ယခင်နှစ်များက ဝဥတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ဝန်းကျင်ခန့်ဖြင့် ဝယ်ယူနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ငွေကျပ် ၁၀၀၀ ဝန်းကျင်ဖြင့်သာ ဝယ်ယူနိုင်ကြောင်း သိရသည်။ ပြည်တွင်းမှထွက်သည့် ဝဥကုန်ကြမ်းဖြင့် ထုတ်လုပ်သည့် အသားတုများမှာ နှစ်ဆနီးပါး ဈေးတက်နေ သော်လည်း မိမိတို့စိုက်ပျိုးထားသည့် ဝဥများမှာမူ ဈေးကောင်းမရသည်ကို စိတ်မကောင်းဖြစ်ရကြောင်း၊ ယခင်နှစ်များကဲ့သို့ ဈေးကောင်းရရှိရန် လိုလားနေကြောင်း ဝဥစိုက်တောင်သူများက ပြောသည်။ **လင်းသန့်(ပြန်/ဆက်)**




## အထက်အညာဒေသတွင် မတ်ပဲကို သီးထပ်အဖြစ် ရေသွင်းစိုက်ပျိုး

**မန္တလေး အောက်တိုဘာ ၃၁**

ယခုရာသီတွင် မတ္တရာ၊ စဉ့်ကူး၊ မြောင်၊ မုံရွာ၊ ရေစကြိုဒေသများ၌ ရေသွင်းစိုက်ပျိုးထားသည့် သီးထပ်မတ်ပဲများ မန္တလေးဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းမှာလည်း ယမန်နှစ်ကာလတူ ပေါက်ဈေးထက် ပိုမိုရရှိနေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ မတ်ပဲများကို ဇွန်၊ ဇူလိုင်လတို့တွင် ဧရာဝတီနှင့် ချင်းတွင်းမြစ်ရေကို အသုံးပြု၍လည်းကောင်း၊ အချို့ဒေသများတွင် မြေအောက်ရေကို စုပ်ယူ၍လည်းကောင်း ရေသွင်းစိုက်ပျိုးပြီး စက်တင်ဘာလကုန်ပိုင်းတွင် စတင်ထွက်ရှိကာ ယခုအောက်တိုဘာလကုန်ပိုင်းတွင် ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာခြင်းဖြစ်သည်။ ဈေးနှုန်းမှာ ယမန်နှစ်ကာလတူ အချိန်က သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၀ နှုန်းသာ ရရှိခဲ့သော်လည်း ယခုနှစ်တွင် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀ အထိ ရရှိနေကြောင်း သိရသည်။



"အခုရက်ပိုင်းမှာတော့ အညာဒေသမှာ မြစ်ရေကိုအားပြုပြီး သီးထပ်စိုက်ပျိုးထားတဲ့ မတ်ပဲသီးနှံတွေ မန္တလေးဈေးကွက်ကို ဝင်ရောက်နေပါတယ်။ မတ်ပဲကို ရန်ကုန်၊ ပဲခူးနဲ့ ဧရာဝတီတိုင်းဒေသကြီးတွေမှာ တစ်နှစ်ကို တစ်ရာသီသာ စိုက်ပျိုးကြပေမယ့် အညာဒေသမှာတော့ သီးထပ်အဖြစ် စိုက်ပျိုးလာခဲ့ကြတာ ဆယ်စုနှစ်တစ်စုလောက် ရှိပါပြီ။ အောင်မြင်မှု ရလဒ်တွေကြောင့် တိုးချဲ့စိုက်ပျိုးလာကြတဲ့အတွက် တစ်နှစ်ထက်တစ်နှစ် အထွက်နှုန်းလည်း တိုးတက်လာခဲ့တယ်။ ဒီနှစ်မှာတော့ အထွက်နှုန်းလည်း ကောင်းသလို ဈေးနှုန်းလည်း အရင်နှစ်ကထက် ပိုရရှိနေတယ်။ ဒီနှစ်မှာ အိန္ဒိယနိုင်ငံရဲ့ ဝယ်လိုအားကြောင့် မတ်ပဲ လက်ကျန်နည်းပြီး ဈေးကွက်မှာ ပစ္စည်းပြတ်မယ်လို့ ခန့်မှန်းကြပေမယ့် အခုထွက်ပေါ်လာတဲ့ ရေသွင်းမတ်ပဲကြောင့် စိုက်ပျိုးဖို့ မျိုးအတွက် ပူစရာမလိုတော့ပါဘူး"ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသော ပြည်ပပို့ကုန် ပဲအမျိုးအစားများအနက် မတ်ပဲသည် ပြည်ပဝင်ငွေအကောင်းဆုံးရရှိသော ပို့ကုန်သီးနှံအဖြစ် ရပ်တည်လျက်ရှိခြင်းကြောင့် မြစ်ရေလွယ်ကူစွာရရှိနိုင်သော ဒေသများတွင် သီးထပ်သီးနှံအဖြစ် တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ၎င်းက ဆက်ပြောသည်။

အညာဒေသများတွင် ဆောင်းသီးနှံအဖြစ် ပုံမှန်စိုက်ပျိုးထားရှိသည့် မတ်ပဲများမှာလည်း အပင်ပေါက်ကောင်းမွန်သဖြင့် ဇန်နဝါရီလဆန်းတွင် စတင်ရိတ်သိမ်းကာ ဈေးကွက်သို့ဝင်ရောက်တော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးသည့် ပြန်စိုက်သီးနှံများအတွက် ဓာတ်မြေဩဇာထောက်ပံ့

**ညောင်လေးပင် အောက်တိုဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးသီးနှံ ထိခိုက်ဧရိယာများနှင့် ပျက်စီးသွားသောဧရိယာများတွင် ပြန်လည်စိုက်ပျိုးထားသော စိုက်ခင်းများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက ယူရီးယားဓာတ်မြေဩဇာများကို အောက်တိုဘာ ၃၀ ရက်က ထောက်ပံ့ပေးအပ်သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ပြုလုပ်သည့် မြေဩဇာများပေးအပ်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်သည့် ဗိုလ်မှူးနေလင်း၊ ဦးဇော်မင်းယုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်သူများ တက်ရောက်ကြပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက သဘာဝဘေးကျရောက်မှုကြောင့် ထိခိုက်မှုများကို နိုင်ငံတော်မှ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်းနှင့် အကျိုးရှိရှိ အသုံးချစေလိုကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးဇော်ထူးအောင်က သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးမှုအပေါ် ကွင်းဆင်းစာရင်းကောက်ယူမှုများကို ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုးနိုင်က ဓာတ်မြေဩဇာထောက်ပံ့သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြား၍ တောင်သူများအား ဓာတ်မြေဩဇာများ ပေးအပ်သည်။

ညောင်လေးပင်မြို့နယ်အတွင်းရှိ ကျေးရွာ ၅၈ ရွာမှ ထိခိုက်မှု ဧက ၁၃၂၈ ဧကအတွက် တောင်သူ ၃၆၉ ဦးအား တစ်ဧကလျှင် ၂၃ ဒသမ ၇၂ ကီလိုနှုန်းဖြင့် ၃၁၅၀၀ ဒသမ ၁၆ ကီလို(အိတ် ၆၃၀)ကိုလည်းကောင်း၊ ပျက်စီးပြန်စိုက်မှု ၇၂၉ ဧကအတွက် တောင်သူ ၂၄၆ ဦးအား တစ်ဧကလျှင် ၂၅ ဒသမ ၀၂ ကီလိုနှုန်းဖြင့် ၁၈၂၃၉ ဒသမ ၅၈ ကီလို (၃၆၄ အိတ်)ကိုလည်းကောင်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**




## မူဆယ်မြို့နယ်အတွင်း ကျေးရွာလေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဆောင်ရွက်မည်

**မူဆယ် အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ကျေးရွာလေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း မူဆယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ စီမံကိန်းဆောင်ရွက်မည့် ကျေးရွာလေးရွာမှာ ဟွယ်လုံကျေးရွာ၊ နမ့်စန့်ကျေးရွာ၊ ခိုတိန်ကျေးရွာနှင့် မန့်ဟောင်းကျေးရွာတို့ဖြစ်ပြီး ယင်းကျေးရွာများတွင် ကျေးရွာပြည်သူလူထုကိုယ်တိုင် ကျေးရွာ၏ လိုအပ်ချက်များကိုဖော်ထုတ်ပြီး ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအစီအစဉ်များကို စနစ်တကျစုပေါင်း၍ ကဏ္ဍပေါင်းစုံပါဝင်သည့် ဖွံ့ဖြိုးရေးအစီအစဉ်တစ်ရပ် ဖြစ်ပေါ်လာစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယိုင်ဆိုင်က ပြောသည်။

အဆိုပါကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကျေးရွာများကို သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ ရွေးချယ်ခဲ့ကြောင်း၊ ယခုအခါ အဆိုပါကျေးရွာလေးရွာတွင် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းများကို ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဇော်မင်းဌေး**

## မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ သက်ကြီးပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃၁**

မြန်မာ့အလင်း သတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏ စတုတ္ထအကြိမ် သက်ကြီးပူဇော်ပွဲကို နိုဝင်ဘာ ၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရားအတွင်းရှိသန္တိသုခဓမ္မာရုံတွင် ပြုလုပ်မည်ဖြစ်သည်။

ကန်တော့ပွဲပြုလုပ်ရာ၌ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ပြုလုပ်ရခြင်းဖြစ်၍ ရန်ကုန်မြို့ရှိကန်တော့ခံ သက်ကြီးသတင်းထောက်ကြီးများကိုသာ ဖိတ်စာပို့ပေးမည်ဖြစ်ပြီး နယ်မှကန်တော့ခံ သတင်းထောက်ကြီးများအတွက် ကန်တော့ခံအလှူငွေကို ငွေလွှဲမှတစ်ဆင့် ပေးပို့မည်ဖြစ်သည်။ လှူဒါန်းလိုသူများ ဒုတိယဥက္ကဋ္ဌ ဦးသန်းဝင်း (သန်လျင်) ဖုန်း ၀၉-၇၇၆ ၂၇၃ ၂၃၇၊ ဦးတင်ဝင်းလေး (ကြည့်မြင်တိုင်) ဖုန်း ၀၉-၇၇၇ ၆၄၂ ၆၉၉ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။

သျှင်ဝင်းသျှင်





### အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ အလုပ်သမားဆေးရုံကြီး၊ မန္တလေးမြို့

၁။ အလုပ်သမားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ (၆၆) လမ်း၊ ၁၂x၁၄ကြားရှိ အလုပ်သမားဆေးရုံကြီးဝင်းအတွင်းတွင် ၃'' ထု နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်း ၁၇၉၄၈ စ/ပေနှင့် ဆေးရုံကြီးအတွင်း ပတ်လမ်းပလက်ဖောင်း၊ လမ်းကာရိုးနှင့် လျှောက်လမ်း၊ ပန်းခုံ၊ Car Parking ၂၁၂၇၀ ပေတို့အား နိုင်လွန်ကတ္တရာခင်းခြင်း၊ ကွန်ကရစ်လောင်းခြင်း၊ အုတ်စီခြင်း၊ အချောကိုင်ခြင်း လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ** - ၁-၁၁-၂၀၂၁ ရက် (တနင်္လာနေ့)
**စတင်ရောင်းချမည့်ရက်**
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၅-၁၁-၂၀၂၁ ရက် (သောကြာနေ့) ညနေ (၄) နာရီ

၃။ တင်ဒါစည်းမျဉ်းများ စည်းကမ်းချက်များ အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးခန်း မန္တလေး အလုပ်သမားဆေးရုံးကြီးတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

### အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ကွန်ပျူတာတက္ကသိုလ်(ပင်လုံ) ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လ ဘဏ္ဍာရေးနှစ် လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ် (ပင်လုံ)တွင် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း(၁)ခု ဝန်ထမ်းအိမ်ရာသွား ကွန်ကရစ်လမ်းခင်းခြင်း (ပေ ၃၀၀၀x ၁၂ ပေx ၉လက်မ)၊ (၄လက်မx ၂လက်မ) ကျောက်ဖြင့် ၆ လက်မထု အောက်ခံခင်းခြင်း၊ (၃ ပေ အကျယ် ၉ လက်မထု အမာခံလမ်းပခုံးအပါအဝင်)လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၁၁-၂၀၂၁ ရက်မှစ၍ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)တွင် ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါကို ၃၀-၁၁-၂၀၂၁ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ တင်ဒါပုံစံဝယ်ယူခဲ့သော တက္ကသိုလ်တွင် တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၈၁-၃၁၀၄၅၃၊ ၀၉-၄၀၄၃၆၆၂၉ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။




အောက်တိုဘာ ၃၀ ရက်က ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မြစိမ်းရောင်တောင်တော်ရှိ မြတိဂုံစေတီတော်ကြီးတွင် ရင်ပြင်ခင်းရန်၊ တန်ဆောင်းမုခ်ဦးတည်ဆောက်ရန်၊ ဂြိုဟ်တိုင်တည်ရန်နှင့် လမ်းခင်းရန်အတွက် အလှူတော်ငွေပေးအပ်ပွဲကို မြောင်းမြမြို့ အလယ်တောရဆရာတော်ကြီးကျောင်း ဓမ္မဗိမာန်တော်တွင်ပြုလုပ်ရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ(လူမှုထူးချွန်- တတိယ) ဦးစိုးသန်းထွန်း(ပွင့်သစ်ဆန်းမိသားစု) လှူဒါန်းငွေကျပ် သိန်း ၄၅၀ ကို မြောင်းမြခရိုင် စီမံခန့်ခွဲမှုအဖွဲ့ဝင်(၁)က လက်ခံယူစဉ်။ ကိုကြီးတင်



မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏ စတုတ္ထအကြိမ် အသက် ၇၅ နှစ်နှင့်အထက် သတင်းစာဆရာကြီးများအား ပူဇော်ကန်တော့နိုင်ရန် သန်လျင်မြို့နေ ဦးသိန်းဇော်ဦး - ဒေါ်ရူပကျော် (သရဖူသစ်နှင့်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)မိသားစုက အလှူငွေကျပ် နှစ်သိန်းကို ပူဇော်ပွဲကျင်းပရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းဝင်းထံ ပေးအပ်လှူဒါန်းစဉ်။

သန်းဝင်း(သန်လျင်)

## ၂၀၂၂ ခုနှစ်အတွင်းကျင်းပမည့် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲနှင့် (၄)ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၃၁**

၂၀၂၂ ခုနှစ်အတွင်း ကျင်းပမည့် (၁၁) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲနှင့် (၄)ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မသန်စွမ်းအားကစားသမားများအား တွေ့ဆုံပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်၌ ပြုလုပ်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များ တက်ရောက်ကြပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကာ စခန်းသွင်းလေ့ကျင့်မည့် အုပ်ချုပ်၊ နည်းပြများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ ပြိုင်ပွဲများသို့ ပြေးခုန်ပစ်၊ ရေကူး၊ မြားပစ်၊ အလေးမ၊ ထိုင်လျက်ဘော်လီဘော၊ မျက်မမြင် ချက်နှင့် ဘိုစီယာ အားကစားနည်းများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဒဂုံမြို့သစ်မြောက်ပိုင်း အားကစားလေ့ကျင့်ရေးစခန်းတွင် အုပ်ချုပ်၊ နည်းပြ ၂၃ ဦး၊ မသန်စွမ်းအားကစားသမား ၉၈ ဦး စုစုပေါင်း ၁၂၁ ဦးအား နိုဝင်ဘာ ၁ ရက်မှစတင်၍ လေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အာကာစိုး


### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန လျှောက်လွှာခေါ်ယူခြင်း ကြော်ငြာစာအမှတ် ၃/၂၀၂၁ ၁၃၈၃ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက် (၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁ ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်ချက်ရှိသည့် ရုံးအကူ/စာပို့ လစာနှုန်းကျပ် (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) ရာထူး ၁၀၀ နေရာအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၂။ အဆိုပါရုံးအကူ/စာပို့ရာထူးနေရာများအား အောက်ပါဒေသအတွင်းရှိ ရုံး/ဌာနများတွင် ယှဉ်တွဲဖော်ပြပါအရေအတွက်အတိုင်း ခန့်အပ်သွားပါမည်-

| | | |
|---|---|---|
| (က) | ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်နှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ ရုံး/ဌာနခွဲများ | ၃၂ ဦး |
| (ခ) | မန္တလေးတိုင်းဒေသကြီးအတွင်းရှိရုံးများ | ၂၃ ဦး |
| (ဂ) | ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရုံးများ | ၄၅ ဦး |
| | **စုစုပေါင်း** | **၁၀၀ ဦး** |

၃။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ၃၀-၁၁-၂၀၂၁ ရက်တွင် အသက် (၁၈)နှစ်ပြည့်ပြီး အသက်(၂၈)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊
(ဂ) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်၊
(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လျှောက်လွှာတင်သွင်းသည့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ မည်သည့်နေရာဒေသတွင်မဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

၄။ လျှောက်လွှာပုံစံကို ပြည်တွင်းအခွန်များဦးစီးဌာန၏ website လိပ်စာဖြစ်သည့် www.ird.gov.mm တွင် ဖော်ပြထားမည်ဖြစ်ပြီး လျှောက်လွှာတွင် ဖော်ပြထားသောအချက်များကို ပြည့်စုံမှန်ကန်စွာရေးသွင်းရမည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
(က) ရက်သတ္တပတ်(၂)ပတ်အတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၂)ပုံ
(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ
(ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ
(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း
(စ) ကျန်းမာကြောင်း ဆေးလက်မှတ်နှင့် သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာ(မူရင်း)
(ဆ) ဝန်ထမ်းများဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ခွင့်ပြုမိန့်(မူရင်း)

၆။ လျှောက်လွှာကို အောက်ဖော်ပြပါရုံးများအနက် မိမိတာဝန်ထမ်းဆောင်လိုသော ရုံးတစ်ရုံးရုံးသို့သာ ၃၀-၁၁-၂၀၂၁ရက် နောက်ဆုံးထားပေးပို့လျှောက်ထားရမည်-
(က) ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံး၊ အမှတ်(ပခ-၂၇)၊ ညောင်ပင်ကြီးစုကွက်သစ်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊
(ခ) မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၊ ၆၅လမ်း (၂၂x၂၃)လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊
(ဂ) ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး၊ အမှတ်(၁၆၃/၁၆၇)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

၇။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော သတ်မှတ်စည်းကမ်းချက်များနှင့် မကိုက်ညီသည့် လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၈။ ရေးဖြေစာမေးပွဲကျင်းပမည့်ရက်အား မြန်မာ့အလင်း၊ ကြေးမုံသတင်းစာနှင့် မြဝတီသတင်းစာများတွင် ထပ်မံကြော်ငြာမည်ဖြစ်သည်။ ရေးဖြေစာမေးပွဲတွင် အထွေထွေဗဟုသုတဘာသာရပ်ကို ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအား နေပြည်တော်၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၉။ ရွေးချယ်ခန့်အပ်ခြင်းခံရသူများသည် မိမိလျှောက်ထားသည့် ဒေသအတွင်းရှိ ဌာနခွဲ/ရုံးများတွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်းနှင့် တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက လျော်ကြေးငွေကျပ် (၅)သိန်းတိတိ ပေးလျော်ရမည်ဖြစ်သော်လည်း ပြည်တွင်းအခွန်ဦးစီးဌာနနှင့် အခြားဌာနများမှ ခေါ်ယူသော ရာထူးဝင်ပေါက်နေရာများသို့ ဝင်ရောက်ဖြေဆိုခွင့်ရှိမည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရပါက ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ခွင့်ရှိပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ တယ်လီဖုန်း-၀၆၇-၃၄၃၀၀၂၁၊ မန္တလေးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး၊ ဖုန်း-၀၂-၄၀၃၅၉၁၆ နှင့် ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး ဖုန်း-၀၁-၈၂၅၂၅၄၃ သို့ ဖုန်းဖြင့်ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

မိတ္ထီလာမြို့၊ ဈေးအရှေ့ပြင်ရပ်ကွက်၊ စည်သူရပ်နေ ကျွန်တော် ဦးကျော်သိန်း ၉/မထလ(နိုင်)၀၄၁၉၀၈၏သားဖြစ်သူ မောင်ဇာနည်ကျော် ၉/မထလ(နိုင်) ၁၉၉၂၆၂ သည် ဖခင်ဖြစ်သူ၏ ဆိုဆုံးမမှုအား နာယူမှုမရှိဘဲ စိတ်ဆင်းရဲအောင်အမျိုးမျိုးပြုပါ၍ ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဖခင် ဦးကျော်သိန်း


**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**


### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6B/7794 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန်ကြေညာအပ် ပါသည်။

ကညန၊ပြည်နယ်ရုံး(မော်လမြိုင်မြို့)


**သွေးသည် အသက်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## "ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး"အသိဖြင့် ပြည်သူလူထုအကြား အားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဓာတ်ပုံ၊ ဆောင်းပါး၊ ကဗျာနှင့် ဝတ္ထုတိုပြိုင်ပွဲကျင်းပမည်

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူလူထုအများပါဝင်သည့် လူထုအားကစားလှုပ်ရှားမှုကို နှစ်စဉ်ဒီဇင်ဘာလတိုင်း ကျင်းပလျက်ရှိရာ အဆိုပါ စုပေါင်းအားကစားလှုပ်ရှားမှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်များပြားစေရေးအတွက်လည်းကောင်း၊ ပြည်သူလူထုအနေဖြင့် ကျန်းမာကြံ့ခိုင်ရေး၊ရောဂါကြိုတင်ကာကွယ်ရေး၊သက်တမ်းစေ့နေထိုင်ရေးတို့အတွက် ကိုယ်လက်လှုပ်ရှားမှုကို နေ့စဉ်ပြုလုပ်သော အလေ့အကျင့်ရှိစေရန် ရည်ရွယ်၍ (ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာ)ပြိုင်ပွဲအား ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်သူများအနေဖြင့် အောက်ပါအချက်များပါဝင်အောင် ရေးသားယှဉ်ပြိုင်ကြရမည်-

- ကိုယ်လက်လှုပ်ရှားခြင်းဖြင့် လူအများတွင် ဖြစ်ပွားမှု အများဆုံးဖြစ်သော မကူးစက်သောရောဂါများကင်းဝေးမှုကို ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် လည်းကောင်း၊
- ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲဆိုးကျိုးများကို သိရှိစေရန်လည်းကောင်း၊
- ကျန်းမာကြံ့ခိုင်လာသည်နှင့်အမျှ ဆေးကုသခြင်းကင်းဝေး၍ စရိတ်သက်သာပြီး ပျော်ရွှင်ချမ်းမြေ့သောမိသားစုဘဝ ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိစေရန် လည်းကောင်း၊
- အားကစားနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းသည် အနာဂတ်ဘဝတွင် ပိုမိုကျန်းမာပျော်ရွှင်သော လူသားတစ်ဦးအဖြစ် ရရှိစေရန် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်ကြောင်း သိရှိစေရန်လည်းကောင်း၊
- အသက်အရွယ်မရွေး၊ ကျား/မ မရွေး၊ လူနေမှုအဆင့်အတန်းမရွေး ကိုယ်လက်လှုပ်ရှားမှုများ ဆောင်ရွက်နိုင်စေရေးအတွက် အားကစားစီမံကိန်းများ ချမှတ်၍ စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်နိုင်ရန်အတွက်လည်းကောင်း၊
- ကိုယ်လက်လှုပ်ရှားခြင်းမှတစ်ဆင့် အားကစားအောင်မြင်မှုရရှိအောင် ကြိုးစားခြင်းသည် နိုင်ငံတစ်ခု၏ဂုဏ်၊ လူမျိုးတစ်မျိုး၏ သိက္ခာဖြစ်ကြောင်း၊ အားကစားလုပ်ငန်းစဉ်များနှင့် အားကစားပြိုင်ပွဲများသည် နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုကြောင်းကို လည်းကောင်း၊
- အားကစားအောင်မြင်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေကြောင်း၊ အားကစားပြိုင်ပွဲများ အောင်မြင်မှုရရှိရေးအတွက် အားကစားစိတ်ဓာတ်သည် အရေးပါကြောင်းကိုလည်းကောင်း၊
- မြန်မာ့အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်သင့်သည့် အကြံပြုတင်ပြချက်များကိုလည်းကောင်း၊
- အားကစားနှင့်ပညာရေးပေါင်းစပ်ဆောင်ရွက်ရမည့် အခြေအနေများကို လည်းကောင်း၊ အမျိုးသားအားကစား အဆင့်အတန်း တိုးတက်မြင့်မားရေး အတွက် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့်အတူ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်းကိုလည်းကောင်း ပါဝင်အောင် ရေးသားနိုင်ရမည်။

ဆောင်းပါးပြိုင်ပွဲအတွက် အောက်ပါခေါင်းစဉ်များနှင့် ယှဉ်ပြိုင်သွားရမည်ဖြစ်ပြီး ဝတ္ထုတိုနှင့် ကဗျာများအား ကြိုက်နှစ်သက်ရာခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်ပါသည်-

(၁) တစ်မျိုးသားလုံးကျန်းမာရေး လူထုအားကစားမြှင့်တင်ပေး
(၂) နိုင်ငံအားကစားမြှင့်တင်ရန် လူထုအားကစားကို အခြေခံ
(၃) လူထုအားကစားလ "ဒီဇင်ဘာ"တက်ကြွပျော်ရွှင်စွာဆင်နွှဲပါ
(၄) မျိုးဆက်သစ်များ ကြံ့ခိုင်ရေး ကိုယ်လက်လှုပ်ရှားကစားပေး
(၅) ကျန်းမာစေကြောင်း နည်းလမ်းကောင်း စုပေါင်းဆင်နွှဲလူထု လမ်းလျှောက်ပွဲ
(၆) မူးယစ်ဆေးဝါးပပျောက်ရေး အားကစားနှင့်ကုစားပေး
(၇) ကျန်းမာရေးမှ ကြံ့ခိုင်ရေး လူထုအားကစားအစဉ်အလေးပေး
(၈) ကျန်းမာကြံ့ခိုင်စေဖို့ရာ ကိုယ်လက်လှုပ်ရှားကစားပါ
(၉) ရောဂါကင်းဝေးကျန်းမာဖို့ နေ့စဉ်လမ်းလျှောက်ကြပါစို့
(၁၀) ရောဂါကင်းဝေးကျန်းမာရေး ကိုယ်လက်လှုပ်ရှားကစားပေး

ဆောင်းပါးပြိုင်ပွဲအတွက် Microsoft Word Software ဖြင့် Unicode Pyidaungsu, Font Size (13)အရွယ်အစားဖြင့် A4 စာမျက်နှာ(၇)မျက်နှာထက်မနည်း၊ (၈)မျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် Microsoft Word Software ဖြင့် Unicode Pyidaungsu, Font Size(13)အရွယ်အစားဖြင့် A4 စာမျက်နှာ(၁၀)မျက်နှာထက်မနည်း၊ (၁၁)မျက်နှာထက်မများ၊ ကဗျာပြိုင်ပွဲအတွက် Microsoft Word Software ဖြင့် Unicode Pyidaungsu, Font Size (13)အရွယ်အစားဖြင့် A4 စာမျက်နှာ(၄)မျက်နှာ ထက်မနည်း၊ (၅)မျက်နှာထက်မများ ရေးသားယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ၁၀"x၁၄"အရွယ်ဖြင့် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်ပြီး ဓာတ်ပုံခေါင်းစဉ် ဖော်ပြရမည်။ ယခင်နှစ်များက ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုနှင့် အထူးဆုရရှိပြီးသော ဓာတ်ပုံများအား ပေးပို့ယှဉ်ပြိုင်ခြင်းမပြုကြောင်းနှင့် စိစစ်တွေ့ရှိရပါက ဆုရစာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်စာမူနှင့် ဓာတ်ပုံများအား အရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။

အထက်ဖော်ပြပါ ပြိုင်ပွဲဝင် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများနှင့် ဓာတ်ပုံများကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၅ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး၊ လူထုအားကစားနှင့်ပညာပေးဌာနခွဲ၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း Social Zone၊ နေပြည်တော်သို့လိပ်မူကာ ပေးပို့ကြရန်နှင့် စာမူနှင့်အတူ လိုင်စင်ဓာတ်ပုံ (၂)ပုံ၊ ပေါ်လွင်ထင်ရှားသော နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူမှန်(၁)စောင်၊ ကိုယ်တိုင်ရေးသားကြောင်း၊ ဝန်ခံချက်(၁)စောင်တို့ ပါရှိရမည်ဖြစ်ပြီး ရေးသားယှဉ်ပြိုင်ထားသည့် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့်ဓာတ်ပုံ)များအား ထည့်သွင်းထားသည့် Soft Copy(၁) ချပ်နှင့် Hard Copy(၁)စုံတို့ကိုလည်း ပူးတွဲပေးပို့ကြပါရန် ဖြစ်သည်။

ပြိုင်ပွဲတွင် လက်ခံရရှိသော စာမူများနှင့် ဓာတ်ပုံများအနက် ဆုရရှိသည့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲများအတွက် ပထမဆုအား ကျပ်(၁၀)သိန်း၊ ဒုတိယဆုအား ကျပ်(၈)သိန်း၊ တတိယဆုအား ကျပ်(၆)သိန်းနှင့် နှစ်သိမ့်ဆုအား ကျပ်(၅)သိန်း အသီးသီးဆုချီးမြှင့်သွားမည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် ဆုရစာမူများအား နေ့စဉ်ထုတ် သတင်းစာများ၊ ဌာနမှထုတ်ဝေသည့် လစဉ်ထုတ် Sports Magazine ၊ သတင်းလွှာနှင့် အားကစားဂျာနယ်များတွင် ဂုဏ်ပြုဖော်ပြသွားမည်ဖြစ်ရာ စာမူပေးပို့ရန် သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော စာမူများ၊ ဓာတ်ပုံများ၊ သတ်မှတ်ထားသည့် စာရွက်စာတမ်း၊ အထောက်အထားမပြည့်စုံသော စာမူများနှင့် ဓာတ်ပုံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၉-၂၀၀၂၁၉၆၊ ၀၉-၆၈၀၁၁၅၃၄၁၊ ၀၆၇-၈၁၀၄၃၃၅ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆) လဘတ်ဂျက်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့်ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | အရေအတွက် |
|---|---|---|
| ၁ | (က) ပုဗ္ဗသီရိအမှိုက်ကွင်းတွင် လုံခြုံရေးဂိတ်တဲ (Steel Structure)ဆောက်လုပ်ခြင်း (၈'x၈'x၁၀') | ၁ လုံး |
| | (ခ) ပုဗ္ဗသီရိအမှိုက်ကွင်းတွင် အမှိုက်သိမ်းယာဉ်များ ရေဆေးရန် ရေဆေးခုံ၊ Ground Tank ၊ ပိုက်လိုင်းသွယ်တန်းခြင်းနှင့် လျှပ်စစ်မီးသွယ်တန်းခြင်း- | |
| | (၁) ရေဆေးခုံ(၈၄'x၄၀') | တစ်ခု |
| | (၂) Ground Tank (၁၀'x၁၀'x၅') | တစ်ကန် |
| | (၃) 2" 0 ပိုက်လိုင်းသွယ်တန်းခြင်း(၆၀၀') | ၆၀၀' |
| | (၄) 0.4 KV လျှပ်စစ်မီးသွယ်တန်းခြင်း(၆၀၀') | ၆၀၀' |
| | (ဂ) ပုဗ္ဗသီရိအမှိုက်ကွင်းမျက်နှာစာတွင် ၁'ထု အုတ်ခုံ၊ (၅"x၅")ကွန်ကရစ်၊ ခုံတုံး ၁'ထုအပါ ၆' အမြင့်ဖြင့် Chain Link ခြံစည်းရိုးကာရံခြင်း၊ (၁၂၀၀'x၆')နှင့် R.C.C Column တိုင်၊ Iron grill slide Door ဖြင့် ဂိတ်တံခါး(၁)ခု ပြုလုပ်ခြင်း (၁၈'x၅'၆") | ၁၂၀၀' |
| | (ဃ) ပုဗ္ဗသီရိအမှိုက်ကွင်းအဝင်လမ်း ကျောက်ချောခင်းခြင်း (၇၀၀'x၁၂'x၁'၁")နှင့် ပတ်လမ်းရိစာခင်းခြင်း (၂၈၀၀'x၁၈'x၁') | ၇၀၀'၊ ၂၈၀၀' |
| | (င) ပုဗ္ဗသီရိအမှိုက်ကွင်းတွင် အဝင်လမ်း Box Culvert (၁)စင်း ဆောက်လုပ်ခြင်း(၃၆'x၃'x၃')(အုတ်စီနံရံ ပြုလုပ်ခြင်းနှင့် Slab ၉" ထုခင်းခြင်း) | တစ်စင်း |

၂။ တင်ဒါပုံစံထုတ်ပေးမည့်ရက်၊ တင်ဒါပိတ်မည့်ရက်နှင့် တင်ဒါပေးသွင်းရမည့်နေရာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၁-၁၁-၂၀၂၁ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၁၅-၁၁-၂၀၂၁ ရက်၊ ၁၆:၀၀ နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန နေပြည်တော် စည်ပင်သာယာရေး ကော်မတီ

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်းစည်းကမ်း အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-

**စုံစမ်းရန်နေရာ/ဌာန** - **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၃၄၁၄၅၂၅

**တင်ဒါကော်မတီ**

## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(လားရှိုး) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(လားရှိုး)မှ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမည် |
|---|---|
| ၁ | (၃)ထပ်စာသင်ဆောင် (၁၉၂'x၃၈')RC Building (ရေ/မီး/မိလ္လာ/Apron & Drain အပါအဝင်)တစ်လုံး တည်ဆောက်ခြင်းလုပ်ငန်း |
| ၂ | အုတ်ခြံစည်းရိုးကာရံခြင်း(၉၅၅၀ ပေ)အမြင့် (၆ ပေ ၆ လက်မ)RC Post & RC Ground Beam |
| ၃ | Transformer ၃၁၅ KVA ၁၁/၀.၄ KV တပ်ဆင်ခြင်းလုပ်ငန်း(၄၀၀ V Main Distribution Panel with change over switch, Two poles intake structure Capacitor Bank, 230 KVA auto voltage stabili zer acsr/abc cival and under cable) 11 KV line ၁၀၀၀ ပေ ခန့်ဆွဲခြင်း အပါအဝင် |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂-၁၁-၂၀၂၁ ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** - ၁-၁၂-၂၀၂၁ ရက် ၁၆:၃၀ နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ဘဏ္ဍာဌာန၊ နည်းပညာတက္ကသိုလ်(လားရှိုး)

၃။ တင်ဒါဖွင့်မည့်ရက်/အချိန်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ဥက္ကဋ္ဌ၊ တင်ဒါရွေးချယ်ရေးနှင့် စိစစ်ရေးကော်မတီ၊ နည်းပညာတက္ကသိုလ်(လားရှိုး)သို့ လိပ်မူ၍ တင်သွင်းရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၅၂၆၂၆၂၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ နယ်မြေ(၄)၊ အကွက်အမှတ်(၇၅/မြို့ဝမ်ကွက်)၊ ဦးပိုင်အမှတ်(၁၁/က)၊ မြေဧရိယာ ၀ ဒသမ ၀၃၂ ဧကရှိမြေကွက်နှင့် နေအိမ်ကို အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ဆိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးစိုင်းအုန်းခေါင် ၁၃/လရန(နိုင်)၀၇၉၄၉၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ် စရန်ပေးကတိစာချုပ်အရ စရန်ငွေအချို့ ပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ယနေ့မှ(၇)ရက်အတွင်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကြည်လွင်သိန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၉၅/၈၈)**
**အမှတ်(၄)၊ မြင့်မိုရ်လမ်း၊ နယ်မြေ(၄)၊ ရပ်ကွက်(၁)၊ လားရှိုးမြို့**
**ဖုန်း-၀၉-၄၅၀၀၆၄၃၅၉**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဃ/၆၆၅၅ယာဉ်လက်ဝယ်ရှိသူ ဦးဗထူး ၁၀/မဒန(နိုင်) ၁၁၁၀၀၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၁-၂၀၂၂၊ ဘဏ္ဍာရေးနှစ် (၆လမီနီဘတ်ဂျက်)အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းတစ်မျိုးချင်းစီအတွက် ဈေးနှုန်းကမ်းလှမ်းလွှာများကို တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1 . | Diesel Oil, Premium Diesel Oil& Octane-92 (၂၀၂၁ခုနှစ် ဒီဇင်ဘာလအတွက်) | ၃ မျိုး |
| 2. | Marine Paints | 1 Lot |
| 3. | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | 6 Items |
| 4. | 11NM LED Solar Lantern | 3 Sets |
| 5. | 10KVA UPS | 1 No |
| 6. | Walkie Talkie | 2 Items |
| 7. | M.S Welding Electrode | 1.75 M/Ton |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃-၁၁-၂၀၂၁ရက်၊ ရုံးချိန်အတွင်း (အမှတ်စဉ်(၁)မှ(၂)အထိ)
၃-၁၁-၂၀၂၁ရက်၊ ရုံးချိန်အတွင်း (အမှတ်စဉ်(၃)မှ (၇)အထိ)

၃။ **တင်ဒါပုံစံအရောင်းပိတ်မည့် ရက်နှင့်အချိန်** - အမှတ်စဉ်(၁)မှ(၂)အထိ ၁-၁၂-၂၀၂၁ရက် ၊ ၁၃:၀၀နာရီ
အမှတ်စဉ်(၃)မှ(၇)အထိ ၁၆-၁၁-၂၀၂၁ရက်၊ ၁၃:၀၀နာရီ

၄။ **တင်ဒါဈေးနှုန်းတင်သွင်းလွှာ ဖွင့်ဖောက်မည့်ရက်နှင့်အချိန်** - အမှတ်စဉ်(၁)မှ(၂)အထိ ၃-၁၂-၂၀၂၁ရက်၊ ၁၃:၀၀နာရီ
အမှတ်စဉ်(၃)မှ (၇)အထိ ၁၉-၁၁-၂၀၂၁ရက်၊ ၁၃:၀၀နာရီ

၅။ **တင်ဒါပွဲကျင်းပမည့်နေရာ** - မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ရုံးချုပ် ပထမထပ်၊ သင်တန်းခန်းမ

၆။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်းသစ်(ဗိုလ်တထောင်ဘုရား အနောက်ဘက်၊ Toll Gateအနီး)ဗိုလ်တထောင်မြို့နယ်တွင် အထက်ဖော်ပြပါရက်များတွင် ဆက်သွယ်ဝယ်ယူနိုင်ပြီး သိရှိလိုသောအချက်များရှိပါက ဖုန်း -၀၁-၈၆၁၀၂၃၀ နှင့် ၀၁-၈၆၁၀၂၃၂ တို့သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## လေလံကြော်ငြာ

၁။ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ ဖမ်းဆီးရမိပြီး လားရှိုးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် အထွေထွေလူသုံးကုန်ပစ္စည်းများအား အောက်ဖော်ပြပါအတိုင်း လေလံတင်ရောင်းချသွားပါမည်-

(က) **လေလံတင်ရောင်းချမည့်ရက်စွဲ** - ၁၁-၁၁-၂၀၂၁ရက် (ကြာသပတေးနေ့)
(ခ) **လေလံတင်ရောင်းချမည့်အချိန်** - နံနက် ၁၀:၀၀နာရီ
